ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပထမနှစ် ၊ ပထမစာသင်နှစ်ဝက်

# EDU1109

# သင်ရိုးညွှန်းတမ်း နှင့် သင်ပြနည်းဆိုင်ရာ လေ့လာမှုများ - စာရိတ္တနှင့် ပြည်သူ့နီတိ

ဆရာလမ်းညွှန်

# နိဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် 'အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း' (NESP) ၂၀၁၆-၂၀၂၁ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ငန်းခွင်အကြို ဆရာအတတ်သင်ပညာရေး ပြုပြင်ပြောင်းလဲမှုနှင့်အညီ လေးနှစ်သင် ပညာရေးကောလိပ်သင်ရိုးညွှန်းတမ်းကို ရေးဆွဲပြုစုခဲ့ပါသည်။

မြန်မာနိုင်ငံပညာရေးကောလိပ်သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင်ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှု ရှိစေရန်နှင့် ပညာရေးကောလိပ် ကျောင်းသားများအား မြန်မာနိုင်ငံမူလတန်းနှင့် အလယ်တန်းကျောင်းစာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားနိုင်ရန် လိုအပ်သောတတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦးအနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့် ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံသင်ရိုးညွှန်းတမ်းချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ပညာရေးကောလိပ်ကျောင်းသားများသည် မိမိတို့သိထားပြီးသောအယူအဆသဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန်အလှန်လှန်လေ့လာကြရမည်ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ပညာရေးကောလိပ်ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်းကျယ်ပြန့် လာမည်ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင်ပညာရေးကောလိပ်သင်ရိုးကို အပိုင်း ၂ ခုဖြင့် ပိုင်းခြား သတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ်နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆသဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ်နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည်ဖြစ်သည်။ သို့မှသာ ပညာရေးကောလိပ် ကျောင်းသားများသည် မိမိတို့သင်ယူခဲ့ပြီးသော အယူအဆသဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင်

စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်းလုပ်ဆောင်လေ့ရှိသည်များကို မိမိတို့အတန်းဖော်များနှင့် ပြန်လည်ဝေမျှ ပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သောအပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။ ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သောကိုးကားမှု၊ လက်တွေ့ အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ်မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာသီအိုရီများကို နားလည်သဘောပေါက် စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်း သည် ဘာသာရပ်ဆိုင်ရာ အသိပညာများကိုသာ အလေးပေးခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ အသက် အရွယ်အုပ်စုအလိုက် သင်ကြားသင်ယူမှုအခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေ သဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သောကျွမ်းကျင်မှုနှင့် စိတ်နေ သဘောထား များကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများ ဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency-based Curriculum) ဟု ခေါ်ဆိုပါသည်။
သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကိုဗဟိုပြုပြီး ကျောင်းသား များ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသောလိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှု ရှိသည်။ အယူအဆသဘောတရားသစ်များကို လေ့လာသင်ယူသည့်အခါတွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါ အတိုင်းပြန်လည် သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း)နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည် ဆန်းစစ်အကဲဖြတ်ခြင်း)

ပညာရေးကောလိပ်တွင် ပညာသင်ယူပြီးမြောက်ပြီးအချိန်တွင်လည်း ပညာရေးကောလိပ် ဘွဲ့ရ ကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ - အသုံးချ - ပြန်လည်သုံးသပ်ဟူသည့် စက်ဝန်း သံသရာ (cycle of learn-apply-reflect)ကို မိမိတို့၏ သင်ကြားပို့ချရာတွင် အသုံးချခြင်းအားဖြင့် အနာဂတ်မြန်မာ မျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံ ပညာရေးကောလိပ်သင်ရိုးညွှန်းတမ်းကို ပညာရေးဝန်ကြီးဌာနက ရွေးချယ်ခန့်အပ်ထားသော ပညာရေးကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာရေးတက္ကသိုလ်များနှင့် ပြည်ထောင်စု တိုင်းရင်းသား ဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ တတ်သိပညာရှင်များပါဝင်သော သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့က ရေးဆွဲပြုစု ထားသည်။ ထို့အပြင် မြန်မာပြည်တွင်းမှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာကျွမ်းကျင်သူများလည်း ပါဝင်ရေးဆွဲကြသည်။ ဤလုပ်ငန်းစဉ်တစ်ရပ်လုံးကို ပညာရေး ဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနက အကြံပေးလမ်းညွှန်မှုပြုပါသည်။

ဤသင်ရိုးညွှန်းတမ်းပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို- UNESCO) ၏ 'မြန်မာနိုင်ငံလုပ်ငန်းခွင်အကြို ဆရာအတတ်ပညာအရည်အသွေးတိုးမြှင့်ရေး (Strengthening Pre-service Teacher Education in Myanmar) စီမံချက်'မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်းရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့များကို ဩစတြေးလျအစိုးရ၊ ဖင်လန်အစိုးရနှင့် ယူကေအစိုးရများကလည်း ပေးအပ်ထားပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency) အဖွဲ့နှင့်အတူ မူလတန်းအဆင့်သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ကလည်း အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးအဖွဲ့ (CREATE Project) စီမံချက်မှတစ်ဆင့် မူကြမ်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် အစဉ်တစိုက်ပံ့ပိုးကူညီခဲ့သည်။

# မာတိကာ

နိဒါန်း ........ က
မာတိကာ ........ ဃ
ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။ ........ ၁
အခန်း ၁။ စာရိတ္တနှင့် ပြည်သူ့နီတိမိတ်ဆက် ........ ၄၅
၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိဆိုသည်မှာ အဘယ်နည်း။ ........ ၄၇
၁.၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိ ပညာရေး၏ သဘာဝကို မိတ်ဆက်ခြင်း။ ........ ၄၈
၁.၂။ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရခြင်း၏ ရည်ရွယ်ချက် ........ ၅၈
၁.၂.၁။ မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၏ ရည်ရွယ်ချက်။ ........ ၅၉
၁.၂.၂။ ပညာရေးကောလိပ် စာရိတ္တနှင့်ပြည်သူ့နီတိသင်ရိုးကို ချိုင့်သုံးသပ်ချက် ........ ၇၀
၁.၃။ အခြေခံ ပညာသင်ရိုးကို သိခြင်း ........ ၇၈
၁.၃.၁။ မူလတန်း စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း ........ ၇၈
၁.၃.၂။ မူလတန်း စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားသင်ယူမှု အဆင့်သုံးဆင့် ........ ၈၆
အခန်းဆုံးအနှစ်ချုပ် ........ ၉၅
အဓိကအချက်များ ........ ၉၅
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........ ၉၇
ဆက်လက်ဖတ်မှတ်စရာများ ........ ၉၈
အခန်း ၂။ လူမှုရေးကျင့်ဝတ် ........ ၁၀၁
၂.၁။ လူမှုရေးကျင့်ဝတ်၏ အဓိကဆိုလိုရင်းအချက်များ။ ........ ၁၀၂
၂.၁.၁။ လူမှုရေးကျင့်ဝတ်ကို မိတ်ဆက်ခြင်း။ ........ ၁၀၂
၂.၂။ ကျောင်းပတ်ဝန်းကျင်တွင် အပြန်အလှန်လေးစားခြင်း။ ........ ၁၀၉
၂.၂.၁။ အပြန်အလှန် လေးစားမှုရှိသော ကျောင်းဝန်းကျင်အခြေအနေကို ဖန်တီးခြင်း။ ........ ၁၀၉
၂.၃။ မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှုနှင့် ထောက်ထားညှာတာမှု ........ ၁၁၆
၂.၃.၁။ မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှုနှင့် ထောက်ထားညှာတာမှုများကို နားလည်သဘောပေါက်ခြင်း ........ ၁၁၆

၂.၄။ ထိရောက်မှုရှိပြီး ယဉ်ကျေးသော ဆက်သွယ်ပြောဆိုမှု ..... ၁၂၄
၂.၄.၁။ ထိရောက်သော ဆက်သွယ်ပြောဆိုမှုနှင့် ယဉ်ကျေးသော အပြုအမူများကို နားလည်သိရှိခြင်း ..... ၁၂၄
၂.၅။ မူလတန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် သင်ကြားမှု၊ သင်ယူမှု နည်းလမ်းများ ..... ၁၃၂
၂.၅.၁။ သင်ကြားမှု၊သင်ယူမှု နည်းလမ်းသုံးမျိုး။ ..... ၁၃၄
အခန်းဆုံးအနှစ်ချုပ် ..... ၁၄၆
အဓိကအချက်များ ..... ၁၄၆
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ..... ၁၄၈
ဆက်လက်ဖတ်မှတ်စရာများ ..... ၁၅၀
ခက်ဆစ်အဘိဓာန် ..... ၁၅၂
ကျမ်းကိုးစာရင်း ..... ၁၅၄
နောက်ဆက်တွဲများ ..... ၁၅၈
လက်ကမ်းစာစောင် (၁) (သင်ခန်းစာ ၁.၁.၁။) ..... ၁၅၉
လက်ကမ်းစာစောင် (၂) (သင်ခန်းစာ ၁.၃.၂။) ..... ၁၆၀
လက်ကမ်းစာစောင် (၃) (သင်ခန်းစာ ၂.၁.၁။) ..... ၁၆၂

# ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။

## စာရိတ္တနှင့် ပြည်သူ့နီတိ ဆရာလမ်းညွှန်ကို မည်သူအသုံးပြုမည်နည်း။

ဤဆရာလမ်းညွှန်သည် ပညာရေးကောလိပ် ပထမနှစ် ကျောင်းသား[၁]များ စာရိတ္တနှင့် ပြည်သူ့နီတိ ကျောင်းသားကိုင်စာအုပ်ကို သင်ယူရာတွင် ကူညီလမ်းပြပေးမည့် ဆရာ[၂]များအတွက် စီစဉ်ရေးသား ပြုစုထားသောစာအုပ် ဖြစ်ပါသည်။ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရာတွင် ကျောင်းသားကိုင် စာအုပ်နှင့်တွဲ၍ ဤဆရာလမ်းညွှန်ကို တွဲဖက်အသုံးပြုရမည်ဖြစ်ပါသည်။ ကျောင်းသားကိုင် စာအုပ်၏ အခန်းများနှင့် သင်ခန်းစာတစ်ခုချင်းစီအတွက် သင်ယူမှုရလဒ်များ အောင်မြင်ပေါက် မြောက်စေရန် ဤဆရာလမ်းညွှန်တွင် ကျောင်းသားများအား ညွှန်ကြားရမည့် အချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစွာ ဖော်ပြထားပါသည်။

## စာရိတ္တနှင့် ပြည်သူ့နီတိ မည်သည့်အချိန်၊ မည်သည့်နေရာတွင် သင်ယူရမည်နည်း။

လေးနှစ်သင်ပညာရေး ကောလိပ်သင်ရိုးတွင် တစ်နှစ်လျှင် စာရိတ္တနှင့် ပြည်သူ့နီတိအတွက် စာသင်ချိန် ၂၄ ချိန် ခွဲဝေ သတ်မှတ်ထားပါသည်။ အတန်းများကို သင်၏ ပညာရေးကောလိပ်တွင် ပို့ချပါမည်။

## ပထမနှစ် စာရိတ္တနှင့် ပြည်သူ့နီတိ ဆရာလမ်းညွှန်တွင် မည်သည့်အရာများပါဝင်သနည်း။

ဤဆရာလမ်းညွှန် ဖွဲ့စည်းပုံနှင့် ပါဝင်သော အကြောင်းအရာများသည် လေးနှစ်သင်ပညာရေး ကောလိပ်၏ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးမာတိကာနှင့်အညီ ဖြစ်ပါသည်။

---

[၁] ဤဆရာလမ်းညွှန်တွင်ဖော်ပြထားသော ကျောင်းသားသည် ပညာရေးကောလိပ်ကျောင်းသားများကို ရည်ညွှန်းပါသည်။
[၂] ဤဆရာလမ်းညွှန်တွင်ဖော်ပြထားသော ဆရာသည် ပညာရေးကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

ပညာရေးကောလိပ် ပထမနှစ် စာရိတ္တနှင့်ပြည်သူ့နီတိ ဆရာလမ်းညွှန်တွင် အောက်ပါအခန်းများ ပါဝင်သည်။

- စာရိတ္တနှင့် ပြည်သူ့နီတိကို မိတ်ဆက်ပေးခြင်း
- လူမှုရေး ကျင့်ဝတ်
- ရပိုင်ခွင့်နှင့်တာဝန်များ
- စည်းကမ်း
- ငြိမ်းချမ်းစွာနေထိုင်ခြင်း
- စစ်ဆေးအကဲဖြတ်ခြင်း

ဤဆရာလမ်းညွှန်သည် ကျောင်းသားကိုင်စာအုပ်နှင့် ဖွဲ့စည်းပုံ တူညီပါသည်။ အခန်းတစ်ခန်းချင်းစီနှင့် သင်ခန်းစာတိုင်းတွင် မျှော်မှန်းထားသော သင်ယူမှုရလဒ်များ ပါရှိပါသည်။ ဤသည်မှာ အခန်းအဆုံး၌ ကျောင်းသားများ သိသင့်သောအရာ၊ လုပ်ဆောင်နိုင်သင့်သော အရာများကို မျှော်မှန်းထားသည်များ ဖြစ်ပါသည်။

## သင်ခန်းစာ တစ်ခုချင်းစီအတွက် ဆရာလမ်းညွှန်တွင် ပါဝင်သည်မှာ -

**ရရှိသွားမည့်တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF)သည် ဆရာများတတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။

**အချိန်။** စာသင်ချိန် စုစုပေါင်းဖြစ်ပြီး သင်ရိုးညွှန်းတမ်းအရ သင်ခန်းစာများအတွက် ခွဲဝေသတ်မှတ်ထားသော မိနစ် (၅၀) စာသင်ချိန် များဖြစ်ပါသည်။

**သင်ယူမှုနည်းလမ်းများ။** သင်ခန်းစာတစ်ခုအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများတွင် အသုံးပြုသော သင်ယူမှုနည်းလမ်းများကို ခြုံငုံဖော်ပြခြင်းဖြစ်သည်။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ဘာသာရပ်ဆိုင်ရာ ဗဟုသုတရင်းမြစ်များအတွက် မှီငြမ်းစာအုပ်များ၊ နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ အခြားသော ဘာသာရပ်များနှင့် ဆက်နွယ်မှု၊ စာသင်ခန်းဖွဲ့စည်းပုံ ၊ အချိန်စီမံခန့်ခွဲမှုနှင့် မျှော်မှန်းထားသော အဖြေများအတွက် မှီငြမ်းချက်များ ပါဝင်ပါသည်။

**လိုအပ်သောရင်းမြစ်များ။** ပုံနှိပ်ထားသော ကြားခံဆက်စပ်စာရွက်များ (printed media)၊ စာရွက်ကြီးများ၊ ရောင်စုံစာရွက်များ၊ မာကာပင်များ၊ URL ဝက်ဘ်လင့်များ၊ ဗွီဒီယိုများ၊ အကုန်အကျနည်းသော/လုံးဝ ကုန်ကျစရိတ်မရှိသောရင်းမြစ်များ၊ လက်တွေ့လုပ်ဆောင်နိုင်သော ပစ္စည်းကိရိယာများ။

**သင်ယူမှုလုပ်ငန်းများ။** သင်ခန်းစာတိုင်းတွင် သတ်မှတ်ထားသော အချိန်အတွင်း မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများရရှိရန် အထောက်အကူပြုသော အကြံပြုထားသည့် သင်ယူမှုလုပ်ငန်းများ ပါဝင်ပါသည်။ သင်ခန်းစာတိုင်းသည် ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသားများ၏ ရှိပြီးအသိပညာ သို့မဟုတ် စိတ်ဝင်စားမှုကို နှိုးဆွပေးသည့်လုပ်ငန်းနှင့် စသင့်သည်။ သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည်

သင်ယူမှုလုပ်ငန်းတွင် တတ်ကျွမ်းမှုအခြေပြုသော ချဉ်းကပ်နည်းများနှင့် ဆီလျော်မှု ရှိသည်။

**ရပ်တန့်ပါ၊ စဉ်းစားပါ။** သင်ကြားသင်ယူမှု ဖြစ်စဉ်အတွင်း သင်ခန်းစာ၏ အဓိကအချက်ကို သေချာစေရန်နှင့် စီစဉ်ထားသည့်အတိုင်း သင်ခန်းစာများ အဆင်ပြေစွာ သင်ကြားသင်ယူနေခြင်းရှိ မရှိစစ်ဆေးရန် သို့မဟုတ် ရှေ့မဆက်မီ အလေးထားရမည့် အချက်များကို ကျောင်းသားများ ထိရောက်စွာသင်ယူခြင်း ရှိ မရှိ သေချာစေရန် "ရပ်တန့်ပါ၊ စဉ်းစားပါ" ကို ညွှန်ကြားချက်အကွက်များ (instruction box) ကို အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။

**စစ်ဆေးအကဲဖြတ်ခြင်း။** စစ်ဆေးအကဲဖြတ်ခြင်းသည် လုပ်ငန်းတစ်ခုချင်းစီ၏ အဆုံးတွင် ရှိသည်။ အောင်မြင်မှုရလဒ်အား အကဲဖြတ်ရန်နှင့် ရှေ့ဆက်သင်ကြားရန်အတွက် လုပ်ငန်းစဉ်တစ်ခုချင်းအပေါ်တွင် သင်ကြားနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း ပုံစံအား အသုံးပြုထားသည်ကို ရှင်းလင်းပြသခြင်း သို့မဟုတ်/ အကျဉ်းချုံး ဖော်ပြထားခြင်းမျိုးဖြစ်သည်။ အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို မည်သို့အသုံးပြုရမည်ဟူသော ညွှန်ကြားချက်များသည် စစ်ဆေးအကဲဖြတ် ချဉ်းကပ်နည်းအတွက် သင်ထောက်ကူသေတ္တာ (Toolbox for assessment approaches) တွင် ပါဝင်ပါသည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ။** သင်ယူမှုလုပ်ငန်း တစ်ခုချင်းစီ၏ စစ်ဆေးအကဲဖြတ်မှုနှင့် ပတ်သက်သည့် ကျောင်းသားများထံမှ ရရှိနိုင်သော တုံ့ပြန်ချက်အဖြေများကို ဤနေရာတွင် စုစည်းဖော်ပြထားပါသည်။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း။** သင်ခန်းစာတစ်ခုလုံးအား ခြုံငုံခြင်းဖြစ်သည်။ သင်ခန်းစာပြီးဆုံးချိန်တွင် သင်ယူမှုရည်ရွယ်ချက်များ၊ ဆရာများအတွက် စံသတ်မှတ်ချက်အညွှန်းဘောင်တွင် ပါဝင်သော ဆရာ့တတ်ကျွမ်းမှုစံများ၊ သင်ယူမှုရလဒ်များအားအနှစ်ချုပ်ပေးပြီး မည်မျှသော အတိုင်းအတာအထိ အောင်မြင်ပြီးမြောက်ကြောင်းသုံးသပ်ခြင်း ဖြစ်သည်။ ဆရာ့တတ်ကျွမ်းမှု စံအညွှန်းကိန်းများသည် သင်ခန်းစာအကြောင်းအရာတွင် မည်သို့ပါဝင်ပတ်သက်နေကြောင်းကို အနှစ်ချုပ်ပေး

သည်။ ကျောင်းသားများအား ၎င်းတို့သည် မည်သည့်အကြောင်းအရာကို မည်သို့ သင်ယူခဲ့ကြကြောင်းကို ရှင်းလင်းတိကျစွာ အသိပေးပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာတစ်ခုချင်းစီတွင် သင်ယူမှုလုပ်ငန်းများကို ဆီလျော် အောင် ပြုပြင်နိုင်ရန်အတွက် အကြံပြုချက်များ ပါဝင်ပါသည်။ ထိုအကြံပြုချက်များသည် သင်ယူတတ်မြောက်လွယ်သော ကျောင်းသားများအတွက် ထပ်ဆောင်းလုပ်ငန်းများ ပေးရန်နှင့် သင်ယူမှုအားနည်းသောကျောင်းသား (သို့မဟုတ်) ကွဲပြားသော သင်ယူမှု လိုအပ်ချက် (different learning needs) ရှိသည့် ကျောင်းသားများကို လိုအပ်ချက် အလိုက် ထပ်ဆောင်းလုပ်ငန်းများပေးရန်အတွက် အကြံပြုချက်များ ပါဝင်ပါသည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ။** အခန်းတစ်ခုပြီးတိုင်း ကျောင်းသားကိုင်စာအုပ်တွင်ပါသော ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ထည့်ပေးထား ပါသည်။ ဤအပိုင်းသည် ကျောင်းသားကိုင်စာအုပ်ပါ မေးခွန်းများကို ဖြေဆိုသော ကျောင်းသားများ၏ အဖြေနှင့် ပတ်သက်ပြီး အတည်ပြုပေးရန် ပညာရေးကောလိပ် ဆရာများကို အသိပညာများ ထောက်ပံ့ပေးပါသည်။ ဤအပိုင်းသည် သင်ခန်းစာ သင်ကြားမှုတွင် ပါဝင်ခြင်းမရှိပါ။

## အခန်းတစ်ခုစီအတွက် ဆရာလမ်းညွှန်တွင်ပါဝင်သော အရာများ-

**အခန်းဆုံးအနှစ်ချုပ်။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အဓိက အချက်များကို အသိပေးဖော်ပြထားခြင်း ဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** ဤအပိုင်းသည် ကျောင်းသားကိုယ်တိုင် လေ့လာသင်ယူခဲ့သည်များမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျောင်းသားကိုင်ပုံနှိပ်တွင် ပါဝင်ပါသည်။ ယင်းအကြောင်းအရာများကို သင့်အားအသိပေးရန် ဤနေရာတွင် ထပ်မံ၍ ဖော်ပြထားပါသည်။ သင်၏တာဝန်မှာ ကျောင်းသားများကို ဤအပိုင်း အားဖတ်ရှုရန် တိုက်တွန်းရန်ဖြစ်ပါသည်။ အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း သည် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခုမဟုတ်ပါ။ ဤအပိုင်းသည် ကျောင်းသားများ အတွက် ပြန်လည်သုံးသပ်ရန်အချက်နှင့် သင်ယူခဲ့သော သင်ခန်းစာ (အခန်း)တွင် သင်ယူမှုနှင့် ဆိုင်သောမေးခွန်းများ ပါဝင်ပါသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သောအခန်းများအလိုက် ဖတ်စရာထပ်ဆောင်း ရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။ သင်ခန်းစာ ခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမိုသိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်) ပညာရေးကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် တွန်းအားပေးနိုင်ပါသည်။

ကျောင်းသားကိုင် စာအုပ်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် မိမိဘာသာမိမိ တစ်ဦးချင်းစီ လေ့လာနိုင်ရေးအတွက် ဦးတည်ရေးဆွဲထားကြောင်း သတိပြုပါ။ တစ်ခါတစ်ရံ ကျောင်းသားကိုင် စာအုပ်မှ တစ်ဦးချင်းသင်ယူမှုလုပ်ငန်းများသည် ဆရာလမ်းညွှန်တွင် အကြမ်းဖျင်းဖော်ပြထားသော သင်ယူမှုလုပ်ငန်းများနှင့် ဆက်စပ်သွားမည်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှု လုပ်ငန်းများကို အိမ်စာအလုပ်အဖြစ် (သို့မဟုတ်) ကျောင်းသားများသည် ၎င်းတို့ ပုံမှန်နှုန်းထား အတိုင်း လုပ်ဆောင်ရန် သင့်အနေဖြင့် တိုက်တွန်းပေးနိုင်ပါသည်။

ဆရာလမ်းညွှန်တွင်ပါဝင်သော သင်ယူမှုလုပ်ငန်းများ အသေးစိတ်သည် သင်ခန်းစာများ စီစဉ်ရေးဆွဲရန်နှင့် ပို့ချရန် အထောက်အကူဖြစ်သော်လည်း ဤလမ်းညွှန်စာအုပ်တွင် ပါဝင်သောညွှန်ကြားချက်များသည် အကြံပြုချက်များသာဖြစ်ပါသည်။ သင်၏စာသင်ခန်းအတွင်းမှ ကျောင်းသားများသည် ခြားနားသော ပင်ကိုယ်စရိုက်လက္ခဏာနှင့် သင်ယူမှုလိုအပ်ချက်များ ရှိပေလိမ့်မည်။ ပညာရေးကောလိပ် ဆရာတစ်ယောက်အနေဖြင့် ကျောင်းသားများ၏ လိုအပ်ချက်၊ စိတ်ပါဝင်စားမှု၊ စွမ်းရည်တို့နှင့် သင့်တော်သော သင်၏ကိုယ်ပိုင် သင်ယူမှုလုပ်ငန်းများကို ပြုစုရန်အားပေးပါသည်။ သင်ခန်းစာများကို လိုအပ်လျှင် လိုအပ်သလို အနည်းအများ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ညှိနှိုင်းမှုများကို လွတ်လပ်စွာ ပြုလုပ်နိုင်ပါသည်။

## တတ်ကျွမ်းမှုအခြေပြုသင်ရိုးညွှန်းတမ်းဆိုသည်မှာ အဘယ်နည်း။

ပညာရေးကောလိပ်ဘာသာရပ်အားလုံး၏ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့သည် တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လိုက်နာသည်။ ဤတတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်နှင့် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်(TCSF)တို့တွင် အခြေခံထားသည်။ တတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုဆိုသည်မှာ ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကိုသာ အလေးပေးသည် မဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးလာပြီး ၎င်းတို့အား တကယ့်လက်တွေ့ဘဝအခြေအနေတွင် ပြန်လည်၍အသုံးချရန် အလေးထားခြင်းဖြစ်သည်။ တတ်ကျွမ်းမှု အခြေပြုသင်ရိုး ညွှန်းတမ်းများသည် သင်ယူသူဗဟိုပြုဖြစ်ပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်း၏ ပြောင်းလဲဖြစ်ပေါ် နေသော လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ကြသည်။

ဆရာအတတ်သင်ပညာရေး၏ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုနှင့် ကိုက်ညီစေရန်အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများကို ဆရာလမ်းညွှန်တွင် ပေါင်းစပ်ထည့်သွင်းထားပါသည်။ [၃]

- **နောက်ခံအခြေအနေနှင့် ဆက်စပ်ပေးခြင်း (Contextualisation)** သင်ယူမှုဆိုင်ရာ အကြောင်းအရာနှင့် သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏ နေ့စဉ်ဘဝအခြေအနေများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် မြန်မာနောက်ခံအခြေအနေပေါ်တွင် အခြေပြုလျက် ပြင်ဆင်ရေးဆွဲထားသည်။

- **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်။ (Flipped classroom)** ဤသင်ကြားနည်းနှင့်ဆိုင်သော အယူအဆ၊ သဘောတရားနှင့် နည်းစနစ်သည် စာသင်ခန်းအတွင်း ဆရာက ဦးဆောင်ပို့ချ သင်ကြားပေးခြင်းအစား ဘာသာရပ်ပါ/မော်ဂျူးပါ အကြောင်းအရာများကို ကျောင်းသားကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း စူးစမ်းလေ့လာခြင်းတို့ကို ဆရာနှင့်အတူပြုလုပ်ရန် အခွင့်အလမ်းများကို ပေးသည်။ ပုံမှန်အားဖြင့် ကျောင်းသားများသည် သင်ကြားချိန်မတိုင်မီ မိမိကိုယ်ပိုင်လေ့လာ သင်ယူမှုနှုန်းဖြင့် ကြိုတင်ဖတ်ရှုထားကြရပါမည်။ စာသင်ချိန်သည် ထိုလေ့လာသင်ယူ ထားသည်များကို ဆရာ၏ပံ့ပိုးကူညီမှုဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်း လုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လေးနက်စွာနားလည် သဘောပေါက်လာကြမည် ဖြစ်သည်။

- **ပူးပေါင်းဆောင်ရွက်သင်ယူခြင်း။** ဤချဉ်းကပ်မှုသည် ကျောင်းသားများအား အုပ်စုအလိုက်ဆောင်ရွက်မှုဖြင့် ပြဿနာအားဖြေရှင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်တာတစ်ခုအား ပြီးမြောက်စေခြင်း ဖြစ်သည်။ သင်ယူနားလည် သဘောပေါက်မှုသည် အတန်းဖော် အချင်းချင်းသော်လည်းကောင်း၊ အွန်လိုင်းပေါ်မှ သော်လည်းကောင်း၊ တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းဆိုင် တက်ကြွစွာ ထိတွေ့ဆက်ဆံ ဆွေးနွေးခြင်းများမှတဆင့် ဖြစ်ပေါ်သည်။ ပူးပေါင်းဆောင်ရွက်သင်ယူခြင်း၏ အဓိက ဝိသေသလက္ခဏာများမှာ - တူညီသော အလုပ် သို့မဟုတ် လုပ်ငန်းတစ်ခုရှိခြင်း၊ အုပ်စုငယ်ဖြင့် လေ့လာသင်ယူခြင်းနှင့် ပူးပေါင်း ဆောင်

[၃] Adapted from the Glossary of Curriculum Terminology (2013), International Bureau of Education (IBE), UNESCO

ရွက်တတ်သောအမူအကျင့်ရှိခြင်းတို့ဖြစ်ပြီး ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မှီခိုဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းစီ၏ တာဝန်ယူမှု တာဝန်ခံမှုရှိရခြင်း - စသည်တို့ ဖြစ်သည်။ [၄]

- **ပြဿနာဖြေရှင်းခြင်း။** ဤအပိုင်းတွင် ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြဿနာ၏ အကြောင်းရင်းခံအား ဆုံးဖြတ်ခြင်း၊ အဖြေတစ်ခု ရရန်အတွက် ဦးစားပေး အစီအစဉ် သတ်မှတ်ခြင်းနှင့် ပြောင်းလဲအသုံးပြုနိုင်သောနည်းလမ်းများ ရွေးချယ်ဖော်ထုတ်ခြင်းနှင့် အဖြေကို အကောင်အထည်ဖော်ဆောင်ခြင်းတို့ ဖြစ်ပါသည်။ ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုအကြောင်းအရာများနှင့် လုပ်ငန်းများသည် ကျောင်းသားများ၏ ပြဿနာ ဖြေရှင်းခြင်း ကျွမ်းကျင်မှုများကို သင့်တော်သလို အသုံးချနိုင်ရန် အခွင့်အလမ်းများကို ပေးထားပါသည်။

## ဘာသာရပ်ရည်ရွယ်ချက်နှင့် ဖော်ပြချက်

ဤဘာသာရပ်သည် ကျောင်းသားများ မြန်မာ့စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်ကို တန်ဖိုးထားမှုနှင့် ရပ်တည်ချက်များကို သရုပ်ပြခြင်းမှတစ်ဆင့် သင်ကြားပေးနိုင်ရန်၊ လိုအပ်သော တတ်ကျွမ်းမှုများကို ကျောင်းသားများသို့ ဖြည့်ဆည်းပြင်ဆင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။ တန်ဖိုးထားမှုနှင့် ရပ်တည် ချက်များကို အခြေခံပညာကျောင်းများ၏ စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်တွင် မြှင့်တင်ပေး ထားပါသည်။ ယင်းတို့သည် ကျွန်တော်တို့နေထိုင်သော ကမ္ဘာကြီးနှင့် အိမ်၊ ကျောင်း၊ လူ့အသိုက် အဝန်း၊ တိုင်းပြည်နှင့် ကမ္ဘာလောကတို့အချင်းချင်း ဆက်စပ်နေမှုတို့ကို ပိုမိုနားလည် သဘောပေါက်စေမည် ဖြစ်ပါသည်။ စာရိတ္တနှင့် ပြည်သူ့နီတိသည် လူမှုရေးနှင့် စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးများနှင့် တာဝန်ယူမှု၊ လူ့အသိုက်အဝန်းပါဝင်ဆက်စပ်မှုနှင့် နိုင်ငံရေး စာတတ်မြောက်ခြင်း (နိုင်ငံရေးကို သိမြင်မှု)တို့ ဖြစ်ပါသည်။ ခြားနားသောကျောင်းသားများ၏ လိုအပ်ချက်များနှင့်အညီ သင်ကြားပေး မှုကို အလိုက်သင့် ပြောင်းလဲပေးနိုင်သောဆရာတစ်ဦး ဖြစ်စေရန်အတွက် ကျောင်းသားများ၏ ရည်မှန်းချက်များ အောင်မြင်ပေါက်မြောက်စေရန် အထောက်အကူပြုပေးသော ဆန်းသစ်တီထွင် သော လုပ်ရပ်များနှင့် ကျောင်းသားသည် ဘာသာရပ်ဆိုင်ရာ ခေါင်းစဉ်၏ ရလဒ်များ မည်ကဲ့သို့ တိုးတက်အောင်မြင်စေမည်ကို သင်ယူနေရန်

[၄] Lejenue’s Collaborative Learning for Educational Achievement (1999)

လိုအပ်ပါသည်။ သူတို့သည် သူတို့၏ သင်ထောက်ကူပစ္စည်းများကို မည်ကဲ့သို့ ဖန်တီးရမည်နှင့် ကျောင်းသားများ၏ အသက်အရွယ်နှင့် ဒေသအခြေအနေနှင့် လိုက်လျောညီထွေရှိသော သင်ကြားမှု၊ သင်ယူမှုပစ္စည်း များကို ဖန်တီးရမည်ကို သိရှိလာမည်ဖြစ်ပါသည်။

## မူလတန်း ကျောင်းသားများကို စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ် သင်ကြားရခြင်း၏ ရည်ရွယ်ချက်

၁။ စာရိတ္တဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည့်စွမ်းရန် မှန်ကန်သော ဆုံးဖြတ်ချက်နှင့် မှန်ကန်သော အပြုအမူကိုရရှိခြင်းဖြင့် သိမြင်နှံ့စပ်၊ တာဝန်ကျေသော နိုင်ငံသားတစ်ဦး ဖြစ်လာစေရန်။

၂။ လူ့အခွင့်အရေး၏ တန်ဖိုးကိုလေးစားစေရန်နှင့် နိုင်ငံသားတစ်ဦး၏ တာဝန်ယူမှုကို သရုပ်ပြသရန်။

၃။ တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန်။

၄။ ဒေသဆိုင်ရာ နိုးကြားအသိရှိမှုသာမက ကမ္ဘာလုံးဆိုင်ရာ ရှုထောင့်များကိုပါ သိမြင်နှံ့စပ်သော နိုင်ငံသားကောင်းများ ဖြစ်စေရန်။

## အခြေခံပညာသင်ရိုးညွှန်းတမ်း ရည်မှန်းချက်များ

ဤဘာသာရပ်သည် ပညာရေးကောလိပ်ကျောင်းသားများကို မြန်မာနိုင်ငံအခြေခံပညာရေး မူလတန်းအဆင့်တွင် သတ်မှတ်ထားသော စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားပေးနိုင်ရန် ပညာရေး ကောလိပ်သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းထားခြင်းဖြစ်ပါသည်။ မူလတန်းပြဆရာများသည် မူလတန်းကျောင်းသားများကို သင်ကြားရာတွင် ခိုင်မာသော ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိသည့် ဆရာကောင်းတစ်ဦး ဖြစ်လာစေရန် မူလတန်း၊ အလယ်တန်းအဆင့်နှင့်အညီ ပညာရေးဆိုင်ရာ သင်ယူမှုများကို ပြုလုပ်ရမည်ဖြစ်ပါသည်။ (ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်း မူဘောင် -၂၀၁၈)။

## ဇယား (က)။ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ် ဆရာများအတွက် အဓိကတတ်ကျွမ်းမှုစံ သတ်မှတ်ချက်များ

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက် | အညွှန်းကိန်း |
|---|---|---|
| (က) ၁။ ကျောင်းသားများ မည့်သို့ သင်ယူသည်ကို သိသည်။ | (က) ၁.၂။ ကျောင်းသားများ ၏ တစ်ဦးချင်း သင်ယူမှု လိုအပ်ချက်နှင့် ကိုက်ညီ မည့် သင်ကြားနည်း အမျိုးမျိုးကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) ၁.၂.၁။ ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေး အတွက် အထူးသင်ယူမှု လိုအပ်ချက်ရှိသော သင်ယူသူများ အပါအဝင် နောက်ခံအကြောင်းအရာ အမျိုးမျိုး (ကျား၊ မ၊ တိုင်းရင်းသား မျိုးနွယ်စု၊ ယဉ်ကျေးမှု)နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်း အမျိုးမျိုးကို ဖော်ထုတ် သတ်မှတ်သည်။<br><br>(က) ၁.၂.၂။ ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များနှင့် ချိတ်ဆက်ဖို့ အထောက်အကူပြုနိုင်ရန် ထိထိမိမိ အလေးထားပြီး ရှေ့နောက်အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။ |
| (က) ၄။ သင်ရိုးညွှန်း တမ်းအကြောင်းသိသည်။ | (က) ၄.၁။ အခြေခံပညာ သင်ရိုး ညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုး ဖွဲ့စည်းပုံ၊ အကြောင်း အရာနှင့် မျှော်မှန်းထား သော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက် ကြောင်း ပြသသည်။ | (က) ၄.၁.၁။ အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိ သညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက် | အညွှန်းကိန်း |
|---|---|---|
| (ခ) ၁။ သင်ကြားမှု နည်းဗျူဟာ အမျိုးမျိုးကို သုံး၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာများကို သင်ကြားသည်။ | (ခ) ၁.၂။ သင်ကြား၊ သင်ယူမှုတွင် ပညာရေး ဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ခ) ၁.၂.၁။ အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့ အတွက်သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှုနည်းဗျူဟာများကို အသုံးပြုသည်။ |
| | (ခ) ၁.၃။ ကျောင်းသားများ ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံတို့နှင့် ကိုက်ညီသော သင်ပြမှုပုံစံ ကို ကောင်းမွန်စွာ ရေးဆွဲ ပြင်ဆင်နိုင်ကြောင်း ပြသည်။ | (ခ) ၁.၃.၁။ စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။<br><br>(ခ) ၁.၃.၂။ ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏ သင်ယူလို စိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်း အရာများကို သင်ယူမှု အသစ်များနှင့် ချိတ်ဆက်နိုင် ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။<br><br>(ခ) ၁.၃.၃။ ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး၊ သင်ယူမှု နယ်ပယ်များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ် တကျရှိသော၊ ထိထိမိမိအလေးထားသော သင်ယူမှု အတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။ |
| (ခ) ၂။ ကျောင်းသားများ ၏ သင်ယူမှုကို စစ်ဆေး အကဲဖြတ်ခြင်း၊ လေ့လာ ကြီးကြပ်ခြင်းနှင့် အစီ ရင်ခံခြင်း။ | (ခ) ၂.၁။ ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီး ကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) (၂.၁.၁)ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက် အောင်မြင်ရန် အထောက်အကူ ပေးရန် အတွက် သင်ခန်းစာ၏အ စိတ်အပိုင်းတစ်ခုအနေဖြင့် စစ်ဆေးအကဲဖြတ်နည်းများကို သုံးသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက် | အညွှန်းကိန်း |
|---|---|---|
| | (ခ) ၂.၂။ စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း (အသေးစိတ်) ထားရှိပြီး၊ ထိုစစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များကို ကျောင်းသားများ သင်ယူမှုတိုးတက်ရေး အတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်ကြောင်း ပြသည်။ | (ခ) ၂.၂.၁။ ကျောင်းသားများ၏ သင်ယူဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို တိကျမှန်ကန်စွာ မှတ်တမ်းထားသည်။<br><br>(ခ)(၂.၂.၃) ကျောင်းသားများ၏ သင်ယူမှု၊ တိုးတက်မှု အခြေအနေများနှင့်ပေါက်မြောက်အောင်မြင်မှုများကို မိဘများ၊ အခြားပညာပေးသူများနှင့် ဆက်သွယ်ပြောဆိုသည်။ |
| (ဂ) ၁။ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအတွက် အကျိုးပြုတာဝန်ထမ်းဆောင်သည်။ | (ဂ) ၁.၁။ မြန်မာတို့၏ ထုံးတမ်းစဉ်လာ အရ စံနမူနာပြ ပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထား များကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။ | (ဂ) ၁.၁.၁။ မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅)သွယ် အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်း စည်းကမ်းများကို လိုက်နာသည်။ |
| | (ဂ) ၁.၂။ ဆရာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုရာတွင် မိမိ၏လက်တွေ့ သင်ကြားမှုကို လွှမ်းမိုးနေသော နောက်ခံစိတ်ကူး အတွေးအခေါ် များကို နားလည်ကြောင်း ပြသသည်။ | (ဂ) ၁.၂.၁။ သင်ကြား၊ သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(ဂ) ၁.၂.၂။ မိမိကိုယ်ပိုင်သင်ကြား၊ သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများကို  ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက် | အညွှန်းကိန်း |
|---|---|---|
| (ဂ) ၃။ ကျောင်းသား အားလုံး ပညာရေး အရည် အသွေးမြင့်မားစေရန်နှင့် ပညာသင်ယူခွင့် မျှတမှု ရှိစေရန် မြှင့်တင်ဆောင် ရွက်သည်။ | (ဂ) ၃.၁။ ကျောင်းသား တစ်ဦးချင်းစီ၏ ပညာရေး ဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်း နှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံ ကြောင်း ပြသသည်။ | (ဂ) ၃.၁.၁။ ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင် ရည်အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အသိအမှတ်ပြုကြောင်းပြသည်။ |
| | (ဂ) ၃-၂။ ကျောင်းသားများ ၏ မတူကွဲပြားသော ခြားနား ချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့ ၏စွမ်းရည်အလိုက် သင်ယူ နိုင်သည်ဟူသော ယုံကြည် မှုသဘောထားကို ဖော်ပြ သည်။ | (ဂ) ၃.၂.၁။ သင်ခန်းစာအကြောင်း အရာများ၊ သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ် ခွင့်ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။ |
| | (ဂ) ၃-၃။ ကျောင်းသားများ ၏ ကွဲပြားခြားနားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများ နှင့် ကမ္ဘာ့နိုင်ငံသား ဖြစ်မှု အကြောင်းအရာများကို နားလည်နိုင်ရန်အတွက် ပြုစုပျိုးထောင် ပေးနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ဂ) ၃.၃.၁။ ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များနှင့်ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ် ဆောင်ရွက်နိုင်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက် | အညွှန်းကိန်း |
|---|---|---|
| (ဃ) ၁။ မိမိ၏ သင်ကြားရေး လက်တွေ့ ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ်သုံးသပ်သည်။ | (ဃ) ၁.၁။ မိမိ၏ လက်တွေ့ သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။ | (ဃ) ၁.၁.၁။ မိမိလက်တွေ့သင်ကြားမှု၏ အကျိုးသက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစားသုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှု အထောက်အထားများကို အသုံးပြုသည်။<br><br>(ဃ) ၁.၁.၂။ လက်တွေ့သင်ကြားမှု လုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှုတိုး တက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှ ရရှိသောသတင်းအချက်အလက်များကို အသုံးပြုသည်။<br><br>(ဃ) ၁.၁.၃။ ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်များ ဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ်သုံးသပ်သည်။ |
| (ဃ)၂။ သင်ကြားရေး လက်တွေ့ကျင့်သုံးမှုများ တိုးတက်မြင့်မားရေး အတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။ | (ဃ) ၂.၁။ အခြားဆရာများ ထံမှ သင်ယူခြင်းဖြင့် လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ) ၂.၁.၁။ လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာ လက်ခံရယူသည်။<br><br>(ဃ) ၂.၁.၂။ လက်တွေ့ဆောင်ရွက်မှုများ တိုးတက် ကောင်းမွန်လာစေရန် ဖော်ထုတ်သတ်မှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များနှင့် သက်ဆိုင်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်သည်။<br><br>(ဃ) ၂.၁.၃။ ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ချမှတ် ဆောင်ရွက်သည်။ |

*ရင်းမြစ်*။ မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်သော ဆရာများ၊ အင်္ဂလိပ်ဘာသာမူကြမ်း ၃.၂ (၂၀၁၉ ခုနှစ်၊ မေလ) (စာ.၃၀-၃၆)

## အရွယ်ရောက်သူ လူငယ်များအား သင်ကြားပို့ချခြင်း

သင်၏ စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် အရွယ်ရောက်သူ လူငယ်များဖြစ်ကြသည်။ အထောက်အထားများအရ ယင်းလူငယ်များသည် အောက်ပါအခြေအနေများတွင် အကောင်းဆုံး သင်ယူကြသည်။

- ဘာသာရပ်ပါအကြောင်းအရာများသည် ယင်းတို့၏ ယခင်ကရှိပြီးအသိ၊ အတွေ့အကြုံ များနှင့် ချိတ်ဆက်မှုရှိသောအခါ။
- အတန်းတွင်းအတန်းပြင် သင်ယူမှုများတွင် တက်ကြွစွာပါဝင်ရန် အခွင့်အလမ်းရသော အခါနှင့်
- မိမိ၏သင်ယူမှုကို မိမိတာဝန်ယူရပြီး လေးနက်စွာစဉ်းစားတွေးခေါ်ရသည့် ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံပြောဆိုရသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေအောင် ပြုလုပ်စေသောအခါ တို့တွင်ဖြစ်သည်။

သင်ယူရမည့် အကြောင်းအရာများကို အမျိုးမျိုးသော သင်ကြားသည့်ပုံစံများ၊ သင်ယူနည်းများသည် အရွယ်ရောက်သူလူငယ်များအား သင်ကြားသည့် သဘောတရားများမှ 'အလေ့အကျင့်ကောင်း' များကို ဤဆရာလမ်းညွှန်တွင် အဆိုပြုထားသည်။

၁။ **ဆီလျော်မှုရှိပါစေ။** အရွယ်ရောက်သူ လူငယ်များသည် ဦးတည်ချက် ရည်မှန်းချက်ပန်းတိုင် ရှိပြီး လက်တွေ့ကျလေ့ရှိသည်။ ၎င်းတို့၏ သင်ယူမှုများသည် ၎င်းတို့၏နေ့စဉ်ဘဝတွင် အဘယ်ကဲ့သို့ အရေးပါကြမည် ဆိုသည်ကို နားလည်သဘောပေါက်လိုကြသည်။ ဆိုလိုသည်မှာ ကျောင်းသားများ သင်ခန်းစာကို သင်ယူလိုက်ခြင်းအားဖြင့် မည်သည့် အရာများကို တတ်မြောက်သွားမည်၊ အဘယ်ကြောင့် သင်ယူရရန်လိုအပ်သည် ဆိုသည့် အချက်နှင့် ပတ်သက်၍ တိကျရှင်းလင်းမှုရှိသော ပန်းတိုင်နှင့် ရည်မှန်းချက်များရှိရန် အရေးကြီးသည်။ ကျောင်းသားများသည် ယင်းတို့၏အနာဂတ် အသက်မွေးမှုလုပ်ငန်းနှင့် ယခုသင်ယူနေသော အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ် ပတ်သက်နေ သည်ကို သိမြင်ရန်လိုအပ်သည်။ ကျောင်းသားများ ယခုသင်ယူနေသည် များသည် သို့မဟုတ် တစ်ဦးချင်း သင်ယူနေခြင်းများသည် ဆရာဖြစ်လာမည့် ၎င်းတို့အတွက် အဘယ်မျှ အသုံးဝင်သည်ကို ရှင်းလင်းစွာပြောပြရပါမည်။

၂။ **သင့်ကျောင်းသားများ၏ နောက်ခံဘဝအခြေအနေများကို အသိအမှတ်ပြုပါ။** သင်၏ ကျောင်းသားများသည် အနည်းဆုံး(၁၈)နှစ် ဘဝအတွေ့အကြုံများနှင့်အတူ ရောက်ရှိလာကြမည်ဖြစ်သည်။ ဘာသာရပ်ပါ အကြောင်းအရာ သင်ခန်းစာများသည် ကျောင်းသားများ သင်ယူပြီးစီးခဲ့သည့် ပညာရေးအဆင့်နှင့် ၎င်းတို့နေ့စဉ်ဘဝ အဖြစ်အပျက်များကို ထင်ဟပ် နေစေသင့်ပါသည်။ အရွယ်ရောက်သူ လူငယ်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို တန်ဖိုးထားခြင်းအားဖြင့် လေးစားမှုပြပေးရန်လိုသည်။ သင်ယူမှုအပေါ် နားလည်သဘောပေါက် စေရန်နှင့် သင်ခန်းစာအကြောင်းအရာကို ဆက်စပ်နိုင်စေရန် ကျောင်းသားများ၏ လက်တွေ့ဘဝ အတွေ့အကြုံများ၊ သင်ယူခဲ့သော အသိပညာ ဗဟုသုတများအား သင်ခန်းစာ၏ မည်သည့် နေရာနှင့် ချိတ်ဆက်ပေးရမည်ကို ရှာဖွေရပါမည်။

၃။ **စူးစမ်းလေ့လာဖော်ထုတ်မှုကို အားပေးပါ။** အရွယ်ရောက်သူ လူငယ်များဖြစ်သည့် ကျောင်းသားများသည် ယင်းတို့၏ သင်ယူမှုများကို ကိုယ်တိုင်လမ်းညွှန်မှုတို့ဖြင့် လုပ်ဆောင်နိုင်စွမ်း ရှိကြပါသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း လိုအပ်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား သင်ခန်းစာ အကြောင်းအရာများကို လေးနက်စွာနှင့် အဓိပ္ပာယ်ရှိစွာ ဆက်စပ်နိုင်ရန် ကူညီပေးသည်။ ဤသို့ ပြုလုပ်ရန် ကျောင်းသားများအား အုပ်စုလိုက် ဆွေးနွေးစေခြင်းများ၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော လေ့ကျင့်မှုများနှင့် အခြားသူများကို သင်ပြပေးရန် အခွင့်အလမ်းများပေးပြီး တက်ကြွစွာ ပါဝင်လာစေရန် နည်းလမ်းများ ရှာဖွေပါ။ ဤသို့ပြုလုပ်ပေးခြင်းသည် သင့်ကိုယ်သင် ဆရာတစ်ဦး အနေဖြင့်ထက် ပံ့ပိုးကူညီသူတစ်ဦးအဖြစ် တွေးမိစေနိုင်ပါသည်။ စာသင်ခန်း အတွင်းရှိ ကျောင်းသားများအား ယင်းတို့ စိတ်ဝင်စားသော အရာကို ရှာဖွေစေပြီး တွေ့ရှိသွားသော စိတ်ဝင်စားမှုနောက်လိုက်၍ သင်ယူမှုကို ကိုယ်တိုင် ဦးစီးဦးဆောင်ပြုလုပ်ကာ သင်ယူစေခြင်းမျိုးကို တိုက်တွန်းအားပေးနိုင်ပါသည်။

## စာသင်ခန်းအတွင်း ကျား၊မရေးရာ တန်းတူညီမျှမှုနှင့် လူတိုင်းပါဝင်မှု

စာသင်ခန်းအတွင်း ကျား၊ မရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်းကို တက်ကြွစွာ ဖော်ဆောင်ခြင်းသည် သင်ကြားမှုတွင် မရှိမဖြစ် အရေးပါသော အင်္ဂါရပ်တစ်ခု ဖြစ်သည်။ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် အထောက်အကူပေးသော ရင်းမြစ်များကို စဉ်းစားရာတွင် အောက်ပါအချက်များကို ထည့်သွင်း စဉ်းစားသင့်သည်။ ကျောင်းသားအားလုံး၏ စိတ်ထဲတွင် ကျား၊ မ ခွဲခြားမှုမရှိဘဲ မိမိတို့၏ လုပ်ဆောင်မှုများကို တန်းတူညီမျှ တန်ဖိုးထားခံရသည်၊ မိမိတို့သည် သင်ယူမှုအခွင့်အလမ်းများကို ညီမျှစွာရကြသည် ဟူသောခံစားချက်များကို ပေးနိုင်သည့် အပြုသဘောဆောင်ပြီး လုံခြုံစိတ်ချရသော သင်ယူမှုဝန်းကျင်ဖြစ်လာစေရန် ပံ့ပိုးကူညီပေးခြင်း ဖြစ်သည်။

ပညာရေးကောလိပ်ဆရာတစ်ဦးအနေဖြင့် မိမိတို့ကျောင်းသားများ၏ သင်ယူမှုအခွင့်အလမ်းများ ညီတူညီမျှရရှိရေးသာမကဘဲ ၎င်းတို့ကိုယ်တိုင် ကျား၊ မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်း၏ အရေးကြီးပုံကို တန်ဖိုးထားတတ်လာပြီး ထိုအသိသဘောထားများကို ၎င်းတို့၏ လေ့ကျင့်သင်ကြားခြင်းများတွင် အသေအချာထည့်သွင်း စဉ်းစားကြစေရန်မှာလည်း ပညာရေးကောလိပ်ဆရာများ၏ တာဝန်ပင် ဖြစ်ပါသည်။ စာသင်ခန်းအတွင်းတွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဖွံ့ဖြိုးလာသော ကျား၊ မ တန်းတူရေးဆိုင်ရာ အသိပညာ၊ စိတ်သဘောထား တန်ဖိုးထားမှုနှင့် ကျွမ်းကျင်မှုများသည် ကျောင်းသားများ၏ အနာဂတ်အပြုအမူများအပေါ် ရေရှည်သက်ရောက်မှု ရှိနိုင်ပါသည်။ ထို့ပြင် အောင်မြင်သောဘဝများဖြင့် ရှင်သန်နိုင်မည့် အရည်အသွေးများအပေါ် ထိ အကျိုးသက်ရောက်မှုများ ရှိပါသည်။

ဆရာကိုယ်တိုင် မိမိတို့၏ ကျား၊ မ ဆိုင်ရာ ဘက်လိုက်မိသော အပြုအမူများ၊ အပြောအဆို စကားအသုံးအနှုန်းများကိုလည်း သတိပြုမိပါစေ။ မိမိ၏ လုပ်ဆောင်မှုများ၊ မိမိအသုံးပြုသော သင်ကြားသင်ယူမှုနည်းလမ်းများကို ပြန်လည် ဆင်ခြင်သုံးသပ်ပါ။ စာသင်ခန်းအတွင်း ကျား၊ မ တန်းတူ ညီမျှမှုနှင့် လူတိုင်းပါဝင်မှု ရှိကြောင်းသေချာစေရန် ဤနည်းလမ်းများကိုထည့်သွင်းစဉ်းစားပါ။

- ကျား၊ မ အမည်တပ်ပြီး ခေါ်ခြင်း၊ ပြောခြင်း ကြိမ်နှုန်း ညီမျှပါစေ။ အမည်မသိသူများ အကြောင်းပြောပါက သူ၊ သူမ ဟူသော နာမ်စားကို တစ်လှည့်စီ သုံးပါ။

- ကိုးကားချက်များသုံးပါက ကျားနှင့် မ နှစ်ဖက်လုံးမှ ပြောကြားသည့် အမြင်နှစ်မျိုးလုံးပါပါစေ။
- ရုပ်ပြပုံများ အသုံးပြုပါက ကျားနှင့် မ နှစ်မျိုးလုံး ညီမျှစွာ အသုံးပြုပါ။ လက်ရှိ ကျား၊မ ရေးရာ တရားသေ မှတ်ယူထားသည်များကို အားမပေးမိရန် သတိပြုပါ။
- စာသင်ခန်းအတွင်းတွင် ကျား၊ မ ရေးရာ သာတူညီမျှမှုနှင့် လူတိုင်းအကျုံးဝင်သော (အားလုံးနားလည်သော) ဘာသာစကားကို အသုံးပြုပါ။ သင်၏ ကျောင်းသားများကိုလည်း ထိုနည်းတူ ကျင့်သုံးရန် ပြောပါ။
- ကျောင်းသားများအား ကျား၊ မ ရေးရာသဘောကို သတိပြုမိရန်၊ ကျား၊ မ ရေးရာ ဘက်လိုက်ခြင်း သဘောထားများကို မြင်လာအောင် မီးမောင်းထိုးပြပါ။ ကျောင်းသားများအား မိမိတို့၏ အပြုအမူများကို ပြန်လည် ဆင်ခြင်သုံးသပ်ရန် အားပေးပါ။
- ဘာသာရပ်မျိုးစုံကို သင်ကြားသည့်အခါ ကျောင်းသားများနှင့် ပြောဆို ဆွေးနွေးရာတွင် တန်းတူညီမျှမှု ရှိပါစေ။ ဥပမာ - မေးခွန်းမေးသောအခါ၊ မိမိဆန္ဒအလျောက် လုပ်လိုသူများ ရွေးသောအခါ၊ လုပ်ငန်းခေါင်းဆောင်ရွေးသောအခါ၊ ချီးကျူးအသိအမှတ်ပြု စကားပြောသောအခါ၊ မျက်လုံးချင်းဆုံကြည့်သောအခါ သို့မဟုတ် ကျောင်းသားအမည်များကို မှတ်မိအောင် ပြုလုပ်သည့်အခါများ၌ပင် ညီမျှမှုရှိပါစေ။
- အတန်းတွင်း၌ ပို၍နှုတ်ဆိတ်နေတတ်သောကျောင်းသားဖြစ်ပါက ကျား၊ မ မရွေးဘဲ အားပေးကူညီပံ့ပိုး ပေးပါ။
- ကျား ရော မ ပါ ညီမျှစွာ ပါဝင်လုပ်ဆောင်မှုကို အထောက်အကူဖြစ်စေသော သင်ကြားသင်ယူမှုနည်းလမ်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်နည်းများ ဥပမာ - အုပ်စုလုပ်ငန်း၊ သရုပ်ဆောင် သင်ကြားသင်ယူခြင်း၊ အုပ်စုဆွေးနွေးခြင်းများကို အသုံးပြုပါ။ ကျောင်းသား အားလုံး၏ သင်ယူမှုလိုအပ်ချက်များ၊ သင်ယူဟန်များကို ထည့်သွင်းစဉ်းစားပြီး၊ ကျောင်းသားရော ကျောင်းသူများပါ တက်ကြွစွာ ပါဝင်လုပ်ဆောင်ရန် အခွင့်အလမ်းပေးပါ။ တစ်စုံတစ်ယောက်တည်းက လွှမ်းမိုးထားမှုမရှိအောင် လုပ်ငန်းများကို စီမံခန့်ခွဲပေးရပါမည်။
- ဘာသာရပ်တိုင်းတွင် ကျောင်းသားများက မိမိတို့၏ လုပ်ဆောင်မှုများနှင့်ပတ်သက်ပြီး မျှော်မှန်းချက်များ ချမှတ်ရာတွင် ကျားနှင့် မ တန်းတူ ချမှတ်နိုင်ရန် ပြုလုပ်ပေးပါ။
- အတန်းတွင်း၌ အုပ်စုဖွဲ့ခြင်း၊ ထိုင်ခုံစီစဉ်ခြင်း၊ အတန်းကိုအလှဆင်ခြင်းများ ပြုလုပ်ရာတွင် ကျား၊ မ ရေးရာ အလေးထား သိရှိနားလည် သတိပြုမိပြီး ညီမျှမှုရှိစေရန် ပြုမူဆောင်ရွက်ရပါမည်။

စာသင်ခန်းအတွင်း အသုံးပြုသည့် ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့များအရ အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မျှော်မှန်းထားသော စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများမှ တစ်ဆင့် ကျား၊ မ ရေးရာ တရားသေမှတ်ယူထားခြင်းများအား အမှုမဲ့အမှတ်မဲ့ ပြန်လည်အားပေးမှုကို ဖြစ်စေတတ်ပါသည်။ သို့ဖြစ်၍ ကျား၊ မ အားလုံးပါဝင်သော စာသင်ခန်းဝန်းကျင်တစ်ခုကို အားပေးဖော်ဆောင်ခြင်းဖြင့် အခြေခံပညာရေး စာသင်ခန်းများအတွင်း ကျောင်းသားတို့၏ ကျား၊ မ တန်းတူသာတူညီမျှကို ကောင်းမွန်စွာ အထောက်အကူပြုသည့် ကျား၊ မ ရေးရာ အလေးထား သိရှိနားလည်မှုကို ထည့်သွင်း စဉ်းစားလုပ်ဆောင်သည့် အလေ့အထများ တည်ဆောက်မှုကို အားပေးကူညီရပါမည်။

## သင်ကြား သင်ယူမှုနည်းလမ်းများကိုစုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

ဤဆရာလမ်းညွှန်စာအုပ်တွင် ကျောင်းသားများ၏ ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာတစ်ခုစီအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများပါဝင်သည်။ အဆိုပါ သင်ယူမှုလုပ်ငန်းများကို သင်ခန်းစာပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တင်ပြထားခြင်းဖြစ်သည်။ သို့သော် ကျောင်းသားများရရှိစေလိုသည့် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများ တိုးတက်ဖွံ့ဖြိုးစေရန် ဆရာလမ်းညွှန်ပါ အကြံပြုချက်များအတိုင်း တစ်သွေမတိမ်း လိုက်နာလုပ်ဆောင်ရန်မဟုတ်ပါ။ သင်ကြားရမည့် ကျောင်းသားများ၏ နောက်ခံအကြောင်းအရာနှင့် လိုအပ်ချက်အရ အသင့်လျော်ဆုံးဖြစ်မည့် သင်ခန်းစာများ၊ သင်ကြားနည်းများကို အသုံးပြုရန် တိုက်တွန်းပါသည်။

အောက်ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများကို ဤလမ်းညွှန်စာအုပ်တွင် အသုံးပြုထားပါသည်။ သင်၏ သင်ခန်းစာများ ပြင်ဆင်ရာတွင်လည်းကောင်း၊ သင်ခန်းစာများကို အဆင်ပြေအောင် ပြုပြင်ရာတွင် လည်းကောင်း အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဤသင်ကြားသင်ယူမှုနည်းလမ်းများသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ သင့်အနေဖြင့် အခြားသင်ကြားပို့ချမှုနှင့် သင်ယူမှုဆိုင်ရာနည်းလမ်းများကို ဉာဏ်ဖွင့်စဉ်းစားကြည့်ရန် ဆန္ဒရှိပါက http://www.theteachertoolkit.com/index.php/tool/all-tools သို့မဟုတ် အခြား အလားတူဝက်ဘ်ဆိုဒ်များသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ငန်းတာဝန်များ (Assignments)

ကျောင်းသားများအား ပေးနိုင်သောလုပ်ငန်းတာဝန်များတွင် ပုံစံတကျ သီကုံးရေးသားမှုများ၊ ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုကို စုစည်းထားသော မှတ်တမ်း(Portfolios)၊ ပြန်လည်သုံးသပ်ချက်ဂျာနယ်များ ပါဝင်နိုင်သည်။ အခြားသော ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းငယ်များလည်း ပါဝင်နိုင်သည်။ ဥပမာ - ဖတ်ထားသောစာများအပေါ် မေးသောမေးခွန်းများကို ဖြေဆိုခြင်းကဲ့သို့သော အိမ်စာအလုပ်များဖြစ်သည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ယခင်က သင်ကြားခဲ့ပြီးဖြစ်သော အကြောင်းအရာများအား ပြန်လည်သုံးသပ်ရန်အတွက် အားပေးကူညီပေးသည်။ လုပ်ငန်း တာဝန်များသည် ကျောင်းသားများအား ရှေ့ဆက် သင်ယူမှုများအတွက် ပြင်ဆင်ရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ဥပမာ - သင်ခန်းစာ မသင်ကြားမီ ဆရာက ကျောင်းသားများအား ကျောင်းသားကိုင် ကျောင်းသားကိုင်စာအုပ်ပါ ထိုသင်ခန်းစာကို ကြိုတင်ဖတ်ရန် မှာကြားခြင်း။

## ဖြစ်ရပ်လေ့လာခြင်း (Case studies)

ဖြစ်ရပ်များလေ့လာခြင်းများအားဖြင့် ကျောင်းသားများသည် ၎င်းတို့သင်ယူထားသည့် အချက်များကို ဇာတ်လမ်းများ၊ ဇာတ်ကွက်ဖြစ်ရပ်များတွင် အသုံးချကြရသည့်အတွက်ကြောင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းနိုင်ခြင်း စွမ်းရည်နှင့် ဝေဖန်သုံးသပ် တွေးခေါ် နိုင်သော စွမ်းရည်များ တိုးတက်လာစေသည်။ ပထမဦးစွာ ကျောင်းသားများသည် ဖြစ်ရပ်များကိုဖတ်ကြသည်။ ထိုနောက် ဇာတ်ကွက်နှင့် ပတ်သက်၍ မေးထားသော အဖွင့်မေးခွန်းတစ်ခု သို့မဟုတ် မေးခွန်းများကို ဖြေဆိုရန် ဆွေးနွေးကြသည်။ အများအားဖြင့် ကျောင်းသားများသည် ဖြစ်ရပ်များတွင် တင်ပြထားသော ပြဿနာအတွက် အဖြေများကို အဆိုပြုရလေ့ရှိကြသည်။


## ဦးဆောင်ညွှန်ကြားသော လုပ်ငန်းများ (Directed activities)

ဤလုပ်ငန်းများသည် ဆရာက ချမှတ်ပေးသောလုပ်ငန်းများဖြစ်ကြပြီး ကျောင်းသားများက တစ်ဦးချင်း ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဥပမာ - လက်တွေ့တန်းပြ လေ့ကျင့်သင်ကြားနေချိန် အတွင်းတွင် အခြေခံပညာကျောင်းမှ ဆရာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းသောလုပ်ငန်းများ သို့မဟုတ် သင်နည်းတစ်ခုအား တစ်ဦးတည်း သုတေသနပြုလုပ်ခြင်း လုပ်ငန်းများဖြစ်သည်။ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရသော လုပ်ငန်းများ၏ နောက်ဆက်တွဲအနေဖြင့် ကျောင်းသားများအား ၎င်းတို့ သင်ယူခဲ့သည်များ၊ အချင်းချင်းထံမှ သင်ယူခဲ့သည်များကို ပြန်လည်မျှဝေရန် အခွင့်အလမ်းပေးသည့် အနေဖြင့် အနီးကပ် ဆွေးနွေးသင်ကြားခြင်း (ကျူတိုရီရယ်များ)၊ ဆွေးနွေးပွဲများ၊ နီးနောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။

## ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း (Gallery walk)

ဤလုပ်ငန်းတွင် ကျောင်းသားများသည် အုပ်စုလိုက် ဆွေးနွေးဖြေဆိုသောလုပ်ငန်း သို့မဟုတ် ပိုစတာတစ်ခုစီကိုပြုလုပ်ကြပြီး နေရာအသီးသီးတွင်ချိတ်ဆွဲပြသကြသည်။ အုပ်စုများအလိုက် ပိုစတာများကို လှည့်လည်ကြည့်ရှုကြပြီး သုံးသပ်ချက်၊ ဝေဖန်ချက်၊ မေးခွန်း သို့မဟုတ် အကြောင်းအရာကို ထပ်ဆောင်းဖြည့်စွက်ချက်များ ရေးကြသည်။

သင်သည် ကျောင်းသားများ၏လုပ်ဆောင်ထားမှုများအား ပြသထားပြီး အလားတူလုပ်ငန်းမျိုးကို ပြုလုပ်နိုင်သည်။ တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ထားသော ပိုစတာများကို အခန်း ပတ်လည်တွင် ပြသထားနိုင်သည်။ ကျောင်းသားများက လှည့်ပတ်ကြည့်ပြီး ၎င်းတို့မေးလိုသော မေးခွန်းများ၊ ဝေဖန်ချက်များကို ပိုစတာပေါ်တွင်ရေးကြသည်။





## ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (Graphic organisers)

ရုပ်ပုံများဖြင့်စုစည်းဖော်ပြခြင်းသည် ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေပြီး ၎င်းတို့၏ အတွေးများ၊ စိတ်ကူးများကို ပိုမိုလွယ်ကူစွာ နားလည်လာစေရန် စုစည်းရာ၌ အထောက်အကူပြုသည့် ရိုးရှင်းပြီး ထိရောက်မှုရှိသော နည်းလမ်းတစ်ခုဖြစ်သည်။ ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းကို ဉာဏ်ဖွင့်စဉ်းစားရန်၊ အစီအစဉ်ပြုလုပ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက်ချရန် မည်သည့် သင်ခန်းစာတွင်မဆို အသုံးပြုနိုင်သည်။ အသုံးများသော ရုပ်ပုံများဖြင့်စုစည်းဖော်ပြခြင်းအချို့ကို သင်၏ ဆရာလမ်းညွှန် စာအုပ်တွင် တွေ့ရပါမည်။


**စိတ်ကူးပုံဖော်ခြင်း (Mind Mapping/ Concept Map)**

စိတ်ကူးပုံဖော်ခြင်းကို အသိသညာများ (concepts)၊ စိတ်ကူးများ တစ်ခုနှင့်တစ်ခု မည်သို့ ဆက်စပ်နေကြောင်းကို မြင်သာအောင်ပြပေးခြင်းဖြစ်သည်။ ဉာဏ်ဖွင့်စဉ်းစားပြီး ရရှိလာသော အချက်အလက်များကို စုစည်းရန်အသုံးဝင်သည်။ စိတ်ကူးပုံဖော်ခြင်းကို ပုံစံအမျိုးမျိုးဖြင့် ပြနိုင်သည်။ ခက်ခဲမှုအဆင့်အမျိုးမျိုးဖြင့်လည်း ပြနိုင်သည်။ ရှေးဦးစွာ ကျယ်ပြန့်သော ယေဘုယျကျသည့် ခေါင်းစဉ်နှင့်စပြီး ထိုအကြောင်းအရာ၏ ခေါင်းစဉ်ခွဲလေးများ သို့မဟုတ် ပိုမို အသေးစိတ်သော အသိသညာများကို ကွန်ယက်ပုံစံဖြင့် ဆက်သွယ်သည်။ အောက်တွင် ရိုးရှင်းသော စိတ်ကူးပုံဖော်ခြင်းကို တင်ပြထားပါသည်။




**ဗင်ပုံဖြင့် သင်ကြားသင်ယူခြင်း (Venn diagram)**

မတူသော အကြောင်းအရာသို့မဟုတ် စိတ်ကူးနှစ်ခု (က) နှင့် (ခ) ကို နှိုင်းယှဉ်လိုသောအခါ Venn ပုံစံကားချပ်ကို သုံးသည်။ စက်ဝိုင်းနှစ်ခုထပ်နေသောနေရာသည် (က)နှင့် (ခ)တို့၏ တူနေသော လက္ခဏာများဖြစ်ကြသည်။ ထပ်မနေသောနေရာများမှာ (က)နှင့် (ခ)တို့၏ သီးသန့် ကိုယ်ပိုင် လက္ခဏာများ ဖြစ်ကြသည်။



## သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက် (KWL Chart)

ဤနည်းလမ်းသည် ယူနစ်တစ်ခု၊ သင်ခန်းစာတစ်ခုကို မသင်မီ၊ သင်နေဆဲ၊ သင်ပြီးချိန်များတွင် အကြောင်းအရာ၊ သတင်းအချက်အလက်များကို စုစည်းနိုင်ရန် ကျောင်းသားများအား ကူညီပေးနိုင်သည်။ ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ် အသစ်တစ်ခုကို စိတ်ဝင်စားလာစေရန် ယခင်ကသိပြီးသော အချက်များ ကိုနှိုးဆွပေးသည်။ အခန်း၏ သင်ယူမှု ဦးတည်ချက်များ (unit objectives)ကို ပြောပြပြီး ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးသည်။ ဤနည်းကို အုပ်စုလုပ်ငန်း၊ အတန်းလုပ်ငန်း သို့မဟုတ် တစ်ဦးချင်းလုပ်ငန်း အဖြစ်ပေးနိုင်သည်။ သင်ခန်းစာ သို့မဟုတ် အခန်းတစ်ခန်း(unit)ကို မသင်မီ ကျောင်းသားများအား ပထမကော်လံနှစ်ခုတွင် မိမိတို့သိပြီးသည့် အကြောင်းအချက်နှင့် သိလိုသော အကြောင်းအချက်များကို ဖြည့်ပါစေ။ သင်ခန်းစာ သို့မဟုတ် အခန်း (unit)ကို သင်ပြီးချိန်တွင် ၎င်းတို့ သင်ယူတတ်မြောက်သွားသော အချက်များကို ဖြည့်ရပါမည်။

| K<br>သိပြီးအချက်များ | W<br>သိလိုသောအချက်များ | L<br>သိနားလည်သွားသော<br>အချက်များ |
|---|---|---|
| | | |

## တီပုံဇယားကွက် (T Chart)

တီပုံ ဇယားကွက်ကားချပ်သည် ကျောင်းသားများအား ခေါင်းစဉ်တစ်ခုကို ရှုထောင့်နှစ်မျိုးမှ ကြည့်တတ်ရန် ကူညီပေးသည်။ ဥပမာ - ကောင်းသော အကျိုးဆက်များနှင့် ဆိုးသော အကျိုးဆက်များ သို့မဟုတ် မှန်ကန်သောအချက်နှင့် ထင်မြင်ချက်။

| ခေါင်းစဉ် ၁ | ခေါင်းစဉ် ၂ |
|---|---|
| | |

## အုပ်စုလုပ်ငန်း (Group work)

အုပ်စုလုပ်ငန်းဆိုသည်မှာ ကျောင်းသားများအား လုပ်ငန်းတစ်ခုအပေါ် ပူးပေါင်း လုပ်ဆောင်စေခြင်းကို ဆိုလိုသည်။ ဥပမာ - အောက်တွင် ဖော်ပြထားသော ဖြတ်ဆက်လုပ်ငန်းကို ကြည့်ပါ။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများ တက်ကြွစွာသင်ယူနိုင်မှုကို ဖြစ်စေသည်။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများအား လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးသည်။ ကျောင်းသားများသည် အုပ်စုအတွင်း မေးခွန်းများဖြေခြင်း၊ တင်ပြရန် ဖန်တီးတီထွင်ခြင်း၊ သင်ပြမှုပုံစံရေးခြင်း ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်းနှင့်အခြားသော သင်ယူမှုလုပ်ငန်းများကို ပြုလုပ်ကြသည်။ အုပ်စုဝင်များအားလုံး အုပ်စုလုပ်ငန်းတွင် နစ်မြုပ်ပြီး ပါဝင်လုပ်ဆောင်လာကြစေရန် တစ်ဦးချင်းစီ တာဝန်ယူရမည့် လုပ်ငန်းများကို ခွဲခြားပေးနိုင်ပါသည်။ ဥပမာ - မှတ်တမ်းတင်သူ၊ တင်ပြသူ၊ အုပ်စုခေါင်းဆောင် စသည်အားဖြင့် သတ်မှတ်တာဝန်ပေးနိုင်သည်။

## ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)

ဖြတ်ဆက်လုပ်ငန်းတွင် အုပ်စုငယ်လေးများသည် သင်ခန်းစာခေါင်းစဉ်မှ အပိုင်းတစ်ပိုင်းကို ကျွမ်းကျင်သူများဖြစ်ကြပြီး ထိုကျွမ်းကျင်သော အပိုင်းကို အချင်းချင်း ပြန်လည်သင်ပြပေးရသော လုပ်ငန်းဖြစ်သည်။ ဤသို့ပြုလုပ်ရခြင်းက ကျောင်းသားများအား အခြားသူများနှင့် အတူ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းကို ရရှိစေပြီး မတူကွဲပြားသော ရှုထောင့်အမြင်များကို တွေ့မြင်နိုင်သည်။ ကျောင်းသားတစ်ဦးစီသည် အခြားတစ်ယောက်၏ သင်ယူမှုအတွက် တာဝန်ရှိသလို ကျောင်းသားများက အုပ်စုအဖွဲ့ဝင်တစ်ဦးစီတွင် အုပ်စုအား အထောက်အကူပြုပေးရန် အရေးပါသည်ကို သိမြင်လာသည့်အတွက်ကြောင့် ဤဖြတ်ဆက်သင်နည်းသည် အထူးထိရောက်မှု ရှိနေခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် ဆက်သွယ်ပြောဆိုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဝေဖန်ပိုင်းခြား စဉ်းစားခြင်းအပါအဝင် အရေးကြီးသော စွမ်းရည်အများအပြားကို အသုံးပြုရန် လေ့ကျင့်ရပါမည်။

## ဟောပြောပို့ချခြင်း (Lecture)

ဟောပြောပို့ချချက်များသည် အဓိကအားဖြင့် ဟောပြောပို့ချသူနှင့် ကျောင်းသားများ အုပ်စုအကြား တစ်လမ်းသွားဆက်သွယ်မှုများဖြစ်သည်။ ဤဟောပြောပို့ချချက်များသည် အကြောင်းအရာ သစ်များကို တိုက်ရိုက်သင်ကြားမှုအတွက် အသုံးဝင်သည်။ ဟောပြောပို့ချမှု ပြုလုပ်နေစဉ် အတောအတွင်း၌ပင် သင်သည်ကျောင်းသားများအား မေးခွန်းများမေးရန်၊ မေးခွန်းများကို ဖြေကြားရန် အခါအားလျော်စွာ ရပ်နားစေခြင်းဖြင့်လည်းကောင်း သို့မဟုတ် ကျောင်းသားအား အကြောင်းအရာအပေါ်တွင် စဉ်းစားသုံးသပ်စေခြင်းများ ပြုလုပ်စေခြင်းဖြင့် လည်းကောင်း ပါဝင် ပတ်သက်မှု ရှိစေနိုင်သည်။

## အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း (Micro-teaching)

အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားနေစဉ်အတွင်း ကျောင်းသားတစ်ဦး သို့မဟုတ် ကျောင်းသား အုပ်စုငယ် တစ်ခုသည် ၎င်းတို့အချင်းချင်း သင်ခန်းစာအားလုံး သို့မဟုတ် အစိတ်အပိုင်းကို သင်ကြားကြသည်။ ယင်းနောက်၎င်းတို့သည် လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်များ တိုးတက်စေရန်နှင့် ၎င်းတို့၏ သင်ယူတတ်မြောက်ထားသည်များကို အသုံးချရန် သင်ခန်းစာ အသေးစားအပေါ် အကြံပြုသုံးသပ်ချက်များ ရယူကြပြီး အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း အတွေ့အကြုံများအပေါ် ပြန်လည်ထင်ဟပ် သုံးသပ်ကြသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားမှုသည် လက်တွေ့ပြုလုပ်ရန် သင်ခန်းစာလေ့လာမှုနှင့် နေရာချထားသော ကျောင်းများတွင် လက်တွေ့သင်ကြားရေးများအတွက် ပြင်ဆင်ရန် အရေးပါသော အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။ ဤသင်ကြားနည်းသည် ဆရာများ အဓိက သင်ကြားလေ့ကျင့်ရမည်များကို လေ့ကျင့်ရန် အခွင့်အလမ်းပေးသည်။ ဥပမာ - အဖွင့် မေးခွန်းများ မေးခြင်း သို့မဟုတ် ကျောင်းသားများအား အပြုသဘောဆောင်သော အကြံပြု သုံးသပ်ချက်များ ပံ့ပိုးခြင်းဖြစ်သည်။

## နမူနာလုပ်ပြခြင်း (Modelling)

နမူနာလုပ်ပြခြင်းဆိုသည်မှာ ကျောင်းသားများက အသိသညာအသစ် သို့မဟုတ် ချဉ်းကပ်နည်းသစ် တစ်ခုကို လေ့လာကြည့်ရှု သင်ယူနိုင်ရန် ဆရာက နမူနာသင်ပြခြင်း ဖြစ်သည်။ ဆရာတစ်ဦးနေဖြင့် သင်နှစ်သက်သော သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းတစ်ခုကို ပါးစပ်ကပြောပြသည်ထက် လက်တွေ့သရုပ်ပြခြင်းဖြစ်သည်။

ယင်းနောက် နမူနာသင်ပြခြင်းအပေါ် ဆွေးနွေးခြင်းဖြစ်သည်။ ဆရာက သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းကို မည်သို့ တင်ပြခဲ့သည်၊ သင်ယူသူအနေဖြင့် ကျောင်းသားများအပေါ် မည်သည့် သက်ရောက်မှုရှိခဲ့သည်ဆိုသည့် အချက်အပေါ် ဆက်လက်ဆွေးနွေးစေနိုင်ပါသည်။ ဤနည်းလမ်းက သင်ကြားပို့ချမှုတွင် နမူနာလုပ်ပြခြင်းနည်း၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ ပညာရေးကောလိပ်ကျောင်းသားများအား အနာဂတ်တွင် ၎င်းတို့သင်ကြားပို့ချမည့် အခြေခံပညာရေး ကျောင်းသားများအတွက် မည်သို့ဆက်စပ်အသုံးပြုနိုင်သည်ကို ထင်ဟပ်သုံးသပ်ရန် အားပေးသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ကျောင်းသားများသည် အချင်းချင်း သို့မဟုတ် ကျွမ်းကျင်သူဆရာများ စာသင်ကြားပို့ချမှုကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကြည့်ရှုလေ့လာခဲ့မှုများကို အဓိပ္ပါယ်ရှိစေရန် ပုံစံချထားသည့် လေးနက်စွာ ပြန်လည်ဆင်ခြင်စဉ်းစားရသော ဆွေးနွေးပွဲများတွင် ဆွေးနွေးကြသည်။ သင်သည် ကျောင်းသားတစ်ဦး၏ သင်ခန်းစာတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခု သင်ကြားခြင်းကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုနှင့် လေ့ကျင့်သင်ကြားမှုများကို လေ့လာစူးစမ်းရန်နှင့် ထိုသို့စဉ်းစားခြင်းနှင့် လေ့ကျင့်ခြင်း ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သည်။ ဤနည်းလမ်းသည် စာတွေ့နှင့် လက်တွေ့ အကြား ဆက်စပ်မှု ပြုပေးရန်နှင့် ကျောင်းသားများအား ၎င်းတို့၏ တိုးတက်မှုများအပေါ် တိကျသော အကဲဖြတ်မှုများ လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးရန် အလွန်ကောင်းမွန်သော အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်းများ (Practicals)

လက်တွေ့လုပ်ဆောင်ခြင်းများတွင် ဆရာအဖြစ်သင်လုပ်ဆောင်သော သရုပ်ပြ သင်ကြားမှုများ ဥပမာ - သိပ္ပံစမ်းသပ်မှုဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုနှင့် ကျောင်းသားများ ဦးဆောင်ခြင်း သို့မဟုတ် ပါဝင်သော လက်တွေ့လုပ်ဆောင်သင်ကြားမှုများ ဥပမာ - သင်္ချာဆိုင်ရာ စူးစမ်းရှာဖွေမှုနှင့် ထိုလုပ်ငန်း ပြုလုပ်ရန် လိုအပ်သော လုပ်ငန်းပေးစာရွက်တို့ ပါဝင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် မူလတန်းကျောင်းသားများအား မည်သို့ သင်ယူ တတ်မြောက်စေကြောင်းကို နားလည်ရန် အထောက်အပံ့ ပေးသည်။ လက်တွေ့ လုပ်ဆောင်ခြင်းများက ကျောင်းသားများအား သဘောတရား (Theory)နှင့် ဆရာများအနေဖြင့်

၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်လာသော အလေ့အကျင့်များကို ဆက်စပ်ပေးရာတွင် အထောက်အကူ ဖြစ်စေသည်။

**စာဖတ်အဖွဲ့များ (Reading groups)**

စာဖတ်အုပ်စုတစ်ခုသည် ပြဋ္ဌာန်းစာအုပ်တစ်အုပ် အများအားဖြင့် ပညာရေးစာတမ်းတစ်ခုအား အဓိပ္ပာယ်ဖွင့်ဆိုပြီး ခွဲခြမ်းစိတ်ဖြာ လေ့လာသော အုပ်စုငယ်တစ်ခု ဖြစ်သည်။ ကျောင်းသားများအနေဖြင့် စာဖတ်အုပ်စုသို့မလာမီ ယင်းစာတမ်း၏ အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စာတမ်းကို ကြိုတင်၍ ထုတ်ပေးထားရပါမည်။ ကျောင်းသားတစ်ဦးအား စာတမ်းကို အုပ်စုသို့ တင်ပြစေပြီး ယင်းစာတမ်းအပေါ် ဝိုင်းဝန်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ကြသည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ပညာရေးဆိုင်ရာ အရေးအသားနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိစေသကဲ့သို့ စာတမ်းတွင် ပါဝင်သော စိတ်ကူး အတွေးအခေါ် များနှင့်လည်း အကျွမ်းတဝင်ရှိစေရန် အထောက်အကူပြုပေသည်။ ဆွေးနွေးမှုများသည် စာတမ်းများ၏ အကြောင်းအရာ၊ တင်ပြမှု သို့မဟုတ် ရေးသားသည့် နည်းစနစ်အပေါ် အလေးပေး ဆွေးနွေးခြင်း ဖြစ်သည်။

**သရုပ်ဆောင်သင်ကြားသင်ယူခြင်း (Role-playing)**

သရုပ်ဆောင်ခြင်းသည် ကျောင်းသားများအား အခြားလူများနှင့် အပြန်အလှန်ပြောဆို ဆက်ဆံခြင်း၊ မတူကွဲပြားသောနည်းလမ်းများကို စမ်းသပ်ကြည့်ရန် ပုံစံတူပြုလုပ်ထားသော အခင်းအကျင်း ဇာတ်ကွက်များတွင် ပါဝင်သရုပ်ဆောင်ရင်း အခြေအနေ အစစ်အမှန်များကို စူးစမ်းဖော်ထုတ်ခွင့် ပေးသောနည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းက ကျောင်းသားအား ဖြစ်လေ့ရှိသောစိန်ခေါ်မှု အခက်အခဲများအကြား အလုပ်လုပ်ရန် သို့မဟုတ် တိကျသော ရှုထောင့်အမြင်ဖြင့် သင်ကြား ပို့ချမှုများကို လုံခြုံ၍ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်တစ်ခုတွင် လုပ်ဆောင်ခွင့် ရရှိစေပေသည်။

**ကိုယ်တိုင်လေ့လာသင်ယူခြင်း (Self-study)**

ကိုယ်တိုင်လေ့လာမှုတစ်ခုတွင် ကျောင်းသားများသည် ဆရာအား ကြီးကြပ်လမ်းညွှန်သူတစ်ဦး အနေဖြင့် သဘောထားလျက် ၎င်းတို့ကိုယ်တိုင် သင်ယူမှုများအတွက် တာဝန်ယူကြခြင်း ဖြစ်သည်။ ဤနည်းလမ်းသည် စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင်၍ ပညာရေးကောလိပ် အခြေပြု အနီးကပ် သင်ယူမှုကို ပံ့ပိုးပေးပြီး သင်ယူမှုအသစ်ကိုပုံစံသွင်းရန်နှင့် အားဖြည့်ပေးရန်အတွက် အရေးကြီး

ပါသည်။ ကိုယ်တိုင်လေ့လာမှုကို ဘာသာရပ် ခေါင်းစဉ်နယ်ပယ်နှင့် ဆက်စပ်သည်များကို ဖတ်ရှုခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအတွက် စီမံကိန်း ရေးဆွဲစီစဉ်ခြင်း (Action Plan) ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကိုယ်တိုင်လေ့လာမှုတွင် ပညာရေးအထူးပြုနယ်ပယ်ဆိုင်ရာကို စဉ်းစားရန် အချိန်လည်းပါဝင်သည်။

**နီးနှောဖလှယ်ပွဲများ (Seminars)**

နီးနှောဖလှယ်ပွဲများသည် အုပ်စုငယ်စုစည်းထားသော ပုံစံများ ဖြစ်သည်။ ယင်းပွဲများတွင် မေးခွန်းများကို ဆန်းစစ်ဖော်ထုတ် ဆွေးနွေးကြသည်။ အမြင်များအပေါ် အခြေအတင် ဆွေးနွေးကြပြီး ပိုင်းခြားစိတ်ဖြာ လေ့လာကြသည်။ ကျောင်းသားများသည် နီးနှောဖလှယ်ပွဲ မကျင်းပမီ ကြိုတင်ပြင်ဆင်သည့်အလုပ် သို့မဟုတ် ကြိုတင်စာဖတ်ခြင်းများကို အပြီးအစီး လုပ်ဆောင်ထားလေ့ရှိသည်။ ဆရာတစ်ဦးအနေဖြင့် ဦးဆောင်မည်ဆိုပါက နီးနှောဖလှယ်ပွဲကို ဦးဆောင်နေချိန်တွင် ကျောင်းသားများအားလုံးက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရန် မျှော်လင့်ထားရပါမည်။ နီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်းသည် ကျောင်းသားများ ရင်းနှီးကျွမ်းဝင်ပြီးသော အကြောင်းအရာများကို ပိုမိုလေးနက်စွာစဉ်းစားခြင်း ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ရန် အလွန်ကောင်းမွန်သော နည်းလမ်းဖြစ်သည်။

**တွေး-တွဲ-မျှဝေသင်ယူခြင်း (Think-Pair- Share)**

တွေး၊ တွဲ၊ မျှဝေခြင်းသည်ရိုးရှင်းပြီး သင်ယူသူများ မေးခွန်းတစ်ခုကိုဖြေရန် သို့မဟုတ် ပြဿနာတစ်ခုကို ဖြေရှင်းရန် အတူတကွ ဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ သင်၏ အတန်းတွင် တွေး၊ တွဲ၊ မျှဝေခြင်းကို အသုံးပြုရန် အောက်ပါအဆင့်များကို ဆောင်ရွက်ပါ။

၁။ **တွေးပါ။** ။ သင်မည့်အကြောင်းအရာနှင့် ပတ်သက်သော တိကျသည့် မေးခွန်းတစ်ခုကို မေးခြင်းဖြင့် အစပြုပါ။ ကျောင်းသားများအား ထိုမေးခွန်းနှင့် ပတ်သက်ပြီး ၎င်းတို့သိထားပြီးသော သို့မဟုတ် သင်ယူခဲ့ပြီးသော အကြောင်းကို စဉ်းစားပါစေ။

၂။ **ယှဉ်တွဲပါ။** ။ အတန်းဖော်နှင့် နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုငယ်ဖွဲ့ပါစေ။

၃။ **မျှဝေပါ။** ။ မိမိ၏အဖော်နှင့် နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုငယ်အတွင်းမျှဝေပါစေ။ မေးခွန်းနှင့် ပတ်သက်၍အခြားသူများ၏ အတွေးများကိုဆွေးနွေးပါစေ။ ဆရာက ဆွေးနွေးပွဲကို တစ်တန်းလုံး ပုံစံဖြင့် ချဲ့ထွင်သွားနိုင်ပါသည်။

## အနီးကပ်ဆွေးနွေးသင်ကြားခြင်း (Tutorials)

အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် ဆရာနှင့် ကျောင်းသားတစ်ဦးချင်း သို့မဟုတ် ဆရာနှင့် အုပ်စုငယ်လိုက် တွေ့ဆုံမှုဖြစ်သည်။ အနီးကပ် ဆွေးနွေးသင်ကြားခြင်းသည် တစ်ဦးတစ်ယောက်ချင်း အသေးစိတ်ဆွေးနွေးမှုနှင့် စိတ်ကူး အတွေးအခေါ် ဖော်ထုတ်ရှာဖွေမှုကို ပြုလုပ်နိုင်သည်။ ယင်းတို့သည် လူမှုရေးထိန်းကျောင်းမှု သို့မဟုတ် ပညာရပ်ဆိုင်ရာကိစ္စများကို အဓိကထား ဆွေးနွေးသည်။ အခြားဖြစ်နိုင်သော ဆွေးနွေးမှုများမှာ ပညာရပ်ဆိုင်ရာ အကြောင်းအရာနှင့် ပတ်သက်၍ အခက်အခဲ တွေ့နေသူ ကျောင်းသားများအား ထောက်ပံ့ကူညီရန် (သို့) အတန်းတွင်း သင်ယူမှုတွင် ပျက်ကွက်ခဲ့သူများကို ထောက်ပံ့ကူညီရာတွင် အသုံးပြုနိုင်သည်။

## အင်တာနက်အွန်လိုင်းစာမျက်နှာများအသုံးပြုခြင်း (Virtual learning Environment-VLE)

ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော ဤကိရိယာသည် အပိုဆောင်းသင်ယူရန်နှင့် ကိုယ်တိုင် သင်ယူရန် သင်ကြားပို့ချရေး နည်းလမ်းတစ်ခု ဖြစ်သည်။ ဤသင်ကြားနည်းတွင် လုပ်ငန်းများ၊ သင်ယူမှုစွမ်းရည်များ၊ ဝက်ဘ်ဆိုက်ဒ်နှင့် ချိတ်ဆက်မှုလင့်(ခ်)များကို မျှဝေပေးထားပြီး ဝီကီ၊ ဖိုရမ်နှင့် ဝက်ဘ်ဆိုက်ဒ်ကဲ့သို့သော ကိရိယာအမျိုးမျိုးကို အသုံးပြု၍ နားလည်သိရှိရန် စူးစမ်း ဖော်ထုတ်ကြသည်။ အင်တာနက် အွန်လိုင်းစာမျက်နှာများ၊ အွန်လိုင်းစာကြည့်တိုက် အသုံးပြုခြင်းနည်းလမ်းဖြင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ ရင်းမြစ်များကို ရရှိနိုင်သည်။

## အလုပ်ရုံဆွေးနွေးပွဲများ (Workshops)

အလုပ်ရုံဆွေးနွေးပွဲများမှာ အုပ်စုလိုက် ဆွေးနွေးမှုများ ဖြစ်ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ကျောင်းသားများသည် အကြောင်းအရာသစ်အပေါ် မိမိတို့၏ နားလည်သဘောပေါက်မှုနှင့် လေ့ကျင့်မှုများ တိုးတက်ဖွံ့ဖြိုးစေရန် ပါဝင်ဆောင်ရွက်ကြသည်။ ဤနည်းလမ်းသည် ပူးပေါင်း လုပ်ဆောင်မှု၊ ဆွေးနွေးမှုနှင့်အတူ ဆရာ၏ သင်ကြားပို့ချမှုလည်း ပါဝင်သည်။ အလုပ်ရုံ ဆွေးနွေးပွဲတွင် ခေါင်းစဉ်တစ်ခုကို အသေးစိတ် ဆွေးနွေးမှုများနှင့် သင်ယူနေသည်များကို အသုံးချ လေ့ကျင့်နိုင်ရန်အတွက် ကျောင်းသားများအား အခွင့်အရေးပေးသည်။

## စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်နည်းများအတွက် သင်ထောက်ကူသေတ္တာ

သင်ခန်းစာတစ်ခုကို မသင်ယူမီ၊ သင်ယူနေဆဲ၊ သင်ယူပြီးချိန်များတွင် ကျောင်းသားများ၏ သင်ယူမှုကိုကြီးကြပ်ပေးရန် မတူညီသော နည်းလမ်းများစွာ ရှိပါသည်။ ဤဆရာလမ်းညွှန်စာအုပ်တွင် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်မှု အမျိုးမျိုးကို ဖော်ပြထားသည်။ ကျောင်းသားများအား ၎င်းတို့၏ သင်ယူမှုကို နှုတ်အားဖြင့်သို့မဟုတ် စာအားဖြင့် အကဲဖြတ်သုံးသပ်ချက်များ ပေးခြင်းသည် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးကြီးသောအပိုင်း ဖြစ်ကြောင်း သတိထားရန် ဖြစ်ပါသည်။ ဆရာ၏ အကဲဖြတ်သုံးသပ်ချက်ပေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှု တိုးတက်မှုနှင့် အနာဂတ်လုပ်ငန်းအပေါ် ကူညီထောက်ပံ့မှုကို ပေးသည်။ သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်းအား ပရောဂျက်လုပ်ငန်း သို့မဟုတ် စာမေးပွဲကြီး၊ အစမ်းစာမေးပွဲများနှင့် စစ်ဆေးသော သင်ယူပြီး စစ်ဆေးအကဲဖြတ် ခြင်းမတိုင်မီ ကျောင်းသားများအား လေ့ကျင့်ရန် အခွင့်အလမ်းပေးခြင်း ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

ဤဆရာလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသော အသုံးများသည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများမှာ-

### သရုပ်ပြသင်ကြားခြင်း (Demonstration)

သရုပ်ပြသင်ကြားခြင်းဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့ သင်ယူနေသော ကျွမ်းကျင်မှုများကို ဆရာအား ပြသစေခြင်းဖြစ်သည်။ ဥပမာ - ကျောင်းသားများအား ကနည်းတစ်ခုကို ကပြစေခြင်း၊ သိပ္ပံလက်တွေ့စမ်းသပ်ချက်၏ အဆင့်တစ်ဆင့် သို့မဟုတ် ကာယပညာမှ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်စေခြင်းတို့ ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသား၏ တိုးတက်မှုကို ကြီးကြပ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်မှုများအနေနှင့် ဆရာကကျောင်းသား၏ သရုပ်ပြမှုအပေါ် ပေးသော သုံးသပ်ချက်သည် ထိုကျောင်းသား၏ ကျွမ်းကျင်မှု တိုးတက်စေရန် ကူညီထောက်ပံ့ ပေးသည်။

## အိမ်စာအလုပ်ပေးခြင်း (Homework assignments)

ကျောင်းသားများအား အကြောင်းအရာကို ဖတ်ပြီးမေးခွန်းဖြေစေခြင်း သို့မဟုတ် ထပ်ဆောင်းဖတ်စရာများဖတ်စေခြင်းစသည့် အိမ်စာလုပ်ငန်းပေး၍ စစ်ဆေးခြင်းသည် ကျောင်းသားများ သင်ယူမှုလမ်းကြောင်းမှန်ကန်ခြင်း ရှိ မရှိ ကို ကြီးကြပ်ပေးသော နည်းလမ်းကောင်းတစ်ခု ဖြစ်သည်။ ပေးသော အိမ်စာအလုပ်အလိုက် အဖြေများကို တစ်တန်းလုံးနှင့်ဆွေးနွေးခြင်း၊ ပြီးမြောက်မှုကို စစ်ဆေးပေးခြင်း၊ သုံးသပ်ချက်များရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

## နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသားခြင်း/ ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)

ကျောင်းသားများက မိမိတို့၏ ဆရာအတတ်ဖွံ့ဖြိုးမှု တိုးတက်မှုအပေါ် ခံစားချက်နှင့်အတွေးများကို နေ့စဉ်မှတ်တမ်းရေးခြင်း ဖြစ်သည်။ ကျောင်းသားများသည် ဆရာတစ်ဦး ဖြစ်လာရန်အတွက် မိမိတို့၏ တိုးတက်မှုများကို ထင်ဟပ်သုံးသပ်ခြင်းအားဖြင့် မိမိတို့၏ သင်ယူမှုကို လေးနက်စွာ စဉ်းစားစေရန် မှတ်တမ်းဂျာနယ်နှင့် ပြန်လည်ထင်ဟပ်စဉ်းစားခြင်းစာတမ်းများက ကူညီပေးသည်။ မိမိတို့၏ သင်ယူမှုကို သိရှိခြင်းဖြင့် ထင်ဟပ်သုံးသပ်ခြင်းသည် သင်ယူနေသော ဘာသာရပ်နှင့် အခြားဘာသာရပ်များကို ဆက်စပ်နိုင်ရန်၊ ကြုံတွေ့လာသောပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှ သင်ယူတတ်ရန် ကူညီပေးသည်။ ကျောင်းသားများက မှတ်တမ်းဂျာနယ်နှင့် ပြန်လည် ထင်ဟပ်စဉ်းစားခြင်းစာတမ်းများကို ပြင်ဆင်ရာတွင် ဆရာများက အလေးထား ဆင်ခြင်သုံးသပ်သင့်သော နယ်ပယ်များကို အကြံပေးနိုင်ပါသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင် - အတန်းတွင်းလှည့်လည်ခြင်း၊ အုပ်စုများ ဆွေးနွေးနေစဉ် နားထောင်ခြင်း နှင့် မျက်လုံးချင်းဆုံအောင် ကြည့်ခြင်းတို့သည် ကျောင်းသားများ အကြောင်းအရာအား နားလည်မှု ရှိပါသလား ဆိုသည်ကို ယေဘုယျအားဖြင့် သိနိုင်သော နည်းလမ်းကောင်းများ ဖြစ်ကြသည်။ ပိုမိုပုံစံကျသော ကြည့်ရှုလေ့လာခြင်းတွင် - ကျောင်းသား၏ အဖြေများ သို့မဟုတ် တင်ပြခြင်းကို စစ်ဆေးရန်အချက်များပါသော စာရင်း/ပုံစံ (Checklist) သို့မဟုတ် အမှတ်ပေးရန် စံသတ်မှတ်ချက်များပါသော စာရင်းပုံစံ (Criteria) ကို အသုံးပြုပြီး ကြည့်ရှုလေ့လာ စစ်ဆေးသည်။ ထို့နောက် ကြည့်ရှုလေ့လာခဲ့သော တွေ့ရှိချက်များအပေါ် အခြေခံပြီး တုံ့ပြန်သုံးသပ်ချက်များကို ပေးသည်။

## အချင်းချင်းစစ်ဆေးအကဲဖြတ်မှု (Peer Assessment)

ကျောင်းသားများအား မိမိတို့အချင်းချင်း၏ အလုပ်ကို အကဲဖြတ်သုံးသပ်စေခြင်း သို့မဟုတ် အကဲဖြတ် ထင်မြင်ချက်ပေးစေခြင်းအား အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းဟု ခေါ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများတွင် ကျောင်းသားများက စံသတ်မှတ်ချက်များ အပေါ် အခြေခံပြီး အချင်းချင်း တုံ့ပြန်သုံးသပ်ချက်များ ပေးနိုင်ရန် စစ်ဆေးရန် အချက်များ ပါသောစာရင်း (Checklist) သို့မဟုတ် အမှတ်ပေးစံများပါသောဇယား (Rubric) လိုအပ်ပါသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားချိန်အတွင်း ကျောင်းသားများ အချင်းချင်း အပြန်အလှန် ကြည့်ရှု လေ့လာပြီး ကြည့်ရှုလေ့လာသည့်ပုံစံကို ဖြည့်ခြင်းသည်လည်း အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်း ပုံစံတစ်ခု ဖြစ်သည်။

## တင်ပြခြင်း (Presentation)

တင်ပြခြင်းသည် သရုပ်ပြသင်ကြားခြင်းနှင့် ဆင်တူဖြစ်သည်။ သို့သော် ကျောင်းသားများဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပို၍ ပြုလုပ်ရသည်။ အုပ်စု သို့မဟုတ် တစ်ဦးချင်းစီအား ၎င်းတို့၏ လုပ်ငန်းကို သင်ခန်းစာ ပြီးဆုံးချိန်တွင် တင်ပြစေခြင်းသည် နားလည်မှုကို စစ်ဆေးရန်၊ အသိမှားများကို ပြင်ပေးရန်နှင့် တုံ့ပြန်သုံးသပ်ချက်ပေးရန် အကောင်းဆုံး အခွင့်အလမ်း ဖြစ်သည်။

## စီမံချက်များ (Projects)

စီမံချက်များသည် ကျောင်းသားများတစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက်ပူးပေါင်းပြီး ပြီးဆုံးအောင် ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဤလုပ်ငန်းများသည် ကျောင်းသားများ၏ ဘာသာ ရပ်ဆိုင်ရာ အသိပညာနားလည်မှုနှင့် လုပ်ငန်းပြုလုပ်ရင်း တတ်မြောက်သွားသော ဒီဇိုင်းဆွဲခြင်း၊ လိုအပ်သော အစီအစဉ်များ ပြုလုပ်ခြင်းနှင့် စီမံချက်လုပ်ငန်းများ ပြုစုခြင်းမှ တစ်ဆင့် တတ်ကျွမ်းမှုများကို ပြသခွင့် ရရှိစေသည်။ ကျောင်းသားများသည် ခေါင်းစဉ်တစ်ခု သို့မဟုတ် နေ့စဉ်ဘဝပြဿနာတစ်ခုကို စူးစမ်းရှာဖွေလေ့လာရန် စီမံချက်/ ပရောဂျက်တစ်ခုပြီးဆုံးသည် အထိ အချိန်အတန်ကြာအောင် ဆောင်ရွက်ကြရသည်။ ဆရာသည် အမှတ်ပေးစံများပါသော ဇယား(Rubric) အပါအဝင် စီမံချက်လုပ်ငန်းများ ပြီးစီးစေရန် ကျောင်းသားများအား ညွှန်ကြား ချက်များ ထောက်ပံ့ပေးကြရန် မေတ္တာရပ်ခံပါသည်။

## အမေးအဖြေများ (Question and answer)

ကျောင်းသားများသည် သင်ယူနေသော အကြောင်းအရာကို နားလည်သဘောပေါက်မှု ရှိသည် မရှိသည်ကို သိရှိရန် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများမေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။ အမေးအဖြေများ ပြုလုပ်နေစဉ် မတူညီသော ကျောင်းသားအမျိုးမျိုးအား အဖြေပေးရန် ဖိတ်ခေါ်ပါ။ မှန်ကန်သော အဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကိုမေး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင် သကဲ့သို့ တစ်ခုထက်ပိုသော အဖြေများပေးနိုင်သည့်မေးခွန်းများကို မေးခြင်းဖြင့် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုကို ပိုမိုဖြစ်ထွန်းစေပြီး လေးနက်စွာဆွေးနွေးမှုကို လေ့ကျင့်ပေးနိုင်သည်။

## ဉာဏ်စမ်းမေးခွန်း (Quiz)

ကျောင်းသားများ၏ အသိပညာ ဗဟုသုတကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို အတန်းအတွင်းတွင် တစ်တန်းလုံးလုပ်ငန်းအဖြင့် သော် လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေခြင်းဖြင့် သော်လည်းကောင်း စစ်ဆေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း သို့မဟုတ် စာမေးပွဲကြီးအတွက် လေ့ကျင့်ပေးသော နည်းလမ်းတစ်ခုအဖြစ်လည်း သုံးနိုင်သည်။

## မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)

ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအား ၎င်းတို့ အတွက် လိုအပ်နေသေးသော အသိပညာ၊ ကျွမ်းကျင်မှုများကို နားလည် သဘောပေါက်စေပြီး ၎င်းတို့ကို ဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များ ချမှတ်ရန် ကူညီပေးသည်။ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား မိမိ၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိမိ ကိုယ်တိုင် တာဝန်ယူတတ်စေရန် အားပေးသော နည်းလမ်း ဖြစ်သည်။ အချင်းချင်း စစ်ဆေး အကဲဖြတ်ခြင်း ကဲ့သို့ပင် ကျောင်းသားများအား ၎င်းတို့ လုပ်ဆောင်ရမည့်လုပ်ငန်း သို့မဟုတ် တတ်မြောက်ထားရမည့် ကျွမ်းကျင်မှုများအား မည်သို့ အသုံးချရမည်နှင့် စစ်ဆေးအကဲဖြတ်စံ သတ်မှတ်ချက်များကို နားလည်ရန်နှင့် အသုံးပြုတတ်စေရန် ဆရာက ကူညီပြသပံ့ပိုးပေးရန် လိုအပ်ပါလိမ့်မည်။

**ရေးဖြေစာမေးပွဲများ (Written examinations)**

ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အခြေခံအသိပညာနှင့် သင်ယူရမည်များ (ဘာသာရပ်) ကို သင်ယူနေစဉ်အတွင်း သက်ဆိုင်ရာ သင်ကြားနည်း အတတ်ပညာများကို ပြန်လည်ထင်ဟပ် သုံးသပ်မှုတို့ကို စစ်ဆေးရန် ရေးဖြေစာမေးပွဲများကို ပုံမှန်အားဖြင့် စာသင်နှစ်ဝက် အဆုံးတိုင်းတွင် ကျင်းပပါသည်။

## သင်ခန်းစာတစ်ခုကို သင်ယူတတ်စေရန် ကူညီပံ့ပိုးပေးရာ၌ ကျင့်သုံးသင့်သော ယေဘုယျ နည်းလမ်းများ

ဤဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုနည်းလမ်းအချို့သည် သင့်အတွက် အသစ် အဆန်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ကျောင်းသားများအား ရရှိသွားစေလိုသော သင်ယူမှုရလဒ်များများကို ရရှိနိုင်စေရန် အဆိုပါ သင်ယူမှုနည်းလမ်းများကို သင်ခန်းစာများတွင် မည်သို့အသုံးပြုရမည် ဆိုသည်နှင့် ပတ်သက်၍ ဆရာသည် သေချာစွာဂရုတစိုက် စီစဉ်ရန် အချိန်ယူသင့်ပါကြောင်း အကြံပြုလိုပါသည်။

အောက်ဖော်ပြပါ အချက်များသည် ကျောင်းသားများ သင်ယူရေးတွင် အထောက်အကူ ဖြစ်စေရန် အကူအညီပေးနိုင်ရေးအတွက် ဖြည့်စွက်အကြံပြုချက်အချို့ ဖြစ်ပါသည်။

သင်ကြားပို့ချမှု မပြုလုပ်မီသင်သည် အောက်ပါအချက်များကို လုပ်ဆောင်နိုင်ပါသည်။

- သင်ကြားပို့ချရန် သင်ခန်းစာပါ အကြောင်းအရာပမာဏ အနည်းငယ်ကို ရွေးချယ်ပါ။ မှတ်သားထား ရမည့်အချက်မှာ ယေဘုယျအားဖြင့် မိနစ် ၅၀ စာသင်ချိန်၏ (၃)ပုံ (၁)ပုံကိုသာ သင်ခန်းစာပါ အကြောင်းအရာ သင်ကြားပို့ချရန် အသုံးပြုသင့်သည်ကို သတိရပါ။ သို့မှသာလျှင် ကျောင်းသားများ သင်ကြားသည့် အကြောင်းအရာများ၊ ကျွမ်းကျင်မှုစွမ်းရည်များကို လေ့ကျင့်နိုင်ရန် လုံလောက်သော အချိန်ကို ရရှိမည်ဖြစ်ပြီး သင်ခန်းစာများကို ပို၍နက်နဲစွာ နားလည် သဘောပေါက်နိုင်မည် ဖြစ်သည်။

- သင်ခန်းစာ အကြောင်းအရာမှ ကျောင်းသားများသင်ယူရန် အရေးပါဆုံးဟု ထင်မြင်ယူဆသော အဓိကအချက်များကို မှတ်စုရေးထားပါ။ အတန်းတွင်း သင်ကြားပို့ချမှုများ ပြုလုပ်သည့်အခါ ယင်းအဓိကအချက်များကို မပျက်မကွက် ဆွေးနွေးမိစေရန် အဆိုပါ မှတ်စုကို ကိုးကားပါ။
- အကြောင်းအရာကို မည်သို့ သင်ကြားပို့ချပေးမည်ဆိုသည်နှင့် သင်ယူမှုလုပ်ငန်းများကို မည်သို့ ဆောင်ရွက်မည်ဆိုသည့် အချက်နှင့် ပတ်သက်၍ ရှင်းလင်းသေချာအောင် လုပ်ဆောင်ပါ။ လိုအပ်ပါက ဤလမ်းညွှန်စာအုပ်ပါ အကြံပြုချက်များကို ကိုးကားပါ။ အခြားဆရာများနှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ သင်၏ စာသင်ခန်းအခြေအနေနှင့် ကိုက်ညီသော သင်ယူမှုလုပ်ငန်းများကို ကောင်းစွာလုပ်ဆောင်နိုင်ရန် အကြံပြုထားသော သင်ယူမှုအဆင့်များကို လွတ်လပ်စွာ ပြောင်းလဲမှု ပြုလုပ်နိုင်သည်။
- သင်ယူမှုလုပ်ငန်းတစ်ခုစီအတွက် တစ်ဆင့်ပြီးတစ်ဆင့် မည်သို့လုပ်ဆောင်ရမည်ကို ကျောင်းသားများ နားလည်နိုင်စေရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာ ရေးသားပြင်ဆင်ထားပါ။ ဤညွှန်ကြားချက်များကို ပါဝါပွိုင့်ပြင်ဆင်၍ ဖြစ်စေ၊ လက်ကမ်းစာစောင်အနေဖြင့်ဖြစ်စေ၊ သင်ပုန်းပေါ်တွင် စာဖြင့် ရေးသား၍လည်း ပြသနိုင်ပါသည်။ ညွှန်ကြားချက်များကို ကျောင်းသားများ အားလုံး ဖတ်ရှုနိုင်လောက်သည့် စာလုံးကြီးကြီးဖြင့် ရေးပါ။
- ညွှန်ကြားချက်များကို ဖြည်းဖြည်းနှင့်မှန်မှန် တစ်ဆင့်ပြီးတစ်ဆင့် နှုတ်ဖြင့်ရှင်းပြနိုင်ရန် ကြိုတင် လေ့ကျင့်ထားနိုင်ပါသည်။ ဤသို့လေ့ကျင့်ထားခြင်းသည် လုပ်ငန်းမစတင်မီ ကျောင်းသားများအား ညွှန်ကြားချက်များကို ရှင်းပြရန်အတွက် အဆင်သင့် ဖြစ်စေပါလိမ့်မည်။ ကျောင်းသားများသည်လည်း သူတို့မည်သည့်အရာအား ပြုလုပ်ရမည်ဆိုသည်ကို နားလည် သဘောပေါက်ကြမည် ဖြစ်သည်။ ဤသို့ ကြိုတင်လေ့ကျင့်ခြင်းကို မိတ်ဆွေတစ်ဦး (သို့မဟုတ်) လုပ်ဖော် ကိုင်ဖက်တစ်ဦးနှင့် ပြုလုပ်နိုင်ပါသည်။ ထို့ပြင် မည်သည့်အကြောင်းအရာများကို ပိုမိုရှင်းလင်းစွာ ရှင်းပြရန် လိုအပ်သည်များရှိပါက အကြံပြု ပြောဆိုရန် ၎င်းတို့အားတောင်းဆိုပါ။

- အချိန်ရပါက သင်ယူမှုလုပ်ငန်း လုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများအား လုပ်ဆောင်စေလိုသော လုပ်ငန်းလုပ်ဆောင်ပုံကို နမူနာသရုပ်ပြရန် ပြင်ဆင်ပါ။ ဤနမူနာ လုပ်ဆောင်ပြမှုတွင် အခြားဆရာတစ်ဦး သို့မဟုတ် နှစ်ဦးအား ကျောင်းသားများအဖြစ် ပါဝင်စေပြီး အချိန်တို သရုပ်ဆောင်သင်ကြားသင်ယူမှု (short role-play) ကို လုပ်ဆောင်နိုင်ပါသည်။ ဤသို့လုပ်ဆောင်မှုသည် ကျောင်းသားများအား သူတို့ မည်သည့်အရာကို လုပ်ဆောင်သင့်ကြောင်း တိကျစွာ တွေ့မြင်နိုင်စေမည် ဖြစ်သည်။

  အကယ်၍ သင်ယူမှုလုပ်ငန်းပြီးဆုံးချိန်တွင် ကျောင်းသားများအား တစ်စုံတစ်ခုပြုလုပ် ဖန်တီးစေရန် မျှော်မှန်းထားသည်ဆိုပါက သင့်အနေဖြင့် နမူနာတစ်ခု (သို့) လုပ်ငန်းအပြီး ရရှိမည့် ရလဒ်တစ်ခုကို ပြင်ဆင်ထားရပါမည်။ ဤသည်မှာ ကျောင်းသားများ လုပ်ငန်းပြုလုပ်နေစဉ်အတွင်း ၎င်းတို့အနေဖြင့် မည်သည့်အရာကို ဖန်တီးရမည်ကို ရည်ရွယ်ထားသင့်ကြောင်းကို ပြသနိုင်ရန်၊ သိရှိစေရန်အတွက် ဖြစ်ပါသည်။

စာသင်ခန်းအတွင်း သင်ခန်းစာမစမီ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းတစ်ခုခု မပြုလုပ်မီ အောက်ပါ အချက်များကို အသုံးပြုနိုင်မည်ဆိုပါကများစွာ အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- လုပ်ဆောင်ရန် ညွှန်ကြားထားသော အလုပ်များကို ကျောင်းသားများ လုပ်ဆောင်နိုင်ရန် လိုအပ်သည်များနှင့် သင်ယူမှုဆိုင်ရာ အထောက်အကူပြု ပစ္စည်းများကို ပေးဝေပါ။ e-libray အား ကောင်းစွာအသုံးချရန်နှင့် လိုအပ်သော သင်ကြားသင်ယူမှု အထောက် အကူပစ္စည်းများကို e-library (သို့) အွန်လိုင်းမှ ရယူရန် ကျောင်းသားများအား တိုက် တွန်းပါ။
- သင်ခန်းစာ အကြောင်းအရာများကို သင်ကြားပို့ချရာတွင် သင်လုပ်ဆောင်စေလိုသော သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ကျောင်းသားများအား နားလည်စေရန် ရှင်းလင်းသော ညွှန်ကြားချက်များကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့် ဖြစ်စေ ပေးပါ။
- ကျောင်းသားများ လုပ်ဆောင်သင့်သည်များကို အချိန်တို သရုပ်ဆောင် သင်ကြား သင်ယူခြင်းနည်း (short role-play) ကို အသုံးပြုပြီး နမူနာလုပ်ပြပါ။

- အတန်းမစမီ သင်ပြင်ဆင်ထားသော သင်ယူမှုရလဒ် နမူနာပုံစံကို ကျောင်းသားများအား ပြသပါ။
- သင်ယူမှုလုပ်ငန်းအား မည်သို့ပြုလုပ်ရမည်ဆိုသော ညွှန်ကြားချက်များအား နားလည်ကြောင်း သေချာစေရန် ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦး သုံးဦးအား ၎င်းတို့ နားလည်သလို ကိုယ်ပိုင်စကားအသုံးအနှုန်းဖြင့် အတန်းသို့ ပြန်လည်ရှင်းပြစေပါ။
- ကျောင်းသားများအား လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန် အချိန်မည်မျှရမည် ဖြစ်ကြောင်း ပြောပြထားပါ။

စာသင်ချိန်အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှုကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင် ပို့ချသင်ကြားပေးသော သင်ခန်းစာအကြောင်းအရာများ သို့မဟုတ် ၎င်းတို့ လုပ်ဆောင်နေသော သင်ယူမှုလုပ်ငန်းအား ကျောင်းသားများ နားလည်သဘောပေါက်မှု ရှိသည် မရှိသည်ဟု ယူဆရသောလက္ခဏာ သွင်ပြင်များကို အကဲခတ်ကြည့်ပါ။ အကယ်၍ အချို့အချက်များသည် ကျောင်းသားများအတွက် နားလည်ရန် ခက်ခဲနိုင်သည်ဟု သံသယ ဖြစ်ပါက ၎င်းခက်ခဲသော သတင်းအချက်အလက်များကို အခြား မတူကွဲပြားသော နည်းလမ်းဖြင့် ရှင်းပြပေးခြင်း (သို့မဟုတ်) ထိုသတင်းအချက်အလက်များကို တစ်ပိုင်းစီ ခွဲထုတ်ပြီး အပိုင်းလိုက် ရှင်းပြခြင်းကို ပြုလုပ်နိုင်သည်။
- စာသင်ခန်း၏ နေရာအနှံ့ လှည့်လည်သွားလာပြီး အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါသည်။
  - ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။
  - ကျောင်းသားများတွင် မေးစရာမေးခွန်းများရှိလျှင် ဖြေဆိုပေးပါ။
  - ကျောင်းသားများတွင် သင်ယူမှုလုပ်ငန်းစဉ်များ လုပ်ဆောင်ရန် လိုအပ်သည်များ အားလုံး ရှိနေကြောင်း သေချာပါစေ။
  - ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများအား ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်နေခြင်း ရှိ မရှိ လေ့လာကြည့်ခြင်းအားဖြင့် ကျောင်းသားများ၏ နားလည် သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။

- ကျောင်းသားများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးပါ။
- အကယ်၍ နားလည်မှု လွဲနေကြောင်း စုံစမ်းသိရှိရလျှင် ထိုကျောင်းသားအား တိုက်ရိုက်ပြောဆို ရှင်းလင်းပါ။ ကျောင်းသားအားလုံး အကျိုးရှိမည့် အချက်ဖြစ်ပါက ကျောင်းသားအားလုံးကို အာရုံစိုက်ရန်ပြောပြီး ကျောင်းသားတိုင်း သိအောင် ရှင်းပြပေးပါ။
- သင်ခန်းစာများရှေ့မဆက်မီ 'ရပ်တန့်ပါ၊ စဉ်းစားပါ' ညွှန်ကြားချက်အကွက်တွင် ပါရှိသည့် အလေးပေး သိစေလိုသော အချက်များကို ကျောင်းသားများ ကောင်းစွာ သင်ယူနေကြောင်းကို သေချာစေရန်အတွက် ဖြစ်သည်။

အတန်းပြီးဆုံးချိန်တွင် အောက်ပါအချက်များလုပ်ဆောင်ခြင်းဖြင့် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ခန်းစာသင်ယူမှု ပြီးဆုံးချိန်တွင် ကျောင်းသားများအနေဖြင့် မည်မျှ နားလည်သွားသည်ကို ဆန်းစစ်အကဲခတ်ပါ။ ဤသို့ပြုလုပ်ခြင်းသည် သင်ခန်းစာကို အနှစ်ချုပ်ရန် အခွင့်အလမ်းကို ရစေပြီး၊ ကျောင်းသားများ၏ သင်ယူမှုရလဒ် ပေါက်မြောက်မှုကိုလည်း အချုပ်အားဖြင့် စစ်ဆေး အကဲဖြတ်နိုင်သည်။ ဤသင်ခန်းစာ သင်ကြားသင်ယူမှုက ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) နှင့် ကိုက်ညီအောင် မည်သို့ ထောက်ပံ့ပေးကြောင်းကိုလည်း နားလည်သဘောပေါက် စေပါသည်။
- သင်ကြားပို့ချပေးထားသော အကြောင်းအရာများထဲမှ ကျောင်းသားများအား ၎င်းတို့ အထူးသဖြင့် စိတ်ဝင်စားသည်ဟု ယူဆမှတ်ယူသော သို့မဟုတ် ၎င်းတို့ကို အံ့အားသင့်စေသော အချက်တစ်ခုကို ပြန်လည် ဝေမျှရှင်းလင်းစေခြင်းဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို အကဲဖြတ်နိုင်သည်။
- လတ်တလော သင် ပို့ချသင်ကြားပေးထားသော သင်ခန်းစာ အကြောင်းအရာအပေါ် မေးခွန်းများ မေးရန်နှင့် ဝေဖန်သုံးသပ်မှုများ ပြုလုပ်ရန် ကျောင်းသားများကို တိုက်တွန်းအားပေးနိုင်သည်။
- ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား သင်ယူမှုလုပ်ငန်းပြုလုပ်ချိန်အတွင်း ၎င်းတို့ လုပ်ဆောင်ခဲ့သည်များကို ပြန်လည်ဝေမျှရှင်းလင်းပေးရန် ညွှန်ကြားပါ။ အကယ်၍ သင်ယူမှုလုပ်ငန်းသည် သင်ကြားသင်ယူမှုပြီးနောက် ရရှိလာမည့်ရလဒ်အတွက် ပြင်ဆင်လုပ်ဆောင်ခြင်း မဟုတ်ပါက ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား ဤလုပ်ငန်းမှ ၎င်းတို့ သင်ယူရရှိခဲ့သော အရာများကို ဖော်ပြပေးရန် ညွှန်ကြားပါ။

- ကျောင်းသားတစ်ဦးစီမှ ၎င်းတို့၏ သင်ယူမှုလုပ်ငန်း သို့မဟုတ် အတွေးစိတ်ကူးများကို ဝေမျှတင်ပြပြီးပါက ၎င်းတို့ ဝေမျှပေးလိုက်သော အကြောင်းအရာမှ အတန်းသို့ အလေးပေး ဖော်ပြလိုသည့် ရှုထောင့်တစ်ခု သို့မဟုတ် နှစ်ခုကိုရွေးချယ်ပါ။ သင်ရွေးချယ်သောအချက်များသည် သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်ပြီး ကျောင်းသားများအားလုံး သင်ယူမှတ်သားစေလိုသည့် အဓိကအချက်များ ဖြစ်သင့်သည်။

စာသင်ခန်းအတွင်းတွင် ကျောင်းသားများ လွတ်လပ်စွာ မေးခွန်းများ မေးနိုင်သော၊ ၎င်းတို့၏ အတွေးအမြင်များကို မျှဝေပေးနိုင်သော၊ လုံခြုံစိတ်ချမှုရှိသော သင်ယူမှု ဝန်းကျင်တစ်ခုကို ဖန်တီးတည်ဆောက်ရန် ဟူသော အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုကို ဆရာတစ်ဦးအနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ သင်၏အကြံပြုချက်နှင့် ဝေဖန်သုံးသပ်ချက်များသည် ကျောင်းသားများအား မြန်မာနိုင်ငံ၏ ကလေးသူငယ်များနှင့် လူငယ်များ၏ သင်ယူမှုနှင့် ဘက်စုံဖွံ့ဖြိုးမှုကို ထောက်ပံ့မှုပေးနိုင်သည့် ဆရာများ ဖြစ်လာစေရန် ကူညီထောက်ပံ့ ပေးနိုင်မည် ဖြစ်ပါသည်။

## မာတိကာ အကြောင်းအရာ

### ဇယား (ခ)။ ပထမနှစ်၊ ပထမစာသင်နှစ်ဝက် စာရိတ္တနှင့် ပြည်သူ့နီတိ မာတိကာ အကြောင်းအရာ

| အခန်း | အခန်းငယ် | သင်ခန်းစာ | သင်ယူမှုရလဒ် | TCSF | သင်ချိန် |
|---|---|---|---|---|---|
| ၁။ စာရိတ္တနှင့် ပြည်သူ့နီတိ မိတ်ဆက် | ၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိ ဆိုသည်မှာ အဘယ်နည်း။ | ၁.၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိ ပညာရေး၏ သဘာဝကို မိတ်ဆက်ခြင်း။ | • ၎င်းတို့၏ ယခုစာရိတ္တနှင့် ပြည်သူ့နီတိ အပေါ် နားလည်ခြင်းကိုပြန်လည် သုံးသပ်တတ်မည်။<br>• စာရိတ္တနှင့် ပြည်သူ့နီတိကို အဓိပ္ပာယ်သတ်မှတ် တတ်မည်။ | (ဂ) (၁.၁)<br>(ဂ) (၁.၂) | ၁ |
| | ၁.၂။ စာရိတ္တနှင့်ပြည်သူ့နီတိသင်ကြားရခြင်း၏ ရည်ရွယ်ချက်။ | ၁.၂.၁။ မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၏ ရည်ရွယ်ချက်။ | • မူလတန်း ကျောင်းသားများ အဘယ်ကြောင့် စာရိတ္တနှင့် ပြည်သူ့နီတိသင်ကြားရကြောင်း ရှင်းလင်းတတ်မည်။ | (က) (၄.၁) | ၁ |
| | | ၁.၂.၂။ ပညာရေး ကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးကို ခြုံငုံ သုံးသပ်ချက်။ | • မူလတန်းကျောင်းများတွင် စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားရန် ဆရာအတတ်သင် ပညာရေး သင်ရိုးညွှန်းတမ်းက ဆရာများကို ပြင်ဆင်ပေးပုံကို ရှင်းပြတတ်မည်။ | (က) (၄.၁)<br>(ဂ) (၁.၁)<br>(ဂ) (၁.၂) | ၁ |

| အခန်း | အခန်းငယ် | သင်ခန်းစာ | သင်ယူမှုရလဒ် | TCSF | သင်ချိန် |
|---|---|---|---|---|---|
| | ၁.၃။ အခြေခံပညာ သင်ရိုးကို သိခြင်း။ | ၁.၃.၁။ မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုး ညွှန်းတမ်း။ | • မူလတန်း ကျောင်းသားများ အတွက် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်တွင် အဘယ်ကြောင့် ရွေးချယ်ထားသော သင်ခန်းစာ ခေါင်းစဉ်များနှင့် တတ်ကျွမ်းမှု များ သင်ကြားပေး ရကြောင်း၊ သင်ခန်းစာကို မည်ကဲ့သို့ အလေးပေးပုံနှင့် ပထမတန်းနှင့် ပဥ္စမတန်းကြား သင်ယူမှု လုပ်ငန်းရပ်များ တိုးတက်မှုကို ဆွေးနွေးတတ်မည်။ | (က) (၄.၁) (က) (၄.၁.၁) | ၁ |
| | | ၁.၃.၂။ မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြား သင်ယူမှု အဆင့် သုံးဆင့်။ | • မူလတန်းစာရိတ္တနှင့် ပြည်သူ့ နီတိ သင်ကြားသင်ယူမှု အဆင့် သုံးဆင့်ကို သတ်မှတ်တတ်မည်။ | (က) (၁.၁) (ခ) (၁.၃) (ဂ) (၁.၂) | ၂ |
| ၂။ လူမှုရေး ကျင့်ဝတ်။ | ၂.၁။ လူမှုရေး ကျင့်ဝတ်၏ အဓိက ဆိုလို ရင်း အချက် များ။ | ၂.၁.၁။ လူမှုရေး ကျင့်ဝတ်ကို မိတ်ဆက်ခြင်း။ | • မြန်မာ့လူ့အဖွဲ့ အစည်းနှင့် မူလတန်း စာရိတ္တနှင့် ပြည်သူ့ နီတိသင်ရိုးညွှန်းတမ်းတွင် လူမှုရေးကျင့်ဝတ်များ အရေးကြီး ပုံကို ဖော်ပြတတ်မည်။<br>• လူမှုရေးကျင့်ဝတ် ဘာသာ ရပ်နှင့်အညီ မည်သို့ဆက်သွယ် ရမည်၊ စဉ်းစားရမည်၊ ပြုမူရ မည်ကို နားလည်လာမည်။ | (က) (၄.၁) (ဂ) (၁.၁) | ၁ |

| အခန်း | အခန်းငယ် | သင်ခန်းစာ | သင်ယူမှုရလဒ် | TCSF | သင်ချိန် |
|---|---|---|---|---|---|
| | ၂.၂။ ကျောင်းပတ်ဝန်းကျင်တွင် အပြန်အလှန်လေးစားခြင်း။ | ၂.၂.၁။ အပြန်အလှန် လေးစားမှုရှိသော ကျောင်းဝန်းကျင် အခြေအနေကို ဖန်တီးခြင်း။ | • အပြန်အလှန်လေးစားခြင်း၏ တန်ဖိုးကို ရှင်းပြတတ်မည်။<br>• လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းသားများ၊ မိဘများနှင့် ရပ်ရွာ အဖွဲ့အစည်းအတွင်း တစ်ဦးကိုတစ်ဦး လေးစားခြင်း၏ အရေးကြီးပုံကို စစ်ဆေးတတ်မည်။<br>• ဘေးကင်းလုံခြုံသော ကျောင်းပတ်ဝန်းကျင်ဖန်တီးရာတွင် အပြန်အလှန်လေးစားခြင်း၏ အပြုသဘောဆောင် နောက်ဆက်တွဲကို ရှင်းပြတတ်မည်။ | (က) (၄.၁)<br>(ဂ) (၁.၁) | ၁ |
| | ၂.၃။ မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှုနှင့် ထောက်ထားညှာတာမှု။ | ၂.၃.၁။ မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှုနှင့် ထောက်ထားညှာတာမှုများကို နားလည်သဘောပေါက်ခြင်း။ | • မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှုနှင့် ထောက်ထားညှာတာမှုတို့ကို မူလတန်း ကျောင်းသားများ၏ ဘက်စုံလွှမ်းခြုံသော ဖွံ့ဖြိုးတိုးတက်မှု အတွက် အရေးပါသော ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများအဖြစ် နားလည်သဘောပေါက်၊ အသိအမှတ်ပြုတတ်မည်။ | (က) (၄.၁)<br>(ခ) (၁.၂)<br>(ခ) (၁.၃) | ၁ |
| | ၂.၄။ ထိရောက်မှုရှိပြီး ယဉ်ကျေးသော ဆက်သွယ် ပြောဆိုမှု။ | ၂.၄.၁။ ထိရောက်သော ဆက်သွယ်ပြောဆိုမှုနှင့် ယဉ်ကျေးသောအပြုမူများကို နားလည်သိရှိခြင်း။ | • ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် ဆက်သွယ်ပြောဆိုရာတွင် ယဉ်ကျေးသော အပြုအမူနှင့် မယဉ်ကျေးသော အပြုအမူတို့ကို ကွဲကွဲပြားပြားခွဲခြားတတ်မည်။ | (က) (၄.၁)<br>(ဂ) (၁.၁) | ၁ |

| အခန်း | အခန်းငယ် | သင်ခန်းစာ | သင်ယူမှုရလဒ် | TCSF | သင်ချိန် |
|---|---|---|---|---|---|
| | ၂.၅။ မူလတန်း အဆင့် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ် သင်ကြားမှု၊ သင်ယူမှု နည်းလမ်းများ။ | ၂.၅.၁။ သင်ကြားမှု၊ သင်ယူမှု နည်းလမ်း သုံးမျိုး ။ | • လူမှုရေးကျင့်ဝတ်နှင့်စာရိတ္တတန်ဖိုးများအပေါ် ဇဟိုပြုလျက် မူလတန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နီတိသင်ရိုး ညွှန်းတမ်း တွင်ပါရှိသော သင်ကြားရေးနှင့် သင်ယူရေး ဆိုင်ရာ နည်းလမ်း (၃)ခုကို သိရှိနားလည်လာမည်။ | (က) (၄.၁)<br>(ခ) (၁.၂)<br>(ဂ) (၁.၂) | ၂ |
| စာသင်ချိန် စုစုပေါင်း | | | | | ၁၂ |

# အခန်း ၁

# စာရိတ္တနှင့် ပြည်သူ့နီတိမိတ်ဆက်

စာရိတ္တနှင့် ပြည်သူ့နီတိမိတ်ဆက်အခန်းသည် ကျွန်ုပ်တို့၏ လက်ရှိစာရိတ္တနှင့် ပြည်သူ့နီတိအပေါ်တွင် ထားရှိသော အယူအဆ သဘောထားနှင့် နိုင်ငံတကာစာပေများမှ အယူအဆများကို စူးစမ်းလေ့လာပါသည်။ ဤအခန်းတွင် စာရိတ္တနှင့် ပြည်သူ့နီတိပညာရေးသည် မည်သို့မည်ပုံ ကျောင်းသားကောင်းတစ်ဦးအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်လာပုံကို စစ်ဆေးပါသည်။ ထိရောက်သော စာရိတ္တနှင့် ပြည်သူ့နီတိပညာရေးသည် ကျောင်းသားများ သူတို့၏ အိမ်၊ အဖွဲ့အစည်း၊ နိုင်ငံနှင့် ကမ္ဘာကြီးတွင် ရှိနေသော လူမှုအဖွဲ့အစည်းနှင့် အပြုသဘောဆောင်ဆက်စပ်ပတ်သက်မှုအတွက် မရှိမဖြစ် လိုအပ်ပါသည်။ ပြည်သူ့နီတိပညာရေးသည် ပိုမိုကောင်းမွန်သော လူမှုအဖွဲ့အစည်း တည်ဆောက်ရာတွင် တက်ကြွစွာ ပါဝင်ပတ်သက်သော လိုလားနှစ်လိုဖွယ် နိုင်ငံသားကောင်းတစ်ဦး ဖြစ်စေရန် လိုအပ်ပါသည်။ စာရိတ္တပညာရေးသည် လူမှုအဖွဲ့အစည်းနှင့် အဖွဲ့အစည်းအတွင်း အခြားသူများနှင့် ငြိမ်းချမ်းစွာ နေထိုင်ရေးအတွက် အရေးပါသော တန်ဖိုးများကို ဖန်တီးပေးပါသည်။

စာရိတ္တနှင့် ပြည်သူ့နီတိမိတ်ဆက်မှတစ်ဆင့် ကျောင်းသားများသည် မြန်မာနိုင်ငံ မူလတန်းသင်ရိုးညွှန်းတမ်းမှ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်သည် စာရိတ္တနှင့် ပြည်သူ့နီတိဆိုင်ရာ ခေါင်းစဉ် အမျိုးမျိုးနှင့် သက်ဆိုင်သည့် အဓိက ရည်ရွယ်ချက် ၄ ရပ်အပေါ် မည်ကဲ့သို့ အခြေပြုတည်ဆောက်ထားသည်ကို နက်ရှိုင်းစွာ လေ့လာရမည်ဖြစ်ပါသည်။ မူလတန်းသင်ရိုးညွှန်းတမ်းကို သဘောတရား၊ ဘာသာရပ်၏ရည်ရွယ်ချက်၊ သင်ကြားမှုသင်ယူမှု ဖြစ်စဉ်တို့အပါအဝင် ယင်း၏ အဓိကကျသော အစိတ်အပိုင်းများဖြင့် စစ်ဆေးမည်ဖြစ်ပါသည်။ ယင်းတို့ကို ပညာရေးဆိုင်ရာ အကြောင်းအရာများကို ဖြန့်ဝေမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်ပါသည်။ အချုပ်အားဖြင့် စာရိတ္တနှင့် ပြည်သူ့နီတိမိတ်ဆက်သည် မူလတန်းစာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်မှ နောက်လာမည့် အခန်းများတွင် နောက်ထပ်ချဲ့ထွင်မည့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများအတွက် လိုအပ်မည့် သီအိုရီပိုင်းဆိုင်ရာ မူဘောင်များကို ချမှတ်ပေးပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ၎င်းတို့၏ ယခု စာရိတ္တနှင့် ပြည်သူ့နီတိအပေါ် နားလည်ခြင်းကို ပြန်လည်သုံးသပ်တတ်မည်။
- စာရိတ္တနှင့် ပြည်သူ့နီတိကို အဓိပ္ပာယ် သတ်မှတ်တတ်မည်။
- မူလတန်းကျောင်းသားများ အဘယ်ကြောင့် စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားရကြောင်း ရှင်းလင်းတတ်မည်။
- မူလတန်းကျောင်းများတွင် စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားရန် ဆရာအတတ်သင် ပညာရေး သင်ရိုးညွှန်းတမ်းက ဆရာများကို ပြင်ဆင်ပေးပုံကို ရှင်းပြတတ်မည်။
- မူလတန်း ကျောင်းသားများအတွက် စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်တွင် အဘယ် ကြောင့် ရွေးချယ်ထားသောသင်ခန်းစာခေါင်းစဉ်များနှင့် တတ်ကျွမ်းမှုများ သင်ကြားပေးရ ကြောင်း၊ သင်ခန်းစာကို မည်ကဲ့သို့အလေးပေးပုံနှင့်ပထမတန်းနှင့် ပဉ္စမတန်းကြားသင်ယူမှု လုပ်ငန်းရပ်များ တိုးတက်မှုကို ဆွေးနွေးတတ်မည်။
- မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားသင်ယူမှု အဆင့်သုံးဆင့်ကို သတ်မှတ် တတ်မည်။

# ၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိဆိုသည်မှာ အဘယ်နည်း။

စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်သည် မြန်မာနိုင်ငံသားများကို သူတို့၏ ရပိုင်ခွင့်နှင့် တာဝန်များကို ညွှန်ကြားပေးရန်လိုအပ်သော မြန်မာနိုင်ငံ၏ ကိုယ်ပိုင်တုံ့ပြန်မှုများဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်း အကြောင်းအရာသည် သတင်းအချက်အလက်မျှပေးရုံမျှသာမကဘဲ ယင်း၏ သဘောထားရပ်တည်ချက်များကို ထိရောက်စွာ မွေးမြူပုံသွင်းပေးခြင်းနှင့် အပြုအမူများကို တိုးမြှင့်ပေးခြင်းနှင့် အခြေခံကျကျ သက်ဆိုင်နေပါသည်။ ယင်းအပြုအမူများသည် ကလေးများတွင် စာရိတ္တအခြေခံများဖြစ်ပါသည်။ မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိအကြောင်းအရာနှင့် စီစဉ်ထားရှိမှုကို နားလည်နိုင်ရန် ဤအခန်းငယ်တွင် ခြားနားသော်လည်း အချင်းချင်းဆက်နွယ်နေသော အယူအဆနှစ်ခုဖြစ်သည့် စာရိတ္တနှင့် ပြည်သူ့နီတိအဓိပ္ပာယ် သတ်မှတ်ချက်များကို စူးစမ်းလေ့လာကြမည်ဖြစ်ပါသည်။ ဤအခန်းငယ်သည် သင်၏ကိုယ်ပိုင်စာရိတ္တနှင့် ပြည်သူ့နီတိ အဓိပ္ပာယ်သတ်မှတ်ချက်များကို ပြန်လည်သုံးသပ်ရန် တွန်းအားပေးရုံသာမက စာရိတ္တနှင့် ပြည်သူ့နီတိ ပညာရေးနောက်ကွယ်မှ ပံ့ပိုးပေးသော စိတ်ကူးအယူအဆများကိုလည်း မိတ်ဆက်ပေးမည်ဖြစ်ပါသည်။

## ၁.၁.၁။
## စာရိတ္တနှင့် ပြည်သူ့နီတိ ပညာရေး၏ သဘာဝကို မိတ်ဆက်ခြင်း။

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ၎င်းတို့၏ ယခု စာရိတ္တနှင့် ပြည်သူ့နီတိအပေါ် နားလည်ခြင်းကို ပြန်လည်သုံးသပ်တတ်မည်။
- စာရိတ္တနှင့် ပြည်သူ့နီတိကို အဓိပ္ပာယ် သတ်မှတ်တတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(ဂ) (၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။

(ဂ) (၁.၂) ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုရာတွင် မိမိ၏ လက်တွေ့သင်ကြားမှုများကို လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ်များကို နားလည်ကြောင်း ပြသသည်။

### စာသင်ချိန်

မိနစ် (၅၀)ကြာ စာသင်ချိန်(၁)ချိန်။

### သင်ယူမှုနည်းလမ်းများ

တွေး - တွဲ - မျှဝေ သင်ယူခြင်း၊ လမ်းညွှန်ကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားခြင်း၊ ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (တီပုံစံ ဇယားကွက်)။

## လိုအပ်သောကြိုတင်ပြင်ဆင်မှု

သင်ခန်းစာ ၁.၁.၁။ ကိုဖတ်ပါ။ အတွေးအခေါ်ကို နှိုးဆွပေးသော သင်ခန်းစာမှ ထုတ်ယူထားသော စာရိတ္တနှင့်ပြည်သူ့နီတိဆိုင်ရာ ယူဆချက်ကို အခြေခံသော မှား/မှန် ဖြေဆိုရမည့် ဖော်ပြချက် လေးခုမှ ခြောက်ခုကို ပြင်ဆင်ထားပါ။ ဝေငှထားသော စာရွက်(၁)ကို စစ်ဆေးပါ။

## လိုအပ်သောရင်းမြစ်များ

ဆရာလမ်းညွှန်၊ ကျောင်းသားကိုင်စာအုပ်။

## သင်ယူမှုလုပ်ငန်း ၁။ တွေး-တွဲ-မျှဝေ သင်ယူခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများကို သူတို့၏ နေ့စဉ်နေထိုင်မှုဘဝမှ ကြည့်ရှုလေ့လာထားသော သူတို့ ကောင်းသည်ဟု ယူဆထားသော အလေ့အထနှင့် ဆိုးသည်ဟု ယူဆထားသော အလေ့အထ များကို စဉ်းစားခိုင်းပါ။

၂။ ကျောင်းသားများကို အတွဲတွဲခိုင်းပါ။ သူတို့ ကြည့်ရှုလေ့လာထားမှုကို တန်းတူများနှင့် ဆွေးနွေးစေပါ။

၃။ သင်ပုန်းပေါ်တွင် 'ကောင်း' 'ဆိုး' ဟူသော ခေါင်းစဉ်နှစ်ခုပါသော ဇယားအသီးသီးဆွဲပါ။

၄။ အတွဲ တစ်တွဲစီမှ ကိုယ်စားလှယ်ကို သင်ပုန်းပေါ်တွင် သက်ဆိုင်ရာ ကော်လံအောက်တွင် အဖြေအချို့ ရေးခိုင်းပါ။

၅။ မြန်မာ့ယဉ်ကျေးမှုတွင် အဘယ်ကြောင့် အချို့အလေ့အထများကို ကောင်းသည်ဟု သတ်မှတ်ပြီး အချို့ကို ဆိုးသည်ဟု သတ်မှတ်သည်ကို မေးမြန်းပါ။ အဖြေအချို့သည် နေရာတကာ၊ လူတကာ လက်ခံကျင့်သုံးလျှင်ဆိုလိုသည်မှာ ယင်းတို့ကို မြန်မာနိုင်ငံအတွင်း တချို့တိုင်းရင်းသား မျိုးနွယ်စုတွင် ကျင့်သုံးနိုင်ပါသလား (သို့) တခြားနိုင်ငံများတွင် ကျင့်သုံးနိုင်ပါသလား။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment)သည် အဆင့်(၅)မှ မေးခွန်းနှင့် အဖြေများမှ တစ်ဆင့် ဖြစ်ပေါ်ပါသည်။ ကျောင်းသား အနေဖြင့် မြန်မာ့ယဉ်ကျေးမှုတွင် အမူအကျင့်ကို အဘယ်ကြောင့် ကောင်းသည် (သို့) ဆိုးသည်ဟု ယူဆကြောင်း ရှင်းပြနိုင်ပါသလား။ စာရိတ္တနှင့် ပြည်သူ့နီတိတွင် သူတို့သည် ကောင်းသော အလေ့အထသည် ဘယ်အရာ ဖြစ်သည်ဆိုခြင်းကို လေ့လာရုံ သာမက ထိုအလေ့အထသည် အဘယ်ကြောင့် ကောင်းသည် ဆိုသော အချက်ကိုလည်း ကလေး၏ စာရိတ္တဖွံ့ဖြိုးမှုနှင့်အညီ လေ့လာရန် တွန်းအားပေးခြင်းသည် အရေးကြီးသောအချက် ဖြစ်ပါသည်။ အဆင့် (၅)ရှိ ဒုတိယမေးခွန်းကို မေးမြန်းသည့်အခါ အကယ်၍ ယဉ်ကျေးမှုအားလုံးက အလေ့အထကို တူညီစွာ စဉ်းစားကြသည် မဟုတ်ဆိုသည်ကို သူတို့နားလည်ကြလျှင် သင် သည်လည်း စစ်ဆေးရန် လိုပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မြန်မာလူမျိုးများအတွက် ဖြစ်နိုင်သောကျောင်းသားများ၏ အဖြေများတွင် ဘတ်စ်ကားပေါ်တွင် အသက်အရွယ်ကြီးသူများအား သင်၏ ထိုင်ခုံပေးခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို လိုက်နာခြင်း၊ သင့်ထက် အသက်အားဖြင့်သော်လည်းကောင်း ရာထူးအားဖြင့်သော်လည်းကောင်း ကြီးမြင့်သူများကို လေးစားခြင်း၊ သင်နေထိုင်သော အဆောင်စည်းကမ်းများကို လိုက်နာခြင်း၊ အခြားသူများရှေ့တွင် တစ်ဦးတစ်ယောက်ကို မဝေဖန်ခြင်းစသည်တို့ ပါဝင်နိုင်ပါသည်။ မြန်မာနှင့် တခြားတိုင်းရင်းသား မျိုးနွယ်စုများ (သို့မဟုတ်) အခြားတိုင်းပြည်များနှင့် နှိုင်းယှဉ်ချက် အဖြေများသည် ကျောင်းသားများ၏ ကြည့်ရှုလေ့လာခြင်း (သို့မဟုတ်) ယူဆချက်များတွင် ပါဝင်နိုင် ပါသည်။ ဥပမာ - အနောက်နိုင်ငံများတွင် သင်သည် လူများကို သူတို့၏ အသက်ကြောင့် လေးစားစရာမလိုပါ။ သို့သော် ဘတ်စကားပေါ်တွင် အသက်ကြီးသူများကို ထိုင်ခုံပေးခြင်းသည် ကောင်းမွန်သော အလေ့အထအဖြစ် နေရာတကာ လက်ခံထားသော အလေ့အထဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း ၂။ ကြိုတင်မျှော်မှန်းခြင်းလမ်းညွှန် (၁၅မိနစ်)

၁။ သင်ပုန်းပေါ်တွင် 'မတိုင်မီ' စာသားတဖက်တွင် ပါရှိပြီး တခြားဖက်တွင် 'ပြီးနောက်'ကို အခြားတဖက်တွင်ပါရှိသော ကော်လံနှစ်ခုဆွဲပါ။ ကော်လံအောက်တွင် တဖက်တွင် 'သဘောတူသည်' စာသားပါရှိပြီး အခြားတဖက်တွင် 'သဘောမတူပါ' စာသားပါသည့် ကော်လံနှစ်ခုကို ဖန်တီးပါ။ အောက်ဖော်ပြပါ ဇယားကွက်ကို ဥပမာအနေဖြင့် ကြည့်ပါ။

**ဇယား ၁.၁။ ကြိုတင်မျှော်မှန်းခြင်း လမ်းညွှန်**

| | မတိုင်မီ | | ပြီးနောက် | |
|---|---|---|---|---|
| ဖော်ပြချက်အမှန်ကို ပေးထားပါ။ | သဘော<br>တူသည်။<br>၆ | သဘော<br>မတူပါ။<br>၈ | သဘော<br>တူသည်။<br>၁၀ | သဘော<br>မတူပါ။<br>၄ |
| ဖော်ပြချက် - ၁ | | | | |
| ဖော်ပြချက် - ၂ | | | | |

၂။ မှန်နိုင်/မှားနိုင်သော စာရိတ္တနှင့် ပြည်သူ့နီတိသည် မည်သို့ဖြစ်ပါသည် ဆိုသော ပြင်ဆင်ထားသည့် ဖော်ပြချက်ကို အသံထွက်ပြီးဖတ်ပါ။

(က) ဖော်ပြချက် ၁။ စာရိတ္တပညာရေးသည် မည်သည့်အရာကို မှန်သည်နှင့် မည်သည့်အရာကို မှားသည်ဆိုခြင်းကို ကျောင်းသားများအား သင်ကြားပေးခြင်း ဖြစ်သည်။

(ခ) ဖော်ပြချက် ၂။ ပြည်သူ့နီတိပညာရေးသည် နိုင်ငံသားအားလုံးကို တူညီစွာပြုမူစေရန် သင်ကြားပေးခြင်းဖြစ်သည်။

(ဂ) ဖော်ပြချက် ၃။ ပြည်သူ့နီတိ ပညာရေးသည် ဥပဒေများကို မျက်စိစုံမှိတ် လက်ခံခိုင်းခြင်း မဟုတ်ပါ။ သို့သော်ကလေးများ နောင်အနာဂါတ်တွင် ဥပဒေများကို တိုးတက်စေခြင်းနှင့် ပြည်လည်ဖွဲ့စည်းခြင်းတို့တွင် ပါဝင်နိုင်ရန် သင်ကြားပေးခြင်း ဖြစ်ပါသည်။

၃။ ကျောင်းသားများ သဘောတူသည်/မတူသည်ကို လက်ထောင်ပြရန် ခိုင်းစေပါ။ ကျောင်းသား ဘယ်လောက်များများ သဘောတူသည် / မတူသည်ကို 'မတိုင်မီ' ကော်လံအောက်တွင် ရေးပါ။ အချို့ကို အဘယ်ကြောင့် သဘောတူသည် / မတူသည်ကို ရှင်းပြရန် ခိုင်းစေပါ။

၄။ ကျောင်းသားများကို ပညာရေးကောလိပ်ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၁.၁.၁။ ကို သူတို့ဘာသာ ဖတ်ရန် ခိုင်းစေပါ။

၅။ စာဖတ်ပြီးလျှင်အဓိကအချက်များကိုမီးမောင်းထိုးပြပါ။စာရိတ္တနှင့်ပြည်သူ့နီတိသည်ဘယ်လို အဓိပ္ပာယ်ရှိသည်ကို အတွေးအခေါ်များကို မျှဝေပါ။

၆။ မူရင်းဖော်ပြချက်ကို ဖတ်ပြပြီးသောအခါ သူတို့ သဘောတူသည်/မတူသည်ကို လက်ထောင်ပြရန် ထပ်မံဖိတ်ခေါ်ပါ။ အဖြေကို 'ပြီးနောက်' ကော်လံအောက်တွင် ရေးချပါ။

၇။ အကယ်၍ ကျောင်းသားတစ်ဦးသည် သင်ခန်းစာခေါင်းစဉ်ကို မိတ်ဆက်ပြီးသောအခါ သူတို့၏ အဖြေများကို ပြောင်းလဲသွားပါက အဘယ်ကြောင့် ပြောင်းလဲသွားသည်ကို ရှင်းပြရန်ခိုင်းစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment)သည် ကျောင်းသားများ သင်ခန်းစာကို ဖတ်ရှုပြီး သင်သည် အဆင့်(၆)မှ အယူအဆကို ကျောင်းသားများတွင် စစ်ဆေးသည့်အခါ ဖြစ်ပေါ်နိုင်ပါသည်။ အဖြေများကို ကျောင်းသားကိုင်စာအုပ်တွင် တွေ့နိုင်သဖြင့် မေးခွန်းသည် ကန့်သတ် (အပိတ်)မေးခွန်း ဖြစ်ပါသည်။ ကျောင်းသားများ၏ စာရိတ္တနှင့် ပြည်သူ့နီတိကို နားလည်မှုသည် ကျောင်းသားကိုင်စာအုပ်နှင့် ကိုက်ညီပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မဖတ်မီတွင် အဖြေများသည် ပုဂ္ဂလဓိဋ္ဌာန်(Subjective) ဖြစ်ပြီး ဖတ်ပြီးသောအခါ ဓမ္မဓိဋ္ဌာန် (Objective)ဖြစ်ပါသည်။ ကျောင်းသားများသည် ပထမပိုင်းတွင် စာရိတ္တနှင့် ပြည်သူ့နီတိကို သူတို့၏ လက်ရှိ နားလည်မှုကို အခြေခံပြီး ရှင်းပြမည်ဖြစ်သော်လည်း နောက်ပိုင်းတွင် ကျောင်းသားကိုင်စာအုပ်မှ နားလည်မှုကို ပြန်လည် ရည်ညွှန်းကြပါမည်။

## သင်ယူမှုလုပ်ငန်း ၃။ ဂရပ်ဖစ်ပုံများ အသုံးပြု၍ သင်ယူခြင်း (တီပုံစံဇယားကွက်) (၂၀ မိနစ်)

၁။ သင်ပုန်းပေါ်တွင် အပိုင်းနှစ်ပိုင်းပါသော ဇယားကွက်ကို ဆွဲပါ။

| အပြုအမူ | ရပ်တည်ချက်သဘောထား |
| --- | --- |
| | |

၂။ သင်ပုန်းပေါ်တွင် စာရိတ္တကောင်းမွန်ပြီး ပြည်သူ့နီတိကို အလေးထားသော လူတစ်ဦး၏ အပြုအမူနှင့် ရပ်တည်ချက် သဘောထားသည် မည်သည့်အရာဖြစ်ပါသလဲဟု ရေးပါ။

၃။ ကျောင်းသားများကို စိတ်ကူးယဉ် စံနမူနာပြ ကဲ့သို့သော စာရိတ္တကောင်းမွန်ပြီး ပြည်သူ့နီတိကို အလေးထားသော လူတစ်ဦး၏ အကြောင်းကို စဉ်းစားခိုင်းပါ။ အထူးသဖြင့် ထိုသူ၏ အပြုအမူ (သူတို့မည်ကဲ့သို့ လုပ်ဆောင်သည်၊ မည်သည့်အရာလုပ်သည်။) နှင့် ရပ်တည်ချက် သဘောထား (သူတို့မည်သည့်အရာတွေးသည်/ မည်သည့်အရာ ယုံကြည်သည်။) ကျောင်းသားများသည် ဆရာအတတ်သင် ကျောင်းသားကိုင်စာအုပ် နောက်ဆက်တွဲမှ ဝေငှထားသော စာရွက်(၁)ကို ဖြည့်စွက်ရမည် ဖြစ်ပါသည်။

၄။ ကျောင်းသားများကို အုပ်စုခွဲပြီး ဝေငှထားသော စာရွက်မှ အဖြေများကို မျှဝေခိုင်းပါ။ အုပ်စုမှ တင်မြောက်လိုက်သော အုပ်စုကိုယ်စားလှယ်ကို ဖိတ်ခေါ်ပြီး သင်ပုန်းပေါ်ရှိ ဆီလျော်သော ကော်လံအောက်တွင် အဖြေများရေးခြင်းဖြင့် မျှဝေခိုင်းပါ။

၅။ ကျောင်းသားများကို ဝေဖန်ရန် (သို့) တခြားအုပ်စုမှ အဖြေများနှင့် စပ်လျဉ်းပြီး သူတို့ စိတ်ဝင်စားသော အကြောင်းအရာများကို မေးမြန်းရန် ဖိတ်ခေါ်ပါ။ အယူအဆနှင့် ရှုထောင့်များကို ဖလှယ်ရန် တွန်းအားပေးပါ။ မည်သည့် စကားစုသည်မြန်မာတို့၏ အခင်း အကျင်းတွင် စာရိတ္တပိုင်းအရ ကောင်းမွန်သည်နှင့် ပြည်သူ့နီတိ အလေးထားခြင်း၏ အဓိပ္ပါယ်ကို ဆောင်သနည်းနှင့် အခြားယဉ်ကျေးမှု နောက်ခံတွင် တူညီသည် (သို့မဟုတ်) ကွာခြားသည်ကို ရှင်းလင်းခြင်းဖြင့် နိဂုံးချုပ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သူတို့ လေ့ကျင့်ခန်းစာရွက်တွင် ဖြည့်စွက်ခြင်းနှင့် ဆရာအတတ်သင်ကျောင်းသားများ၏ တွေးခေါ်မှု လမ်းစဉ်၊ သင်ယူမှုလုပ်ငန်းများမှ တစ်ဆင့် သူတို့ ဖွံ့ဖြိုးတိုးတက်လာမှုကို စောင့်ကြည့်လေ့လာပါ။ စာရိတ္တ ကောင်းမွန်ပြီး ပြည်သူ့နီတိကို အလေးထားသူ၏ အဓိပ္ပာယ်နှင့် သင်ယူမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း သူတို့၏ နားလည်မှု ပြောင်း /မပြောင်း စဉ်းစားရန် အားပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ပညာရေးကောလိပ်ကျောင်းသားများသည် တစ်ဦးနှင့် တစ်ဦး သဘော တူညီနိုင်မည် မဟုတ်ပါ။ အပြုအမူတွင် အခြားသူများနှင့် မျှဝေခံစားခြင်း၊ အကူအညီ လိုအပ်နေသော သူစိမ်းတစ်ယောက်ကို ကူညီပေးခြင်း၊ အများနှင့် ဆိုင်သောနေရာတွင် အမှိုက်ကောက်ခြင်း စသည်တို့ ပါဝင်နိုင်ပါသည်။ ရပ်တည်ချက် သဘောထားတွင် လူတစ်ဦးသည် တိုင်းပြည်အပေါ်တွင် တာဝန်သိစိတ်ကို ခံစားနိုင်သူ၊ သူ (သို့မဟုတ်) သူမသည် သူတို့၏ အဖွဲ့အစည်းကို ပြောင်းလဲနိုင်သည်ဟု ယုံကြည် စိတ်ရှိသူနှင့် လူတိုင်း၏ အသံကို ကြားနိုင်ခွင့်ရရန် ထိုက်တန်သည်ဟု ယုံကြည်ချက်စသည်တို့ ပါဝင်ပါသည်။

ဤလုပ်ငန်းတွင် အရေးကြီးသော အချက်မှာ ကျောင်းသားများသည် 'စာရိတ္တ ကောင်းမွန်သည်' ဆိုခြင်းမှာ သူနေထိုင်သော အဖွဲ့အစည်းက လက်ခံထားသော စည်းကမ်းများကို လိုက်နာခြင်းဖြစ်ပြီး 'ပြည်သူ့နီတိကို အလေးထားခြင်း' ဆိုသည်မှာ ရပ်ရွာအဖွဲ့အစည်း၊ တိုင်းပြည်နှင့် လူ့အဖွဲ့ အစည်းတို့ကို တစ်စုတစ်စည်းတည်းဟု ယူဆကာ စိတ်ပါဝင်စားခြင်းဆိုသည်ကို နားလည်မှု ဖွံ့ဖြိုး လာခြင်း ဖြစ်ပါသည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ကျောင်းသားများသည် အဆင့်(၅)မှ အချို့အပြုအမူများသည် အခြားယဉ်ကျေးမှုများတွင် ကောင်းသည် (သို့) ဆိုးသည်ဟု ယူဆသည်ကို မေးမြန်းသောအခါ ဆင်တူသည်(သို့) ခြားနားသည်ဟု ဖြေဆိုရန် အခက်အခဲ ရှိတတ်ပါသည်။ အခက်အခဲများသည် သူတို့သည် ရပ်ရွာအဖွဲ့အစည်းအဆင့်မှ ကမ္ဘာလုံးဆိုင်ရာအဆင့်အထိ အခြားယဉ်ကျေးမှုနှင့် လုံလောက်သော ထိတွေ့မှုမရှိသောကြောင့် ဖြစ်နိုင်ပါသည်။ ကျောင်းသားများကို မြန်မာပြည်တွင်းမှ သော်လည်းကောင်း အခြားတိုင်းပြည်မှ သော်လည်းကောင်း ခြားနားသော မျိုးနွယ်စု (သို့) ဘာသာရေးအုပ်စုတစုမှ ယဉ်ကျေးမှုကို ရွေးချယ်ပြီး ယင်းအပြုအမူသည် ကောင်းသည်/ ဆိုးသည် မည်ကဲ့သို့ ယူဆသည်ကို စူးစမ်းခိုင်းပါ။ ယင်းလုပ်ငန်းကို အိမ်စာလုပ်ငန်းအဖြစ် လုပ်ဆောင်နိုင်ပါသည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ ကျောင်းသားအချို့သည် ကျောင်းသားကိုင်စာအုပ်ကို ဖတ်ပြီးသောအခါ ကွဲပြားခြားနားစွာ နားလည်ကြပါမည်။ သူတို့၏ အကြံအစည်များကို အခြားအတန်းဖော်များနှင့် မျှဝေရန် ကြိုးဆိုပါ။

**သင်ယူမှုလုပ်ငန်း ၃။** ။ အမြင်အာရုံဦးစားပေး သင်ယူသူများအတွက် သူတို့၏တွေးခေါ်မှုကို လှုံ့ဆော်ပေးရန် အပြုအမူ အမျိုးမျိုးအတွက် သရုပ်ဖော်ပုံများကို သုံးပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** စာရိတ္တနှင့် ပြည်သူ့နီတိကို သင်မည်ကဲ့သို့ နားလည်သနည်း။

**အဖြေ** *စာရိတ္တဆိုသည်မှာ မည်သည့်အရာသည် မှားသည် / မှန်သည်ကို အဓိပ္ပါယ်သတ်မှတ်သော စည်းကမ်းများ ဖြစ်ပါသည်။ ပြည်သူ့နီတိဆိုသည်မှာ နိုင်ငံသားတို့၏ ရပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများကို နားလည် ကျင့်သုံးခြင်းဖြစ်ပါသည်။*

**မေးခွန်း ၂။** စာရိတ္တနှင့် ပြည်သူ့နီတိ ပညာရေးတွင် မည်သည့်အရာကို သင်ကြားပေးရန် လိုအပ်သနည်း။

**အဖြေ** *ပြည်သူ့နီတိ ပညာရေးသည် အဖွဲ့အစည်း၊ နိုင်ငံရေးရာများကို သိမြင် နှံ့စပ်ခြင်းနှင့် ဒီမိုကရေစီ လုပ်ငန်းစဉ်များ အပါအဝင် နိုင်ငံသားတစ်ဦး အနေဖြင့် ကျောင်းသားများ၏ ရပိုင်ခွင့်နှင့် တာဝန်များကို နားလည်မှုကို မြှင့်တင်ပေးပါသည်။ စာရိတ္တပညာရေးသည် အပြုသဘောဆောင် တန်ဖိုးများကို ထင်ဟပ်ပေါ်လွင်စေသော ရပ်တည်ချက် သဘောထားကို သွတ်သွင်းမွေးမြူပေးသော အမှား / အမှန် ခွဲခြားတတ်သည့် ကျောင်းသားများ၏ စွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်မှုကို ရှာဖွေပေးပါသည်။*

**မေးခွန်း ၃။** ကလေးတစ်ဦး၏ စာရိတ္တဖွံ့ဖြိုးမှုသည် ပကတိအရှိတရား (ယထာဘူတ)မှ ကိုယ်ပိုင် သတ်မှတ်ပြဋ္ဌာန်း ကြောင်းကျိုးဆင်ခြင်မှုသို့ ပြောင်းလဲပုံကို ဖော်ပြပါ။ ထို့နောက် ဖွံ့ဖြိုး တိုးတက်မှုအဆင့်များကို စဉ်းစားရာတွင် စာရိတ္တပညာရေးသည် ကလေး၏ စာရိတ္တဖွံ့ဖြိုးမှုလုပ်ငန်းစဉ်အပေါ် မည်သို့အကျိုးသက်ရောက်သနည်း။

**အဖြေ** *ကလေးတစ်ဦးသည် မှားသည်/ မှန်သည်ကို အရွယ်ရောက်ပြီးသူများက ဆုံးဖြတ်သည့် ပကတိအရှိတရား (ယထာဘူတ) အဆင့်မှ အရွယ်ရောက်ပြီး သူများ ချမှတ်ထားသော စာရိတ္တစည်းကမ်းများကို သူတို့ကိုယ်တိုင် ဝေဖန် ဆန်းစစ်ပြီး ကိုယ်ပိုင် စာရိတ္တဆိုင်ရာ ကြောင်းကျိုးဆင်ခြင် သတ်မှတ်ပြဌာန်းမှု အဆင့်သို့ ကူးပြောင်းပါသည်။*

# ၁.၂။ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရခြင်း၏ ရည်ရွယ်ချက်

ကလေးများသည် ပိုမိုကောင်းမွန်ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းသို့ ပါဝင်ဖြည့်စည်းပေးမည့် လူမှုရေးဆိုင်ရာ နိုင်ငံရေးဆိုင်ရာများတွင် ဆက်စပ်ပတ်သက်နိုင်စေရန် စာရိတ္တနှင့် ပြည်သူ့နီတိ ပညာရေးကို သင်ယူရန် လိုအပ်ပါသည်။ သို့ရာတွင် နှစ်လိုဖွယ်ကောင်းသော နိုင်ငံသားကောင်းများ ပြုစုပျိုးထောင်ရာတွင် ထိရောက်မှု ရှိစေရေးအတွက် ခိုင်မာစိတ်ချရသော သင်ရိုးညွှန်းတမ်းပုံစံ တစ်ခု လိုအပ်ပါသည်။ ဤအခန်းငယ်တွင် မူလတန်းစာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၏ အရေးကြီးသော သင်ယူမှု ရည်မှန်းချက် လေးရပ်ကို ကြိုးပမ်းရှာဖွေမည်ဖြစ်ပြီး ဤရည်မှန်းချက်များကို ရွေးချယ်ခြင်း၊ ဖန်တီးခြင်းနောက်ကွယ်မှ အကြောင်းပြချက်များကို စစ်ဆေးမည်ဖြစ်ပါသည်။ တန်းတူအရေးကြီးသောအချက်မှာ ဤအခန်းငယ်သည် ဆရာအတတ်သင်ပညာရေး ပထမနှစ် သင်ရိုး၏ ဖွဲ့စည်းပုံနှင့် ရည်မှန်းချက်များနှင့် ယင်းသည် မူလတန်း ကျောင်းသားများသို့ ဘာသာရပ် ကို ကျွမ်းကျင်စွာသင်ကြားပေးနိုင်ရန် သင့်ကိုမည်ကဲ့သို့ ပြင်ဆင်ပေးထားသည် ဆွေးနွေးမည် ဖြစ်ပါသည်။

# ၁.၂.၁။
# မူလတန်းစာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၏ ရည်ရွယ်ချက်

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မူလတန်းကျောင်းသားများ အဘယ်ကြောင့် စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားရကြောင်း ရှင်းလင်းတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၄.၁။ အခြေခံပညာသင်ရိုးညွှန်းတမ်း တွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

### စာသင်ချိန်

မိနစ် (၅၀)ကြာ စာသင်ချိန်(၁)ချိန်။

### သင်ယူမှုနည်းလမ်းများ

ရပ်နား - မှတ်သားခြင်း၊ ဖြတ်ဆက် လုပ်ငန်းပေးခြင်း၊ အုပ်စုလုပ်ငန်း။

### လိုအပ်သောကြိုတင်ပြင်ဆင်မှု

ဆရာနှင့် ကျောင်းသားတို့သည် ပညာရေးကောလိပ်ကျောင်းသားကိုင် စာအုပ်မှ သင်ခန်းစာ ၁.၂.၁။ ကို ကြိုတင်ဖတ်ထားရန် လိုအပ်ပါသည်။ သင်ယူမှု လုပ်ငန်း ၂ အတွက် အချင်းချင်း ချင့်တွက်ခြင်း ပုံစံကို ကြိုတင် ဖန်တီးထားရန် လိုအပ်ပါသည်။ ဖြစ်နိုင်ပါက စာရွက်၏ တစ်ဝက်တွင် ပုံစံကို ပုံနှိပ်ထားရန် လိုအပ်ပါသည်။

## လိုအပ်သောရင်းမြစ်များ

ပညာရေးကောလိပ်ဆရာလမ်းညွှန်၊ ပညာရေးကောလိပ်ကျောင်းသားကိုင် စာအုပ်နှင့် သင်ခန်းစာ ၁.၂.၁။ မှ အချင်းချင်းအကဲဖြတ်မှုပုံစံ။ ဆရာလမ်းညွှန်စာအုပ်မှ သင်ယူမှု လုပ်ငန်း ၂။

## သင်ယူမှုလုပ်ငန်း ၁။ ရပ်ပါ၊ မှတ်ပါ။ ( ၁၀-မိနစ် )

၁။ ကျောင်းသားများကို တစ်နေ့တာအတွက် မှတ်စုများ ရေးသွင်းနိုင်ရန် စတုဂံတစ်ခု ဆွဲခိုင်းပါ။ ထိုစတုဂံသည် သူတို့၏ ရပ်နားမှုဇယားကွက်အဖြစ် သုံးနိုင်ပါမည်။

၂။ ကျောင်းသားများကို သူတို့၏ ရပ်နားမှုဇယားကွက် (Stop box ) အတွင်းတွင် "အဘယ်ကြောင့် မူလတန်းကလေးများသည် စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားရန် လိုပါသနည်း" ဟူသော မေးခွန်း၏ အဖြေကို ရေးရန် ခိုင်းစေပါ။ ကျောင်းသားများကို လွတ်လပ်စွာ တွေးခေါ်ပြီး သူတို့ ထင်မြင်သမျှကို ရေးချရန် တိုက်တွန်းပါ။ ယင်းတို့သည် အမှား/ အမှန်အဖြေမရှိသည့် အားလျော်စွာ သင်သည် မည်သည့် အရိပ်အမြွက် / အကူအညီကိုမျှ မပေးပါနှင့်။

၃။ ကျောင်းသားအချို့ကို သူတို့၏ အဖြေများကို အတန်းသို့ မျှဝေခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် သူတို့၏ ရပ်နားမှု ဇယားကွက် (Stop box) အတွင်းတွင် ရေးချခြင်းဖြင့် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment) သည် သူတို့ကို စောင့်ကြည့် လေ့လာခြင်းဖြင့် ဖြစ်ပေါ်နိုင်ပါသည်။ ရေးသားရန် အခက်အခဲရှိနေသော ကျောင်းသားများကို ကိုယ်ပိုင်ဥပမာများ ပြောပြခြင်းဖြင့် ထပ်ဆောင်းလမ်းညွှန်မှုများ ပေးပါ။

## သင်ယူမှုလုပ်ငန်း ၂။ ဖြတ်ဆက်လုပ်ငန်းပေးခြင်း။

၁။ ကျောင်းသားများအတွက် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၁.၂.၁။ ပါ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုး၏ ရည်မှန်းချက် (၄)ခုကို ရည်ညွှန်း၍ မြန်မာအစိုးရသည် မူလတန်းကျောင်းသားများကို လိုလား နှစ်သက်ဖွယ်ဖြစ်သော မြန်မာနှင့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသားဖြစ်မှုအတွက် ပြုစုပျိုးထောင်ရာတွင် မည်ကဲ့သို့ ရည်မှန်းချက်ထားကြောင်း ရှင်းလင်းပါ။

၂။ အတန်းကိုအုပ်စု လေးစု (သို့မဟုတ်) ငါးစုခွဲပါ။

၃။ အုပ်စုတစ်စု၏ အဖွဲ့ဝင်များကို မူလတန်းကျောင်းများ၏ သင်ခန်းစာ ၁.၂.၁။ မှ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရခြင်း၏ ရည်ရွယ်ချက် (၄)ခုကို သူတို့ သင်ကြားမည့် ခေါင်းစဉ်အဖြစ် တာဝန်ခွဲဝေချထားပါ။

၄။ သူတို့သည် တခြားအုပ်စုဝင်များအား သူတို့ကို တာဝန်ချထားသည့် သင်ခန်းစာခေါင်းစဉ် သင်ကြားရာတွင် ခေါင်းဆောင်ဖြစ်မည့်အကြောင်းကို အောက်ပါ မေးခွန်းများကို ဖြေဆိုရင်း ရှင်းပြပါ။ ယင်းတို့ကို သင်ပုန်းပေါ်တွင် ရေးချနိုင်ပါသည် -

*(က) ရည်ရွယ်ချက်သည် မည်သို့အဓိပ္ပာယ်ရသနည်း။*

*(ခ) ရည်ရွယ်ချက်သည် အဘယ်ကြောင့် ကလေးများသည် စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားသင့်သည်ကို မည်သို့ပြောထားပါသနည်း။*

၅။ ကျောင်းသားများကို ခေါင်းစဉ်တူ တာဝန်ချထားခံရသူများနှင့်အတူ သင်ခန်းစာကို ဖတ်ရန်၊ မေးခွန်း၏ အဖြေများကို ဆွေးနွေးရန်နှင့် မှတ်စုချရေးရန် စုစည်းလိုက်ပါ။

၆။ ကျောင်းသားများကို သူတို့အုပ်စုထံပြန်သွားပြီး အချင်းချင်း ချင့်တွက်မှုပုံစံကို လက်ကမ်းဖြန့်ဝေရန်နှင့် သူတို့၏ အဖွဲ့ဝင်များ ချင့်တွက်ရန်အတွက် ညွှန်ကြားချက်များကို ရှင်းလင်းရန် ခိုင်းစေပါ။

## ဇယား ၁.၃။ အချင်းချင်းစစ်ဆေး အကဲဖြတ်မှု နမူနာပုံစံ

အကဲဖြတ်သူအမည် -

နိမ့်သူကို (၁) - မြင့်သူကို (၅) အဆင့် သတ်မှတ်ပါ။ သင့် အုပ်စုဝင်၏ အောက်ဖော်ပြပါ မေးခွန်းများအတွက် စွမ်းဆောင်ရည်။

| | မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်နှင့် ပတ်သက်သည့် ရည်ရွယ်ချက်များကို ၎င်းတို့ မည်မျှ ကောင်းမွန်စွာ ရှင်းပြနိုင်ပါသလဲ။ | မူလတန်း ကျောင်းသားများ အနေဖြင့် စာရိတ္တနှင့် ပြည်သူ့နီတိကို အဘယ်ကြောင့် လေ့လာရန် လိုအပ်သည်ကို မည်မျှ ရှင်းလင်းစွာ ရှင်းပြနိုင်ပါသလဲ။ | ၎င်းတို့၏ ရှင်းပြချက်က မည်မျှ စိတ်ပါဝင်စားအောင် ဆွဲဆောင်မှု ရှိပါသလဲ။ | ၎င်းတို့က အချိန်ကို မည်မျှ ကောင်းမွန်စွာ စီမံခန့်ခွဲခဲ့ပါသလဲ။ |
|---|---|---|---|---|
| အုပ်စုအဖွဲ့ဝင် ၁ - အမည် | | | | |
| အုပ်စုအဖွဲ့ဝင် ၂ - အမည် | | | | |

၇။ အဖွဲ့ဝင်တိုင်းကို တာဝန်ချထားသော သင်ခန်းစာခေါင်းစဉ်ကို သင်ကြားရန် (၂) မိနစ်အချိန် ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအုပ်စု အဖွဲ့ဝင်များကို သူတို့၏သင်ကြားမှု စွမ်းဆောင်ရည်ကို အဆင့်သတ်မှတ်ရန် အချင်းချင်း စစ်ဆေးအကဲဖြတ်မှု ပုံစံကိုသုံးပါ။ သင်သည် စံနှုန်းများကို အောက်တွင် တွေ့ရသည့်အတိုင်း အသုံးပြုနိုင်ပါသည်။ သင်သည် ယင်းတို့ကို ပုံနှိပ်ခြင်း (သို့မဟုတ်) ကျောင်းသားများ သူတို့၏ မှတ်စုစာအုပ်တွင် ကော်ပီကူးနိုင်ရန်အတွက် သင်ပုန်းပေါ်တွင် ရေးချနိုင်ပါသည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်မှုပုံစံသည် သင့်ထံ ပြန်လည်ရောက်ရှိလာမည်ဖြစ်ပြီး သင်ယူမှု ဖြစ်ပွားခဲ့ခြင်းကို ဆုံးဖြတ်ရန် အထောက်အကူပြုပါမည်။

## သင်ယူမှုလုပ်ငန်း ၃။ အုပ်စုလုပ်ငန်း (၂၀ မိနစ်)

၁။ ကျောင်းသားများကို သူတို့၏ ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၁.၂.၁။ မှ ‘မြန်မာနိုင်ငံ အခြေခံပညာ သင်ရိုးညွှန်းတမ်း လမ်းညွှန်စည်းကမ်းများ’ ကို ဖတ်ရန် ညွှန်ကြားပါ။

၂။ မြန်မာနိုင်ငံ အခြေခံပညာရေး သင်ရိုးညွှန်းတမ်းအတွက် ဤလမ်းညွှန်စည်းကမ်းများကို အခြေပြုပြီး မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၏ ရည်ရွယ်ချက်များကို ရေးဆွဲထားကြောင်း ရှင်းပြပါ။

၃။ ယခင် ရှိရင်းစွဲအုပ်စုကို အခြေခံပြီး ဘာသာရပ်၏ ရည်ရွယ်ချက်(၄)ခုသည် လမ်းညွှန် စည်းကမ်းချက် (၁၃)ချက်နှင့် ချိတ်ဆက်နေကြောင်း စဉ်းစားခိုင်းပါ။

၄။ ဆွေးနွေးပြီးသောအခါ အုပ်စုတစုစီမှ ကိုယ်စားလှယ်တစ်ဦးကို ဖိတ်ကြားပြီး သူတို့ ဆွေးနွေးမှုမှ တွေ့ရှိချက်များကို မျှဝေရန် ဖိတ်ခေါ်ပါ။ တွေ့ရှိချက်များကို အနှစ်ချုပ်ပါ။ ကျောင်းသားများ၏ ဆွေးနွေးမှုတွင်မပါဝင်သော ချိတ်ဆက်မှုများရှိပါက ထည့်သွင်းရေးသားပါ။

မြန်မာနိုင်ငံအခြေခံပညာ သင်ရိုးညွှန်းတမ်းဆိုင်ရာ လမ်းညွှန်မှုများ

အောက်ဖော်ပြပါ အချက်(၁၃)ချက်သည် မြန်မာနိုင်ငံ အခြေခံပညာသင်ရိုးညွှန်းတမ်း ရေးဆွဲဖြစ်ထွန်း ပေါ်ပေါက်ရေးအတွက် အသုံးပြုမည့် လမ်းညွှန်စည်းကမ်းချက်များ ဖြစ်ပါသည်။

(က) ဘက်စုံဟန်ချက်ညီဖွံ့ဖြိုးရေး။
ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ ၊ ရသနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ နယ်ပယ်အလိုက် ဘက်စုံဟန်ချက်ညီ ဖွံ့ဖြိုးမှုရရှိရေးကို ဦးတည်၍ ကျောင်းသား၊ ကျောင်းသူများအား ပြုစုပျိုးထောင်ပေးရမည်။

(ခ) နိုင်ငံသားကောင်းဖြစ်ရေး။
ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက်ပါ အကျိုးပြုနိုင်သော နိုင်ငံသားကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရမည်။

(ဂ) ၂၁ရာစုနှစ်ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေး။
မြန်မာ့လူ့အဖွဲ့အစည်းကို နိုင်ငံအဆင့်သာမက နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် ၂၁ရာစုဆိုင်ရာ ကျွမ်းကျင်မှုများကို သီးသန့်နယ်ပယ် တစ်ခုအဖြစ် အထူးပြု၍ ဖြစ်စေ၊ သက်ဆိုင်ရာ သင်ရိုးနယ်ပယ်များတွင် ပူးပေါင်းထည့်သွင်း၍ ဖြစ်စေ လေ့လာသင်ယူနိုင်ရန် စီစဉ်ရမည်။

(ဃ) အခြေခံပညာအဆင့်အလိုက် ပြီးပြည့်စုံအောင် တတ်မြောက်မှုရှိရေး။
အခြေခံပညာအဆင့်တိုင်းအတွက် ပြီးပြည့်စုံအောင် တတ်မြောက်မှုရှိကြောင်း သက်သေသာဓက ပြသည့်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများတွင် အဆင့်အလိုက် လိုအပ်သော အသိပညာများ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများ ကောင်းစွာ ရရှိဖွံ့ဖြိုးပြီးဖြစ်ရမည်။

(င) အဆင့်မြင့်ပညာ၊ နည်းပညာနှင့် သက်မွေးပညာရပ်များ ဆက်လက် လေ့လာမှုအတွက် ပြင်ဆင်ပေးရေး။
ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်များကို ဖြစ်စေ၊ နည်းပညာနှင့် သက်မွေးပညာရပ်များကိုဖြစ်စေ၊ ဆက်လက်လေ့လာ သင်ယူနိုင်ရန် လိုအပ်သော အခြေခံအသိပညာများ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများ ရရှိဖွံ့ဖြိုးပြီး ဖြစ်ရမည်။

(စ) လူ့အဖွဲ့အစည်းနှင့် ခေတ်မီစီးပွားရေးတွင် ဝင်ဆန့်နိုင်ရေးအတွက် ပြင်ဆင်ပေးရေး။
လူ့အဖွဲ့အစည်းအတွင်း လူတစ်ဦး၏ ဘဝရပ်တည်ရှင်သန်နိုင်ရေးနှင့် ခေတ်မီစီးပွားရေးတွင် ဝင်ဆန့်နိုင်ရေးအတွက် ပြင်ဆင်ပေးသည့်အနေဖြင့် ကျောင်းသား၊ ကျောင်းသူတို့တွင် လိုအပ်သော သင်ယူမှုအတွေ့အကြုံများ ရရှိစေရမည်။

(ဆ) လေ့လာသင်ယူမှု ပညာရပ်နယ်ပယ်အလိုက် တတ်သိမှုတွင် ဟန်ချက်ညီဖြစ်ရေး။
ဝိဇ္ဇာနှင့် သိပ္ပံ ပညာရပ်နယ်ပယ်နှစ်ရပ်လုံးကို လေ့လာသင်ယူရန် အားပေးခြင်းဖြင့် ပညာရပ်နယ်ပယ်များအလိုက် တတ်သိမှုများ ဟန်ချက်ညီ ဖွံ့ဖြိုးလာစေရမည်။

(ဇ) ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းတန်ဖိုးထားရေး။
နိုင်ငံအတွင်းရှိ တိုင်းရင်းသား မျိုးနွယ်စုအလိုက် တည်ရှိနေသော ယဉ်ကျေးမှုများ၊ ဓလေထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းတန်ဖိုးထားသည့် စိတ်ဓာတ်များ ဖွံ့ဖြိုးလာရန်နှင့် ကမ္ဘာ့နိုင်ငံ အသီးသီးတွင် တည်ရှိနေသော ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်း စဉ်လာများနှင့် စရိုက်လက္ခဏာ များကို လေးစားတန်ဖိုး ထားတတ်သည့် စိတ်ဓာတ်များ ဖွံ့ဖြိုးလာရန်လည်း ကျောင်းသား၊ ကျောင်းသူတို့ကို ပြုစုပျိုးထောင်ပေးရမည်။

(ဈ) သင်ကြားမှု ဘာသာစကား သတ်မှတ်ရေး။
သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာ ဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်ဘာသာတွဲ၍ဖြစ်စေ သင်ကြားနိုင်သည်။ အခြေခံပညာအဆင့်တွင် တိုင်းရင်းသား ဘာသာစကားကို မြန်မာဘာသာစကားနှင့် အတူ စာသင်ခန်းသုံး ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။ (အမျိုးသားပညာရေး ဥပဒေပုဒ်မ ၄၃)

(ည) တိုင်းရင်းသား ဘာသာစကားများ သင်ကြားရေး။
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာ မူလတန်းအဆင့်မှ စတင်၍ အကောင်ထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်နိုင်ရေး (အမျိုးသားပညာရေး ဥပဒေပုဒ်မ ၄၄) အတွက် ပြဋ္ဌာန်း စာအုပ်များကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တာဝန်ရှိသူများက ပြုစုရမည်။ အဆိုပါ တိုင်းရင်းသားဘာသာ စကားဆိုင်ရာ သင်ရိုးစာအုပ်များနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကားဦးစီးဌာန၏ သဘောထားမှတ်ချက်ကို ရယူပြီး အမျိုးသား သင်ရိုးညွှန်းတမ်း ကော်မတီသို့ ပေးပို့၍ အတည်ပြုချက် ရယူရန်ဆောင်ရွက်ရမည်။ အဆိုပါ စာအုပ်များကို မည်သို့ အသုံးပြုမည်၊ မည်သည့်အချိန်တွင် အသုံးပြုမည်တို့နှင့် ပတ်သတ်သည့် ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချမှတ်ရပါမည်။

(ဋ) မိသားစု၊ ကျောင်း၊ ရပ်ရွာလူထုနှင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ဝန်ဆောင်မှုပြုရေး။
မိသားစု၊ ကျောင်း၊ ရပ်ရွာလူထုနှင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ဝန်ဆောင်မှု ပြုရမည်ဟူသော အယူအဆ ဖွံ့ဖြိုးလာရန် ကျောင်းသား၊ ကျောင်းသူ တို့အား သင့်လျော်သော သင်ယူမှုအခြေအနေများ ရရှိစေရမည်။

(၅) ငြိမ်းချမ်းစွာ အတူယှဉ်တွဲပြီး သဟဇာတရှိစွာ နေထိုင်ရေး။
ငြိမ်းချမ်းစွာ အတူယှဉ်တွဲပြီး သဟဇာတရှိစွာ နေထိုင်နိုင်ရန် လိုအပ်သော အသိအမြင်များနှင့် ပဋိပက္ခ ဖြေရှင်းရေးဆိုင်ရာ ကျွမ်းကျင်မှုများ ကျောင်းသား၊ ကျောင်းသူတို့တွင် ဖွံ့ဖြိုးလာစေရမည်ဖြစ်ပြီး၊ အဆိုပါဖွံ့ဖြိုးမှုသည် ဒေသအဆင့်၊ နိုင်ငံအဆင့်၊ ကမ္ဘာ့အဆင့်အပါအဝင် လူ့အဖွဲ့အစည်းအားလုံးနှင့် သက်ဆိုင်သော ဖွံ့ ဖြိုးမှုဖြစ်စေရမည်။

(၇) တန်းတူညီမျှမှုကို မြှင့်တင်ပေးရေး။
သင်ရိုးညွှန်းတမ်း၊ ကျောင်းသုံးစာအုပ်နှင့် အခြားသင်ကြားသင်ယူမှု အထောက်အကူများသည် ကလေးအားလုံး၏ သင်ယူမှုကို တန်းတူညီမျှဖြစ်အောင် မြှင့်တင်ပေးစေရမည်။ ထိုမှတဆင့် ကျား၊ မ၊ လူမျိုး၊ ဘာသာစကား၊ စီးပွားရေးအခြေအနေများ၊ မတူညီသောလိုအင်များ မည်သို့ပင်ကွဲ ပြားစေကာမူ တန်းတူညီမျှမှု ပိုမိုဖြစ်ထွန်းလာစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment)သည် အဆင့် (၄)တွင်ရှိသော တွေ့ရှိချက်ကို ကျောင်းသားများ၏ တင်ပြခြင်းမှတစ်ဆင့် ဖြစ်ပေါ်ပါသည်။ သူတို့သည် မူလတန်းစာရိတ္တနှင့် ပြည်သူ့နီတိ၏ ရည်ရွယ်ချက်သည် အခြေခံပညာရေးသင်ရိုးညွှန်းတမ်း၏ လမ်းညွှန်ချက်များနှင့် မည်ကဲ့သို့ ချိတ်ဆက်နေသည်ကို သတ်မှတ်ဖော်ပြနိုင်ပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤကိစ္စအတွက် တစ်ခုတည်းသောမှန်ကန်သည့်အဖြေမရှိပါ။ ကျောင်းသားများသည် ချိတ်ဆက်မှု အချို့ကို တွေ့နိုင်ပါသည်။

အောက်ဖော်ပြပါတို့သည် ကျောင်းသားများတွေ့နိုင်သော ဥပမာတချို့ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- စည်းကမ်းချက် (၆) နိုင်ငံသားကောင်းဖြစ်မှုသည် ဘာသာရပ် ရည်မှန်းချက်အားလုံးနှင့် နီးကပ်စွာ ချိတ်ဆက်လျက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် တာဝန်သိသော နိုင်ငံသားကောင်းဖြစ်ရန် ပြုစုပျိုးထောင်မှု အရေးကြီးပုံကို ရည်မှန်းချက်လေးခုလုံးတွင် အလုံးစုံ ရည်မှန်းချက်အဖြစ် ဖော်ပြထားသောကြောင့် ဖြစ်ပါသည်။
- စည်းကမ်းချက် (၈) တစ်ဦးတစ်ယောက်၏ ဘဝကို ခေတ်ပေါ်စီးပွားရေးနှင့် မြန်မာ့လူ့အဖွဲ့ အစည်းအတွက် ပြင်ဆင်ပေးရန်သည် ရည်မှန်းချက် (၁) စာရိတ္တဆိုင်ရာ တာဝန် ဝတ္တရားများကို ဖြည့်စွမ်းနိုင်ရေးအတွက် မှန်ကန်သောဆုံးဖြတ်ချက်၊ မှန်ကန်သော အပြုအမူကို ရရှိခြင်းဖြင့် သိမြင်နှံ့စပ်သော တာဝန်သိ နိုင်ငံသားတစ်ဦး ဖြစ်စေရန် ဆိုသော အချက်နှင့် နီးကပ်စွာ ချိတ်ဆက်မှုရှိပါသည်။
- စည်းကမ်းချက် (၉) ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာ အားလုံးကို နှစ်သက် မြတ်နိုးတတ်စေရန်၊ စည်းကမ်းချက် (ည) တိုင်းရင်းသားအားလုံးတို့၏ ဘာသာစကားနှင့် စည်းကမ်းချက် (ဌ) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း၊ သဟဇာတဖြစ်အောင်နေထိုင်ခြင်းတို့သည် ရည်မှန်းချက် (၄) ဒေသချစ်စိတ်အပြင် ကမ္ဘာလုံးဆိုင်ရာအမြင်ကို နှစ်သက်မြတ်နိုးခြင်းတို့ဖြင့် နိုင်ငံသားကောင်း တစ်ဦးဖြစ်ရန်နှင့် နီးကပ်စွာချိတ်ဆက်မှုရှိပါသည်။
- စည်းကမ်းချက် (ဌ) ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ခြင်း၊ သဟဇာတဖြစ်အောင် နေထိုင်ခြင်းတို့သည် ဘာသာရပ်ရည်မှန်းချက် (၄)လုံးနှင့် နီးကပ်စွာ ဆက်စပ်လျက် ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသားများသည် ရည်မှန်းချက်တွင် ဖော်ပြထားသော တတ်ကျွမ်းမှုများများရလေလေ သဟဇာတဖြစ်အောင် ငြိမ်းချမ်းစွာ နေထိုင်ရန် အခွင့် အလမ်းများလေလေ ဖြစ်ပါသည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ သင်ခန်းစာအဆုံးတွင် ကျောင်းသားများကို နောက်ထပ် ရပ်နားမှု ဇယားကွက် (Stop box) တစ်ခုဆွဲခိုင်းပြီး အဘယ်ကြောင့် ကလေးများသည် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အတိုင်း စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားရသနည်း ဆိုသော မေးခွန်းကို ဖြေခိုင်းပြီး နားလည်မှုကို စစ်ဆေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ မတူညီသော အုပ်စုများမှ တူညီသော ရည်ရွယ်ချက်ကို တာဝန်ချထားခြင်း ခံရသော အဖွဲ့ဝင်များ၏ သင်ယူမှုပုံစံနှင့် လိုအပ်ချက်များကို သေချာစွာ ရောသမမွှေပါ။ ခြားနားသော သင်ယူမှု ပုံစံရှိသည့် သင်ယူသူများ ထိတွေ့ဆက်စပ်မှုရှိစေရန် ကျောင်းသားများသည် အမြင်ဆိုင်ရာ အထောက်အကူပစ္စည်းများ (ပုံဆွဲခြင်း၊ ပုံကြမ်းဆွဲခြင်း) (သို့မဟုတ်) သူတို့၏ အုပ်စုကို သင်ခန်းစာ ခေါင်းစဉ်ကို တင်ပြစဉ်အတွင်း လက်ရေးတိုဖြင့် လိုက်မှတ်ခြင်းတို့ကို ပြင်ဆင်ထားသင့်ပါသည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ ကျောင်းသားများကို သူတို့ အုပ်စုအတွင်းတွင် စောင့်ကြည့် လေ့လာပါ။ အကယ်၍ သူတို့သည် ရှုန်းကန်ကြိုးပမ်းနေရပါက သူတို့ နားမလည်သော အသုံးအနှုန်းများကို ရှင်းပြကာ လမ်းညွှန် စည်းကမ်းချက် (၁၃) ချက်ကို ထပ်သွားရန် အချိန်ပိုယူပါ။

# ၁.၂.၂။
# ပညာရေးကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးကို ခြုံငုံသုံးသပ်ချက်

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မူလတန်းကျောင်းများတွင် စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားရန် ဆရာအတတ်သင်ပညာရေး သင်ရိုးညွှန်းတမ်းက ဆရာများကို ပြင်ဆင်ပေးပုံကို ရှင်းပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၄.၁။ အခြေခံပညာသင်ရိုးညွှန်းတမ်း တွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(ဂ) ၁.၁။ မြန်မာတို့၏ ထုံးတမ်းစဉ်လာ အရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင်ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။

(ဂ) ၁.၂။ ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုရာတွင် မိမိ၏ လက်တွေ့သင်ကြားမှုများကို လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ်များကို နားလည်ကြောင်းပြသသည်။

### စာသင်ချိန်

မိနစ် (၅၀)ကြာ စာသင်ချိန်(၁)ချိန်။

### သင်ယူမှုနည်းလမ်းများ

ရပ်နား - မှတ်သားခြင်း၊ ထိုင်ပါ - သုံးသပ်ပါ၊ K-W-L

## လိုအပ်သောကြိုတင်ပြင်ဆင်မှု

တတ်ကျွမ်းမှု မိတ္တူစာရွက်များပါသော သင်ရိုး။

## သင်ယူမှုလုပ်ငန်း ၁။ ရပ်ပါ၊ မှတ် (တေး) ပါ။ (၂၀ မိနစ်)

၁။ ကျောင်းသားများကို သူတို့မှတ်စုချရေးနိုင်သောစာမျက်နှာ တစ်နေရာတွင် စတုဂံပုံစံ တစ်ခု ဆွဲခိုင်းပါ။ သူတို့သည် ယင်းကို ရပ်နားမှုဇယားကွက် (Stop box) အဖြစ်သုံးနိုင်ပါသည်။

၂။ ကျောင်းသားများကို 'အရည်အချင်း ပြည့်ဝသော စာရိတ္တနှင့် ပြည်သူ့နီတိ ဆရာတစ်ဦး သည် ...................................... ကို ဆောင်ရွက်နိုင်စွမ်းရှိသည်။' ဟု သင်ပုန်းပေါ်တွင် ရေးထားသော ဖော်ပြချက်ကို ပြည့်စုံအောင် ဖြည့်စွက်ရန်စဉ်းစားခိုင်းပါ။

၃။ ကျောင်းသားများကို သူတို့၏ ကျောင်းသားကိုင်စာအုပ်မှ မပြင်သာသော သင်ရိုးညွှန်းတမ်း ၏ အကျိုးသက်ရောက်မှုကိုဖတ်ခိုင်းပြီး ဥပမာပေးပြီး သရုပ်ပြ ခိုင်းပါ။ သူတို့၏ ဖတ်ရှုမှုကို အခြေခံပြီး သင်ပုန်းပေါ်တွင် ရေးထားသော ဖော်ပြချက်ကို အပြီးသတ်ခိုင်းပါ။

၄။ သင်၏ ကိုယ်ပိုင်အဖြေကိုပေးပြီး အရည်အချင်းပြည့်ဝသော စာရိတ္တနှင့် ပြည်သူ့နီတိ ဆရာ တစ်ဦးသည် 'ကျောင်းသားများ၊ အခြား ကျောင်းအဖွဲ့အစည်းဝင်များနှင့် ဆက်ဆံရာတွင် သင်ရိုးညွှန်းတမ်းနှင့် ကိုက်ညီသော စာရိတ္တတန်ဖိုးကို ပြသနိုင်သူဖြစ်ရမည်။' ဟုပြောပြပါ။

၅။ ကျောင်းသားများကို အကြံအစည်များကို ဆက်လက်တွေးခေါ်ရန်နှင့် ယင်းတို့ကို ရပ်နားမှု ဇယားကွက် (Stop box ) တွင် ရေးချရန် ဖိတ်ခေါ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အခန်းတွင်း လှည့်ပတ်သွားပြီး အရည်အချင်းရှိသော ဆရာသည် မည်သည်ကို လုပ်ရမည် ဆိုသည်နှင့် ပတ်သက်၍ ကျောင်းသားများ၏ နားလည်မှုအား စစ်ဆေးရန် ရပ်နားမှု ဇယားကွက် (Stop box)ကို စစ်ဆေးပါ။ တစ်ခုတည်းသော အဖြေမှန်မရှိပါ။ အကယ်၍ သင်သည် ပုံမှန်မဟုတ်သော၊ အပြစ်အနာအဆာရှိသော၊ ရှုပ်ထွေးသည့် ဖော်ပြချက်များကို တွေ့ရှိပါက သူတို့၏ ကြောင်းကျိုး ဆင်ခြင်မှုကို စစ်ဆေးရန် မေးခွန်းများထပ်မေးပါ။

## သင်ယူမှုလုပ်ငန်း ၂။ သုံးသပ်ပါ၊ ထိုင်ပါ။ ( မိနစ် ၂၀ )

၁။ စိတ်ကူးယဉ် စံပြဆရာတစ်ဦး မည်သည့်အရာ လုပ်နိုင်သည်ကို သတ်မှတ်ပြီးသောအခါ ကျောင်းသားများသည် အရည်အချင်းရှိသော ဆရာတစ်ဦး ဖြစ်စေရန် ဘယ်အရာ ပြင်ဆင်ရန် လိုအပ်သည်ကို လေးလေးနက်နက် သုံးသပ်ဆင်ခြင်ရန် လိုအပ်ပါသည်။ ကျောင်းသားများကို မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို သင်ကြားရန် ထိရောက်စွာ ပြင်ဆင်နိုင်ရေးအတွက် ထည့်သွင်းသင့်သည်ဟု သူတို့ယုံကြည်သော သင်ခန်းစာခေါင်းစဉ်များကို ရေးချရန် ပြောပါ။ သူတို့သည် တုန့်ပြန်ချက် များနိုင်သမျှ များများကို အချိန်သုံးမိနစ်အတွင်း ရေးနိုင်ပါသည်။

၂။ စည်းကမ်းများကို ရှင်းပြရန် အချိန်အနည်းငယ် ယူပါ။ သင်သည် တစ်ကြိမ်လျှင် ကျောင်းသားတစ်ဦးကို ခေါ်ထုတ်နိုင်ပါသည်။ သူတို့သည် သူတို့၏ အဖြေများထဲမှ တစ်ခုကိုသာ မျှဝေနိုင်ပါသည်။ အဖြေကို အရင်က မျှဝေပြီးဖြစ်ပါက သင်၏ အလှည့်တွင် ထပ်မံ မဝေမျှရတော့ပါ။

၃။ အဖြေများကို မျှဝေပြီးသောအခါ အကယ်၍ သူတို့ရေးချထားသော အဖြေနှင့် တူညီသော အဖြေတစ်ခုကို ကြားပါက သူတို့သည် ထိုအဖြေ၏ အပေါ်တွင် ကြက်ခြေခတ်ရပါမည်။ သူတို့၏ အဖြေများအားလုံးကို ကြက်ခြေခတ်ပြီးသောအခါ သူတို့ အားလုံးဝိုင်းထိုင်ရပါမည်။ လုပ်ငန်းသည် ကျန်ရှိနေသေးသောအဖြေများနှင့် ဆက်လက် လုပ်ဆောင်ပါမည်။

၄။ အဖြေများ အားလုံးကို မျှဝေပြီးသောအခါ မည်သည့်သင်ခန်းစာကို အများဆုံး အကြံပြုသည်ကို ကျောင်းသားများအား တွက်ချက်ခိုင်းပါ။

၅။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ ၁.၂.၂ တွင်ပေးထားသော ပထမနှစ် စာရိတ္တနှင့် ပြည်သူ့နီတိ နှစ်အလိုက် ဘာသာရပ်အကြောင်းအရာနှင့် နယ်ပယ်များကို သုံးပြီး ကျောင်းသားတစ်ဦးကို ပထမနှစ် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးမှ အခန်းနှင့် အခန်းခေါင်းစဉ်များကို သင်ပုန်းပေါ်တွင် ရေးခိုင်းပါ။

၆။ ကျောင်းသားများ၏ အဖြေများနှင့် ပထမနှစ် စာရိတ္တနှင့် ပြည်သူ့နီတိ မူရင်း သင်ရိုးများနှင့် နှိုင်းယှဉ်ပါ။ ကျောင်းသားများကို ၎င်းတို့သည် တူညီသလား/ ကွဲပြားသလား ပြန်လည် စဉ်းစားသုံးသပ်ခိုင်းပါ။ မည်ကဲ့သို့ ခြားနား/တူညီ ကြသနည်း။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ သင်ခန်းစာအကြောင်းအရာများ ရေးချသည့်အခါ အကူအညီ လိုအပ်သည်ကို သိနိုင်ရန် သူတို့ကို ကြည့်ရှုလေ့လာပါ။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment)သည် ကျောင်းသားများက သူတို့ လက်ရှိ ပညာရေးကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိ၏ ရည်ရွယ်ချက်ကို နားလည်မှု အတွင်းသဘောကို ထုတ်ဖော်ပြသသည့် အဖြေများကို သင်ကြားသည့်အခါ ဖြစ်ပေါ် ပါသည်။

## သင်ယူမှုလုပ်ငန်း ၃။ ဂရပ်ဖစ်ပုံများ အသုံးပြု သင်ယူခြင်း ။ KWL (၁၀ မိနစ်)

၁။ ကျောင်းသားများကို သူတို့စိတ်ဝင်စားသည့် သင်ခန်းစာ အကြောင်းအရာခေါင်းစဉ်ကို ရွေးချယ်စေပါ။ သူတို့ ဘယ်အရာ ရွေးထားသည်ကို စစ်ဆေးပါ။ အကယ်၍ သင်ခန်းစာ ခေါင်းစဉ် အကြောင်းအရာတစ်ခုကို မရွေးချယ်ဘဲ ကျန်နေခဲ့ပါက ယုံကြည်ချက်ပိုရှိသော ကျောင်းသားများကို ရွေးချယ်ခိုင်းလိုက်ပါ ။

၂။ KWL ဇယားကွက်ကို အောက်တွင် တွေ့မြင်ရသည့်အတိုင်း သင်ပုန်းပေါ်တွင် ဆွဲပါ။ ကျောင်းသားများကို သူတို့၏ မှတ်စုစာအုပ်တွင် ကူးယူစေပါ။

၃။ ကျောင်းသားများ သင်ခန်းစာ ၁.၂.၂ ကို ဖတ်ရှုပြီး ပညာရေးကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိသင်ရိုးတွင် ဘယ်အရာသင်ကြားမည်ကို ကြည့်ရှုရမည် ဖြစ်ကြောင်း သူတို့ကို ရှင်းပြပါ။

၄။ အခန်းပါ အကြောင်းအရာနှင့် စပ်လျဉ်းပြီး ပထမဆုံး ကျောင်းသားများကို မည်သည့်အရာ သိထားပြီးသည်ကို စဉ်းစားရန်နှင့် နောက်ထပ် မည်သည့်အရာများအား သိလိုသည်ကို စဉ်းစားထားရန် ပြောပါ။ သင်ခန်းစာ ၁.၂.၂ ကို ဖတ်ပြီးသောအခါ သူတို့၏ ကျောင်းသားကိုင် စာအုပ်မှ အခန်းပါ အကြောင်းအရာတွင် ပါဝင်သော သင်ခန်းစာများကို အကျဉ်းအားဖြင့် ကြိုတင် အသိပေးပြီး ချမှတ်ထားသော ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းအရ သူတို့လေ့လာရမည့် သင်ခန်းစာ အကြောင်းအရာများကို ရေးချပါ။ တာဝန်ချထားသော အခန်းတစ်ခန်းစီမှ ကျောင်းသားကို သူတို့၏ အဖြေများကို ဖတ်ပြရန် ဖိတ်ခေါ်ပါ။ အကယ်၍ တူညီသောအခန်းကို တာဝန်ချထားခြင်း ကျောင်းသားတွင် ခြားနားသော အဖြေရှိပါက 'ငါ ဘယ်အရာ သင်ယူမည်' ခေါင်းစဉ် အောက်တွင် ထည့်သွင်းပါ။

| K<br>သိပြီးအချက်များ | W<br>သိလိုသောအချက်များ | L<br>သိနားလည်သွားသော အချက်များ |
|---|---|---|
| | | |

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment)သည် သူတို့ KWL ဇယားကွက် တင်ပြမှု ဆောင်ရွက်နေစဉ်အတွင်း ဖြစ်ပျက်ပါသည်။ သူတို့ ဘယ်အရာ သင်ယူမည် အတွက် အဖြေကို အထူးဂရုစိုက်ပေးပါ။ နားလည်မှုလွဲမှားပါက အကြောင်းကြားပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ 'သိပြီးအချက်များ' နှင့် 'သိလိုသောအချက်များ' အဖြေများသည် အလွန်အမင်း ပုဂ္ဂလဓိဋ္ဌာန်ဆန်ပြီး မည်သည့်အဖြေမဆို သုံးနိုင်ပါသည်။ 'သိလိုသောအချက်များ' အတွက် အဖြေသည် သင်ခန်းစာ၁.၂.၂ တွင် ဖော်ပြထားသော သင်ယူခြင်း၏ ရည်ရွယ်ချက်နှင့် ဆက်နွယ်ရန် လိုအပ်ပြီး သင်ခန်းစာ အကြောင်းအရာနှင့်လည်း ဆက်နွယ်ရန် လိုအပ်ပါသည်။ ဥပမာ - သင်ခန်းစာ အကြောင်းအရာ ၁.၂။ တွင် သူတို့သည် အဘယ်ကြောင့် မူလတန်း ကျောင်းသားများသည် စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားရန် လိုအပ်သနည်းကို သင်ယူရမည် ဖြစ်ပါသည်။ သူတို့သည် စာရိတ္တနှင့် ပြည်သူ့နီတိ အဓိကရည်ရွယ်ချက် လေးရပ်ကိုလည်း သင်ယူရမည် ဖြစ်ပါသည်။ ကျောင်းသားများသည် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရန် လေးနှစ်သင် ပညာရေးကောလိပ်သင်ရိုးက သူတို့ကို မည်သို့ ပြင်ဆင်ပေးပုံကိုလည်း သင်ယူရမည် ဖြစ်ပါသည်။ သူတို့သည် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရာတွင် အသုံးပြုမည့် သင်ယူမှုနည်းလမ်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများကိုလည်း သင်ယူရပါမည်။ သူတို့သည် စာသင်ခန်းတွင်း သင်ကြားရာတွင် ရည်ရွယ်ထားသော သင်ရိုးညွှန်းတမ်း၊ မမြင်သာသော သင်ရိုးညွှန်းတမ်း၏ အကျိုးသက်ရောက်မှုကိုလည်း သင်ယူရမည် ဖြစ်ပါသည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ဆရာများ ပိုမို နားလည်သဘောပေါက်စေရန် ဆရာများ တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်ရှိ ဥပမာများကို ပြသသင့်ပါသည်။ လုပ်ငန်းရပ်အပြီး အချိန်ရမည်ဆိုပါက စာသင်ခန်းအတွင်း စာရိတ္တနှင့် ပြည်သူ့နီတိ ပညာရေးအတွက် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို လွှမ်းခြုံမိသော အရေးကြီးသော ဆရာများ၏ တတ်ကျွမ်းမှုသို့ အနှစ်ချုပ်ပြန်သွားပါ။ ပြီးလျှင် ကျောင်းသားများကို သူတို့အသစ်ရရှိလိုက်သော တတ်ကျွမ်းမှုများကို ဆရာက မည်ကဲ့သို့ အကဲဖြတ်မည်ကို မေးမြန်းပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ ကျောင်းသားများကို တွဲဖက်ရာတွင် သင်ယူမှုပုံစံနှင့် လိုအပ်ချက်နည်းလမ်းအရ ကောင်းမွန်စွာ ရောနှောပါ။ ထိုအခါ သူတို့၏သင်ယူမှု လုပ်ငန်းစဉ်တွင် တစ်ဦးကို တစ်ဦး ပံ့ပိုးပေးနိုင်ပါလိမ့်မည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ သင်ခန်းစာ ၁.၂.၂။ နှင့် သက်ဆိုင်ရာ သင်ခန်းစာ အကြောင်းအရာကို ဖတ်အပြီးတွင် သူတို့စာဖတ်ရာတွင် ပေါ်ထွက်လာသည့် မေးခွန်းအသစ်များအတွက် 'သိလိုသောအချက်များ' အောက်တွင် မေးခွန်းများပေါင်းထည့်ပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၏ ရည်ရွယ်ချက်သည် မည်သည့်အရာ ဖြစ်သနည်း။

***အဖြေ ၁။*** *စာရိတ္တဆိုင်ရာ တာဝန်ကျေပွန်စေရန် မှန်ကန်သော ဆင်ခြင်တုံတရားနှင့် အလေ့အထများ ရရှိခြင်းဖြင့် သိမြင် နှံ့စပ်သော၊တာဝန်သိသော နိုင်ငံသား ဖြစ်လာစေရန်။*

***အဖြေ ၂။*** *လူ့အခွင့်အရေး၏ တန်ဖိုးကို လေးစားရန်နှင့် နိုင်ငံသား၏ တာဝန်ရှိမှုကို ပြသရန်။*

***အဖြေ ၃။*** *စည်းမျဉ်း၊ စည်းကမ်းနှင့် ဥပဒေများကို သိရန်နှင့် လေးစားလိုက်နာရန်။*

***အဖြေ ၄။*** *ဒေသဆိုင်ရာ နိုးကြားအသိရှိမှုသာမက ကမ္ဘာလုံးဆိုင်ရာ အမြင်များကို သဘောကျ နှစ်မြိုက်ခြင်း ရှိခြင်းတို့ဖြင့် နိုင်ငံသားကောင်းတစ်ဦး ဖြစ်စေရန်။*

**မေးခွန်း ၂။** ပညာရေးကောလိပ် ပထမနှစ် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးရှိအခန်း (၆) ခန်းသည် မည်သည်တို့ဖြစ်သနည်း။ ယင်းတို့သည် မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ ဦးတည်ချက်များနှင့် မည်ကဲ့သို့ ဆက်နွှယ်မှုရှိပါသနည်း။

***အဖြေ*** *စာရိတ္တနှင့် ပြည်သူ့နီတိ မိတ်ဆက်၊ လူမှုရေးကျင့်ဝတ်၊ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်း၊ ငြိမ်းချမ်းစွာ နေထိုင်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ချက်တို့ ဖြစ်ပါသည်။*

**မေးခွန်း ၃။** မပြင်သာသော သင်ရိုးညွှန်းတမ်းသည် ကျောင်းသားများ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးကို လေ့လာရာတွင် မည်သို့အကျိုးသက်ရောက်မှုသနည်း။

**အဖြေ** *အကယ်၍ ဆရာ၏ စာသင်ခန်းအတွင်း ကိုယ်ပိုင် အပြုအမူ၊ ရပ်တည်ချက် သဘောထား၊ အလေ့အကျင့်တို့မှတစ်ဆင့် ရည်ရွယ်ချက်မပါဘဲ သင်ကြားလိုက်မိသော တန်ဖိုးသည် ပုံမှန်သင်ရိုးမှ သင်ကြားလိုက်သော တန်ဖိုးများနှင့် ဆန့်ကျင်ဖက် ဖြစ်နေလျှင် ကျောင်းသားများသည် သင်ယူရာတွင် ရှုပ်ထွေးမှုနှင့် ခက်ခဲမှုတို့ကို ကြုံတွေ့ရနိုင်ပါသည်။*

# ၁.၃။ အခြေခံ ပညာသင်ရိုးကို သိခြင်း

သင်ယူမှု အတွင်းသားအနှစ်သာရ ရည်ရွယ်ချက်လေးခုကို အောင်မြင်ပေါက်မြောက်နိုင်ရန် မူလတန်းကျောင်း စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းကို လွှမ်းခြုံမိစေရန် စိတ်ကူးပေါက်သလို ထည့်ထားသည်နှင့်တူသော သင်ခန်းစာခေါင်းစဉ်ပေါင်း မြောက်များစွာရှိပါသည်။ ဤအခန်းငယ်တွင် စာရိတ္တနှင့် ပြည်သူ့နီတိကိုသင်ကြားရန် သင်ခန်းစာ ခေါင်းစဉ်နှင့် သင်ယူမှုလုပ်ငန်းများကို မည်ကဲ့သို့ သင့်တင်လျောက်ပတ်စွာ စုစည်းထားသည်ကို ရှင်းလင်းပါမည်။ ဤသို့ဖြင့် ဤအခန်းငယ်တွင် ပါဝင်သော သင်ခန်းစာခေါင်းစဉ်များသည် စာရိတ္တနှင့် ပြည်သူ့နီတိတန်ဖိုးများနှင့် မည်သို့ ချိတ်ဆက်မှုရှိသည်ကို ကျောင်းသားများ သိမြင်လာပါမည်။

## ၁.၃.၁။
## မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မူလတန်း ကျောင်းသားများအတွက် စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်တွင် အဘယ်ကြောင့် ရွေးချယ်ထားသောသင်ခန်းစာခေါင်းစဉ်များနှင့် တတ်ကျွမ်းမှုများ သင်ကြားပေးရကြောင်း၊ သင်ခန်းစာကို မည်ကဲ့သို့ အလေးပေးပုံနှင့် ပထမတန်းနှင့် ပဉ္စမတန်းကြား သင်ယူမှုလုပ်ငန်းရပ်များ တိုးတက်မှုကို ဆွေးနွေးတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၄.၁။ အခြေခံပညာသင်ရိုးညွှန်းတမ်း တွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘော ပေါက်ကြောင်း ပြသသည်။

**စာသင်ချိန်**

မိနစ် (၅၀)ကြာ စာသင်ချိန်(၁)ချိန်။

**သင်ယူမှုနည်းလမ်းများ**

ဖြစ်ရပ် လေ့လာခြင်း၊ တွေး - တွဲ - မျှဝေသင်ယူခြင်း၊ ၅-၃-၁။

**လိုအပ်သောကြိုတင်ပြင်ဆင်မှု**

သင်ခန်းစာ ၁.၃.၁။ ကို ကြိုတင် ဖတ်ရှုထားပါ။ ညွှန်ကြားချက်တွင် သတ်မှတ်ထားသည့် အတိုင်း ရှင်းလင်းချက် ပြင်ဆင်ထားပါ။

**လိုအပ်သောရင်းမြစ်များ**

ကျောင်းသားကိုင်စာအုပ်။

**သင်ယူမှုလုပ်ငန်း ၁။ တွေး - တွဲ - မျှဝေသင်ယူခြင်း။ (၁၅ မိနစ်)**

၁။ မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းမှ သင်ယူမှုတန်ဖိုးဟုလည်း ရည်ညွှန်း လေ့ရှိသော လူမှုကျင့်ဝတ်၊ ရပိုင်ခွင့်နှင့် တာဝန်များ၊ စည်းကမ်းနှင့် ငြိမ်းချမ်းစွာနေထိုင်ခြင်းတို့ ပါဝင်သော ကျယ်ပြန့်သော စာရိတ္တတန်ဖိုးတို့ကို မိတ်ဆက်ပါ။ ဤတန်ဖိုးများသည် သူတို့ ဘာသာသူတို့၊ အခြားသူများ၊ လူ့အဖွဲ့အစည်းနှင့် ဆက်စပ်ရာတွင် ကျောင်းသားတို့၏ အပြုအမူနှင့် ရပ်တည်ချက် သဘောထားတို့နှင့် တိုက်ရိုက် ချိတ်ဆက်နေကြောင်း ရှင်းပြပါ။ ယင်းတို့သည် နိုင်ငံသားကောင်း ဖြစ်ကြောင်းပြသရန် ကျောင်းသားများ၏ အပြုအမူနှင့် သဘောထားရပ်တည်ချက်များအတွက် အခြေခံများဖြစ်ပါသည်။

၂။ ကျောင်းသားများကို အတွဲတွဲ၍ အုပ်စုဖွဲ့ပါ။ အတွဲ တစ်တွဲစီကို သင်ယူမှု တန်ဖိုးတစ်ခုကို တာဝန်ပေးပါ။ အတွဲတစ်တွဲစီကို တာဝန်ပေးထားသော သင်ယူမှုတန်ဖိုးနှင့် ဆက်စပ်သော နေ့စဉ်ဘဝဖြစ်ရပ်တစ်ခုကို စဉ်းစားစေပါ။ မူလတန်းအဆင့် ပထမတန်းနှင့် ဒုတိယတန်းမှ ပုံပြင်နှင့် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၁.၃.၁ ကို ဥပမာ အဖြစ် ရည်ညွှန်းပါ။

၃။ ကျောင်းသားများအုပ်စုကို အတွဲတွဲ၍ သူတို့တွေးတောပြီး အတန်းတွင်း မျှဝေမည်ဟု ဆုံးဖြတ်ထားသော နောက်ဆုံးအဖြေကို မေးပါ။

၄။ သင်ပုန်းပေါ်တွင် အောက်ဖော်ပြပါ ဇယားကို ဆွဲပါ -

**ဇယား ၁.၄။ မူလတန်းစာရိတ္တနှင့် ပြည်သူ့နီတိသင်ရိုးမှ စာရိတ္တတန်ဖိုး ၄ ခု**

| | လူမှုကျင့်ဝတ် | ရပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများ | စည်းကမ်း | ငြိမ်းချမ်းစွာနေထိုင်ခြင်း |
|---|---|---|---|---|
| ဥပမာ - ၁ | | | | |
| ဥပမာ - ၂ | | | | |
| ဥပမာ - ၃ | | | | |
| ဥပမာ - ၄ | | | | |

၅။ အတွဲတစ်တွဲစီမှ ကိုယ်စားလှယ်တစ်ဦးကို သင်ပုန်းဆီသို့လာစေပြီး သူတို့၏ အဖြေကို မှန်ကန် သော ကော်လံအောက်တွင် မှတ်သားစေပါ။

၆။ ထို့နောက်မှန်ကန်သော အဖြေကိုပေးပြီး အဘယ်ကြောင့် ဤအဖြေများသည် သီးခြား တန်ဖိုးအမျိုးအစားနှင့် ဆက်စပ်နေသည်ကို မေးမြန်းခြင်းဖြင့် နောက်ထပ်တွေးခေါ်ရန် စေ့ဆော်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ပုန်းပေါ်ရှိ ဇယားသည်အဖြေများ၏ အနှစ်ချုပ်ကို ဖော်ပြ ထားသဖြင့် အဆင့်(၅)တွင်ဖြစ်ပေါ်ပါသည်။ တင်ထားသော မေးခွန်းသည် ကန့်သတ်မေးခွန်းဖြစ်ပြီး တန်ဖိုးများကို ကျောင်းသားများ နားလည်ခြင်း ရှိမရှိ စစ်ဆေးရာတွင် အထောက်အကူဖြစ်စေပါသည်။ ကန့်သတ်မဲ့ မေးခွန်းများ၏ နောက်ဆက်တွဲ မေးခွန်းများသည် ရှန်းကန်နေရသော ကျောင်းသားများ အဘယ်ကြောင့် တန်ဖိုးများသည် ဥပမာနှင့် ဆက်စပ်နေသည်ကို သိမြင်လာရန် အထောက်အကူ ဖြစ်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

| ဥပမာ | တန်ဖိုး အမျိုးအစား |
|---|---|
| ဥပမာ ၁။ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး လူကျပ်သော ဘတ်စ်ကား ပေါ်သို့ တက်ရောက် လာကြပါသည်။ သူ့ကို သင်၏ထိုင်ခုံပေးမည်လား။ | လူမှုရေးကျင့်ဝတ်နှင့် ဆက်စပ်နေပါသည်။ |
| ဥပမာ ၂။ မနက်ဖြန်တွင် သင်၏ သူငယ်ချင်းနှင့် ချိန်းထားပါသည်။ တချိန်တည်း မှာပင် သင်အပါအဝင် အိမ်နီးနားချင်း အားလုံးပါဝင်ရမည့် သန့်ရှင်းရေးလှုပ်ရှားမှု တခုကို သင်၏ အသိုင်းအဝိုင်းတွင် လုပ်ဆောင်မည်ဖြစ်ပါသည်။ သင် ဘာလုပ်မည်လဲ။ | ရပိုင်ခွင့်နှင့် တာဝန် ဝတ္တရားနှင့် ဆက်စပ်နေပါသည်။ |
| ဥပမာ ၃။<br>(၁) သင်၏ လက်ထဲတွင် အဆာပြေစားစရာ မုန့်၏ အမှိုက်ထုပ် တစ်ထုပ်ရှိပါသည်။ သင်သည် အမှိုက်ထုပ်ကို လမ်းပေါ်တွင် ပစ်မည်လား။ အမှိုက်ပုံးတွေ့သည်ထိ ထိမ်းထားမည်လား။<br>(၂) သင်သည် ယနေ့တွင် ဘုရားကိုပန်းကပ်ရန်ရှိသည်။ သို့သော် ဈေးတွင် ပန်းများ ကုန်နေသည်။ အနီးနားရှိပန်းခြံတွင် လှပသောပန်းများရှိသည်။ သင်သည် ပန်းခြံထဲမှ ပန်းကို ခူးမည်လား။ | စည်းကမ်းနှင့် ဆက်စပ်နေပါသည်။ |
| ဥပမာ ၄။ သင်၏ အတန်းထဲတွင်ဒေသသုံးဘာသာစကား (သို့) အများသုံးဘာသာ စကားကောင်းမွန်စွာ မပြောတတ်သော တိုင်းရင်းသား ကလေးငယ်များ ရှိသည်။ သင်သည် သူတို့၏ ခြားနားသော အသံထွက်ကို ထောက်ပြမည်လား။ အဘယ်ကြောင့် ထောက်ပြမည်နည်း၊ အဘယ်ကြောင့် ထောက်မပြဘဲ နေမည်နည်း။ | ငြိမ်းချမ်းစွာ နေထိုင်ခြင်းနှင့် ဆက်စပ်နေပါသည်။ |

## သင်ယူမှုလုပ်ငန်း ၃။ အုပ်စု လုပ်ငန်း (၁၀ မိနစ်)

၁။ ကျောင်းသားများကိုအုပ်စုများအဖြစ်ခွဲပါ။

၂။ သူတို့၏ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ ၁.၃.၁။ မှ စာရိတ္တနှင့် ပြည်သူ့နီတိ တန်ဖိုးများနှင့် နယ်ပယ်မှ ဇယားကို ကြည့်ခိုင်းပါ။
သင်ကြားခဲ့ရသောမူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ၏ ရည်ရွယ်ချက် လေးခုကြား ဆက်စပ်မှုကို သတ်မှတ်ရန် ခိုင်းစေပါ။

၄။ အုပ်စုဖွဲ့ ဆွေးနွေးရန် အချိန်အနည်းငယ်ပေးပြီး သူတို့အုပ်စု၏ တွေ့ရှိချက်များကို တင်ပြရန် ကိုယ်စားလှယ်တစ်ဦးကို ဖိတ်ခေါ်ပါ။

၅။ ဤ နိဂုံးချုပ်ကို သူတို့ ဘယ်လိုရောက်သည်ကို နောက်ဆက်တွဲ မေးခွန်းများမေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း (Formative assessment )သည် တွေ့ရှိချက်များတင်ပြမှုကို အကဲဖြတ်ရာတွင် ဖြစ်ပေါ်ပါသည်။ ကျောင်းသားများသည် တန်ဖိုးနှင့် ရည်ရွယ်ချက်များ အကြားတွင် မှန်ကန်စွာ ချိတ်ဆက်ပေးနိုင်ပါသလား။ ဤနိဂုံးသို့ ရောက်ရှိရန်အတွက် သူတို့၏ ကြောင်းကျိုး ဆင်ခြင်မှုများကို ရှင်းပြနိုင်ပါသလား။ ဒုတိယမေးခွန်းသည် အဖွင့်မေးခွန်း ဖြစ်သဖြင့် အဖြေအများအပြား အသုံးပြုနိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သင်ယူမှု တန်ဖိုးလေးခုသည် မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၏ ရည်ရွယ်ချက် လေးခုကို တုံ့ပြန်ရန်ရွေးချယ်ခဲ့ပါသည်။

- ပထမ ရည်ရွယ်ချက်သည် စာရိတ္တဆိုင်ရာများနှင့် ဆက်စပ်ပတ်သက်နေပြီး မည်သည့် အပြုအမူသည် မှားသည်/ မှန်သည်ကို ဆင်ခြင်တုံတရားကို အသုံးပြုရသဖြင့် လူမှုရေး ကျင့်ဝတ်နှင့် ချိတ်ဆက်နေပါသည်။

- ဒုတိယ ရည်ရွယ်ချက်သည် သင်၏တစ်ဦးချင်း ရပိုင်ခွင့်နှင့် နိုင်ငံသားတစ်ဦး အနေဖြင့် တာဝန်ဝတ္တရားများနှင့် ပတ်သက်နေသဖြင့် ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများနှင့် ချိတ်ဆက်နေပါသည်။
- တတိယ ရည်ရွယ်ချက်သည် ကျောင်းသားများ သူတို့အိမ်၊ အဖွဲ့အစည်းနှင့် နိုင်ငံတွင် ဖြတ်သန်းရမည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို နားလည်လိုက်နာခြင်းနှင့် ဆက်စပ်ပတ်သက်နေသဖြင့် စည်းကမ်းနှင့် ချိတ်ဆက်နေပါသည်။
- စတုတ္ထ ရည်ရွယ်ချက်သည် ကျောင်းသားများနှင့် ခြားနားကောင်း ခြားနားမည့် ဒေသဆိုင်ရာ၊ နိုင်ငံဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းမှ လူများနှင့် သင့်တင့်မျှတစွာ နေထိုင်ရေးနှင့် ပတ်သက်နေသဖြင့် ငြိမ်းချမ်းစွာ နေထိုင်ခြင်းနှင့် ချိတ်ဆက်နေပါသည်။

## သင်ယူမှုလုပ်ငန်း ၄။ ၅.၃.၁။ (၁၀ မိနစ်)

၁။ ကျောင်းသားများသည် သူတို့၏ ကျောင်းသားကိုင်စာအုပ်မှ အတန်းအလိုက် အကြောင်းအရာကို လေ့လာပြီး အတန်းမြင့်လာသည်နှင့်အမျှ အကြောင်းအရာများကို မည်ကဲ့သို့ တည်ဆောက်ထားသည်ကို ဖော်ပြပါ။

၂။ အတန်းမြင့်လာသည်နှင့်အမျှ အကြောင်းအရာများဖွဲ့စည်းပုံကို ပြောင်းလဲရန် ဖြစ်နိုင် သည့် နည်းလမ်းငါးခု (သို့မဟုတ်) ယခင်အတိုင်း မပြောင်းလဲဘဲ ရှိနေမည်လားကို ပထမဆုံး သူတို့ ကိုယ်ပိုင်အနေဖြင့် စဉ်းစားခိုင်းပါ။

၃။ အဖြေများကိုဆွေးနွေးရန် ကျောင်းသားများကို အတွဲတွဲခိုင်းပါ။ သူတို့ အဖြေများထဲမှ အကောင်းဆုံး အဖြေသုံးခုကို ရွေးပါ။

၄။ ခြားနားသော အုပ်စုများမှ အတွဲများ ထားရှိပါ။ သူတို့၏ အဖြေသုံးခုကို ဆွေးနွေးပါ။

၅။ အဆုံးတွင် အဖြေများကို တစ်ခုတည်း ကျန်သည်ထိ ချုံ့ပါ။ အတန်းကို တင်ပြရန် အုပ်စုကိုယ်စားလှယ် ထားရှိပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အတန်းမြင့်လာသည်နှင့်အမျှ အကြောင်းအရာ ဖွဲ့စည်းပုံ ပြောင်းလဲခြင်းကို ကျောင်းသားများ နားလည်မှုကို သင်သည် သူတို့၏ တွေ့ရှိမှု တင်ပြချက်မှတစ်ဆင့် စစ်ဆေး အကဲဖြတ်နိုင်ပါသည်။ ဤ ကိစ္စမတိုင်မီ သူတို့ ကိုယ်တိုင်ဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ အလုပ်လုပ်နေသည်နှင့်အမျှ သူတို့၏ တိုးတက်မှုကို စစ်ဆေးရန် အရေးကြီးပါသည်။ အုပ်စုများကိုစောင့်ကြည့် စစ်ဆေးပြီး လိုအပ်ပါက ဥပမာများပေးခြင်းဖြင့် ကူညီပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

- နိမ့်သော အတန်းများတွင် အကြောင်းအရာများသည် ကိုယ်တိုင်နှင့် တခြားလူများကို အလေးပေးထားပါသည်။ မြင့်သော အတန်းများတွင် အုပ်စု/ လူ့အဖွဲ့အစည်းနှင့် သဘာဝ/ စကြာဝဠာတို့ကို အလေးထားပါသည်။ ဆရာသည် ကျောင်းသားများကို ‘သူတို့သည် စာရိတ္တသိစိတ်ကို တွေးတောစဉ်းစားမှုနယ်ပယ်ကို ချဲ့ထွင်ခြင်းဖြင့် တိုးမြှင့် နိုင်ကြောင်း’ သတိပေးနေရန် လိုအပ်ပါသည်။
- အကြောင်းအရာ တချို့သည် တချို့အတန်းများတွင် အတူတူပင် ဖြစ်ပါသည်။ ဥပမာ - ဆရာကို လေးစားခြင်းသည် ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းတွင် ပါဝင်ပါသည်။ အမှုအရာ ယဉ်ကျေးခြင်းသည် ဒုတိယတန်းမှ ပဥ္စမတန်းထိ ပါဝင်ပါသည်။ သို့သော် နယ်ပယ်သည် ကျောင်းမှ အုပ်စု/ လူ့အဖွဲ့အစည်းထိ ကွာခြားနိုင်ပါသည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ယုံကြည်မှု ပိုရှိသော ကျောင်းသားကို အဘယ်ကြောင့် ကလေးများကို သူတို့ ရယူရမည့်လုပ်ရှားမှု /အဖြေများကို ဘယ်ကဲ့သို့ စဉ်းစားရမည်ဆိုသည်ကို သင်ကြားခြင်းက သူတို့ရယူရန် လိုအပ်သော လှုပ်ရှားမှု/ အဖြေများကို နှုတ်တိုက်ချပေးခြင်းထက် ပိုမို အကျိုးကျေးဇူး ရှိကြောင်းကို မေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ ယုံကြည်မှု ပိုရှိသော ကျောင်းသားကို တခြားကျောင်းသားများက မည်သည့် တန်ဖိုးသည် ဖြစ်ရပ်သင်ကြားခြင်းဖြစ်သည်ကို ဆုံးဖြတ်ရာတွင် ကူညီပေးရန်အတွက် မေးခွန်းများ၏ စံသတ်မှတ်ချက်စာရင်းနှင့်အတူ လာရောက်ရန်ခိုင်းစေပါ။ ဥပမာ - လူမှုရေး ကျင့်ဝတ်များတွင် ဖြစ်ရပ်သည် လူမှုရေးအခြေအနေနှင့် သက်ဆိုင်သလား။ ယင်းသည် လူအချင်း ချင်းနှင့် သက်ဆိုင်သလား။

**သင်ယူမှုလုပ်ငန်း ၃။** ။ ယုံကြည်မှု လျော့နည်းသော ကျောင်းသားကို အထောက်အကူပေးနိုင်ရန် စွမ်းဆောင်နိုင်မှု ရောထွေးနေသော အုပ်စုတွင် နေရာချထားပေးခြင်းဖြင့် အချင်းချင်းထံမှ သင်ယူခြင်းကို အားပေးပါ။ ယုံကြည်မှုပိုရှိသော ကျောင်းသားကို စာရိတ္တနှင့် ပြည်သူ့နီတိတန်ဖိုးနှင့် နယ်ပယ်ဇယားမှ တချို့တန်ဖိုးများသည် တန်ဖိုးနှင့် ပိုင်နက်နယ်ပယ်နှင့် ဆက်နွှယ်ပုံကို မေးပါ။

**သင်ယူမှုလုပ်ငန်း ၄။** ။ တစ်ဦးချင်းဆောင်ရွက်ရမည့် လုပ်ငန်းများတွင် အကြောင်းအရာများတွင် သူတို့တွေ့ရမည့် အတန်းအလိုက် ခြားနားပုံများကို မီးမောင်းထိုးပြပြီး အတူတကွ အလုပ်လုပ်ပါ။ အတွဲတွဲရာတွင်လည်းကောင်း အုပ်စုဖွဲ့ရာတွင်လည်းကောင်း စွမ်းဆောင်နိုင်မှုများကို ရောထွေး ပေါင်းစပ် ထားပါ။

# ၁.၃.၂။
# မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားသင်ယူမှု အဆင့်သုံးဆင့်

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိသင်ကြားသင်ယူမှု အဆင့်သုံးဆင့်ကို သတ်မှတ်တတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူ ကြသည်ဆိုသည်ကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၁.၃။ ကျောင်းသားများ ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံတို့နှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲ ပြင်ဆင်နိုင်ကြောင်း ပြသည်။

(ဂ) ၁.၂။ ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုရာတွင် မိမိ၏ လက်တွေ့ သင်ကြားမှုများကို လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ် များကို နားလည်ကြောင်း ပြသသည်။

### စာသင်ချိန်

မိနစ် (၅၀) စီကြာသော စာသင်ချိန်(၂)ချိန်။

### သင်ယူမှုနည်းလမ်းများ

လက်တွေ့ လုပ်ဆောင်ခြင်း၊ ပို့ချချက်၊ ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း၊ အုပ်စု လုပ်ငန်း။

## လိုအပ်သောကြိုတင်ပြင်ဆင်မှု

ကျောင်းသားများနှင့် ဆရာသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၁.၃.၂။ ကို ကြိုတင် ဖတ်ရှုထားရန် လိုအပ်ပါသည်။ ပထမတန်းကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာအကြောင်းအရာနှစ်ကို အနှစ်ချုပ် သင်ကြားရန်နှင့် အခြားလိုအပ်သော ပစ္စည်းများကို ပြင်ဆင်ထားပါ။ ဒုတိယ အချိန် မတိုင်မီ ကျောင်းသားများသည် ဆရာလမ်းညွှန်စာအုပ် ပထမတန်းမှ သင်ခန်းစာ အကြောင်းအရာ(၄) ကျောင်းကစားကွင်းကို ကြိုတင်ဖတ်ရှုထားပါ။

## လိုအပ်သောရင်းမြစ်များ

ကျောင်းသားကိုင်စာအုပ်၊ ဝေငှထားသော စာရွက်စာတမ်း (၂)၊ ပထမတန်း ဆရာလမ်းညွှန်နှင့် ကျောင်းသားကိုင်စာအုပ်၊ ဒုတိယတန်း ဆရာလမ်းညွှန်။

### ပထမအချိန်

## သင်ယူမှုလုပ်ငန်း ၁။ လက်တွေ့ လုပ်ဆောင်ခြင်း (၅၀ မိနစ်)

၁။ သင်ယူမှုလုပ်ငန်းများအတွက် ညွှန်ကြားချက်ပေးပါ။ သင်သည် ပထမတန်း ဆရာလမ်းညွှန် အခန်း(၂) 'မိဘနှင့် အသက်ကြီးသူများကို ကူညီခြင်း' ကို ကျောင်းသားများသည် မူလတန်းကျောင်းသားအဖြစ် ပါဝင်လျက် သင်ခန်းစာ ၃ ခုပါဝင်သော အချိန်ကို သရုပ်ပြ သင်ကြားပြသမည် ဖြစ်ပါသည်။ ကျောင်းသားများသည် သင်၏ သင်ကြားမှုကို ကြည့်ရှုလေ့လာပြီး သင်ယူမှုလုပ်ငန်းများတွင် ပါဝင်နေကြမည်ဖြစ်ရာ ကျောင်းသားများကို သင်ယူမှု လုပ်ငန်းစဉ်များကို စဉ်းစားခိုင်းပါ။ သူတို့လေ့လာတွေ့ရှိသော အဆင့်များကို သတ်မှတ်ခိုင်းပါ။

၂။ သရုပ်ပြသင်ကြားမှုကို ဆောင်ရွက်ပါ။ သင်သည် သင်ခန်းစာကို အရှိန်တင်ထားသော ပုံစံသစ်ဖြင့် သင်ကြားမည်ဖြစ်ရာ သင်ခန်းစာအားလုံးကို သင်ကြားရန် အချိန် အနည်းငယ်သာ ရမည်ဖြစ်ပါသည်။ ထို့ကြောင့် သင်ကြားမှု သင်ယူမှုလုပ်ငန်းစဉ်နှင့် သက်ဆိုင်သော သင်ခန်းစာအပိုင်းကိုသာ အလေးထားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများကို လုပ်ငန်းတာဝန်တစ်ခုကို သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းအနေဖြင့် ပေးပါ။ သင်ခန်းစာ အချိန်ပြီးသည့်အခါ သင်၏နောက်အချိန်အတွက် ပြန်လည်သုံးသပ်နိုင်ရန် သင်၏ လက်တွေ့ လုပ်ဆောင်ခြင်းမှ သူတို့၏ သင်ယူမှု အတွေ့အကြုံများကို ပြန်လည်သုံးသပ်မှု မှတ်စုများအဖြစ် ရေးချပါ။ သူတို့သည် သရုပ်ပြ သင်ကြားမှုမှတစ်ဆင့် ရရှိသော အသစ်အဆန်းများနှင့် သူတို့ဆရာ ဖြစ်လာသောအခါ ထည့်သွင်းစဉ်းစားရမည့် အချက်များကို ရေးချနိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဖြေများကို ပထမတန်း ဆရာလမ်းညွှန်တွင် ဖော်ပြထားပါသည်။

**ဒုတိယအချိန်**

### သင်ယူမှုလုပ်ငန်း ၂။ ပို့ချချက် (၂၀ မိနစ်)

၁။ ကျောင်းသားကိုင်စာအုပ်မှ သင်ကြားမှု/ သင်ယူမှု အဆင့်(၃)ဆင့်ကို ပြန်လည်ရည်ညွှန်းရန်နှင့် ဤအဆင့်များသည် ဘယ်အရာဖြစ်သည်ကို ကြည့်ရှုစစ်ဆေးပါ။

၂။ ယခင်အချိန် ပထမတန်းမှ မိဘများနှင့် အသက်ကြီးသူများကိုကူညီခြင်း လက်တွေ့ လုပ်ဆောင်မှုကို ရည်ညွှန်းပါ။

၃။ သင်ကြားမှု သင်ယူမှု လုပ်ငန်းစဉ်မှ အဆင့်သုံးဆင့်သည် သင်ခန်းစာအကြောင်းအရာနှင့် ပါဝင်သော လုပ်ငန်းများ မည်ကဲ့သို့ တိုးတက်သည်ကို ရှင်းပြပါ။

## လက်တွေ့လုပ်ဆောင်ခြင်းအတွက် ဆရာ၏ ဖြစ်နိုင်ခြေရှိသောရှင်းလင်းမှု

ဤအခန်းမှ သင်ခန်းစာ ၁၊ ၂၊ ၃ တို့သည် အောက်ပါ အဆင့် ၁၊ ၂၊၃ တို့နှင့် အသီးသီး ဆက်စပ်နေပါသည်။

**အဆင့် ၁။** သင်ခန်းစာ(၁)တွင် ကျောင်းသားများသည် သူတို့၏ နေ့စဉ်နေထိုင်မှု ဘဝကို ရည်ညွှန်းလျက် သူတို့ ယခင်ရှိပြီးသော ဗဟုသုတနှင့် အတွေ့အကြုံများအပေါ် တွင် တည်ဆောက်ထားသော မေးခွန်းများကို မေးမြန်းကာ လွယ်ကူသော သင်ယူမှုတာဝန်များကို စတင်ရန် ခိုင်းစေပါ။ ဥပမာ - အိမ်တွင် သင်၏ မိဘနှင့် အကြီးများကိုကူညီရန် ဘယ်အရာလုပ်သနည်း။ မေးခွန်းသည် ကျောင်းသားများကို သူတို့၏ နေ့စဉ်နေထိုင်မှုဘဝတွင် လှုပ်ရှားသက်ဝင်နေသော သင်ခန်းစာ၏ အလေးပေး ဖော်ပြချက်များဖြစ်သော စာရိတ္တနှင့် ပြည်သူ့နီတိတန်ဖိုးများကို အသိအမှတ်ပြုရေးနှင့် မိဘများနှင့် သက်ကြီးရွယ်အိုများကို ကူညီပေးခြင်း၏တန်ဖိုးကို သူတို့၏ အပြုအမူနှင့် ရပ်တည်ချက်သဘောထားများက ပြသနေသည်ကို နားလည်စေရန် ထောက်ကူပေးပါသည်။

**အဆင့် ၂။** သင်ခန်းစာ (၂)တွင် ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်တွင် ပါသော ရုပ်ပုံကို ကြည့်ပါသည်။ သူတို့သည် ရုပ်ပုံတွင်ပါသော လူများ၏ လှုပ်ရှားမှု နောက်ကွယ်မှ ကြောင်းကျိုး ဆင်ခြင်မှုနှင့် လုပ်ဆောင်မှုများကို စဉ်းစားရန်နှင့် ဆွေးနွေးရန် ခိုင်းစေပါ။ ကျောင်းသားများသည် ရုပ်ပုံများကိုသူတို့ နားလည်မှုကို တစ်တန်းလုံးသို့သရုပ်ဖော် ပြောပြပါသည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားများသည် သူတို့၏ တန်ဖိုးနားလည်မှုကို ပိုမိုနက်ရှိုင်းစေကာ သူတို့သည်မိဘများနှင့် အသက်ကြီးသူများကိုကူညီရန် အဘယ်ကြောင့် အရေးကြီးပုံကို စဉ်းစားကြပါမည်။

**အဆင့် ၃။** ကျောင်းသားများသည် အိမ်တွင် မိဘများနှင့် အသက်ကြီးသူများကိုကူညီရန် သူတို့ ဘာလုပ်နိုင်သည်ကို စဉ်းစားကြရန် ခိုင်းပါ။ သင်ယူမှုတာဝန်သည် သင်ယူခဲ့သော တန်ဖိုးများကို အသုံးချမှု နမူနာများနှင့်အတူ နေထိုင်ရန် တွန်းအားပေးပြီး သင်ခန်းစာ အချက်အလက်များကို သူတို့၏ နေ့စဉ်နေထိုင်မှု ဘဝတွင် အသုံးချရေး ကျောင်းသားများကို စဉ်းစားစေပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအားလုံးကို ခေါ်ပါ။ သူတို့နားလည်မှုကို စစ်ဆေးရန်အတွက် သင်၏ပို့ချချက်မှ သူတို့ဘာသာ သင်ယူခဲ့သည်ကို ပြန်လည်ဆွေးနွေးပါ။ နောက်ထပ် သင်ယူမှုလုပ်ငန်းတခုသို့ မပြောင်းရွှေ့မီ သင်ကြားမှုကိုလွဲမှားစွာ နားလည်ခြင်းကို ဖော်ထုတ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ။

သင်ကြားမှု သင်ယူမှု လုပ်ငန်းစဉ်မှ အဆင့် သုံးဆင့်မှာ စာရိတ္တနှင့် ပြည်သူ့နီတိ တန်ဖိုးများကို စဉ်းစားခြင်းဖြင့် သိခြင်း၊ စာရိတ္တနှင့် ပြည်သူ့နီတိ တန်ဖိုးများကို ကြောင်းကျိုးဆင်ခြင်ခြင်းဖြင့် နားလည်ခြင်း၊ လူ့ပ်ရှားသက်ဝင်နေသော စာရိတ္တနှင့် ပြည်သူ့နီတိ တန်ဖိုးများကို အသုံးချခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်းများ ၃။ ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း။ (၁၅ မိနစ်)

၁။ ကျောင်းသားများကို ဒုတိယတန်းဆရာ ဆရာလမ်းညွှန်စာအုပ် သင်ခန်းစာ အကြောင်းအရာ (၄) ကျောင်း အားကစားကွင်းကို လေ့လာခိုင်းပါ။

၂။ ကျောင်းသားကိုင်စာအုပ်၏ လက်ကမ်းစာစောင်(၂)ကို လှန်ထားပါ။ လက်ကမ်းဖြန့်ဝေသော စာစောင်တွင် ပါဝင်သောသင်ကြားမှု သင်ယူမှု လုပ်ငန်းစဉ်မှ အဆင့်တစ်ဆင့်စီနှင့် ဆက်နွယ်နေသော သင်ကြားမှု သင်ယူမှုလုပ်ငန်းများကို ရေးချပါ။ သင်ကြားလိုက်သော ကျောင်းသားများ တန်ဖိုးသိခြင်း၊ နားလည်ခြင်းနှင့် အသုံးချခြင်းများနှင့် လုပ်ငန်းများ မည်သို့ပတ်သက်သည်ကို ရှင်းလင်းပြီး လုပ်ငန်းများကို ရွေးချယ်ရသည့် အကြောင်းရင်းများကိုလည်း ရေးချရန် တိုက်တွန်းပါ။

၃။ သူတို့၏ ကျောင်းသားကိုင်စာအုပ်မှ လက်ကမ်းစာစောင်(၂)တွင် အဖြေများရေးချရန် အချိန်ပေးပါ။

ဇယား ၁.၅။

| အဆင့် | သင်ကြားမှု သင်ယူမှုလုပ်ငန်း | အကြောင်းရင်း |
|---|---|---|
| အဆင့်-၁<br>စာရိတ္တနှင့် ပြည်သူ့ နီတိတန်ဖိုးကို တွေးတောခြင်းဖြင့် သိခြင်း။ | | |
| အဆင့်-၂<br>စာရိတ္တနှင့် ပြည်သူ့ နီတိတန်ဖိုးကို ကြောင်းကျိုးဆင်ခြင်ခြင်းဖြင့် နားလည်ခြင်း။ | | |
| အဆင့်-၃<br>သက်ဝင်လှုပ်ရှားသော စာရိတ္တနှင့် ပြည်သူ့ နီတိတန်ဖိုးကို အသုံးချခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။ | | |

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ လက်ကမ်းစာစောင်တွင် အလုပ်လုပ်နေသည်ကို စောင့်ကြည့်လေ့လာပါ။ အကူအညီ လိုအပ်နေသော၊ အခက်အခဲတွေ့နေသော ကျောင်းသားများကိုစစ်ဆေးပါ။

## သင်ယူမှုလုပ်ငန်း ၄။ အုပ်စုလုပ်ငန်း (၁၅မိနစ်)

၁။ အတန်းကို အုပ်စုများခွဲပါ။

၂။ ကျောင်းသားများကို သူတို့ လက်ကမ်း စာစောင် (၂)တွင် ချရေးထားသော အဖြေများကို သူတို့ အုပ်စုအတွင်း မျှဝေပါ။ စုစည်းထားသော အဖြေအတွက် ဆွေးနွေးပါ။

၃။ အုပ်စုကိုယ်စားလှယ်ကို အဆင့်တစ်ခုစီအတွက် သူတို့ သတ်မှတ်ထားသောသင်ကြားမှု သင်ယူမှုလုပ်ငန်းများနှင့် ရည်ရွယ်ချက်များကို မျှဝေရန် ဖိတ်ခေါ်ပါ။ သူတို့၏ အဖြေများကို သင်ပုန်းပေါ်တွင် ရေးပါ။

၄။ သင်ကြားမှု သင်ယူမှု အဆင့် (၃)ဆင့်အတွက် တိုတိုတုတ်တုတ် အနှစ်ချုပ်ပါ။ သင်ခန်းစာ အကြောင်းအရာကို မူတည်ပြီး အဆင့်(၃)ဆင့် ပါဝင်မှုသည် ခြားနားနိုင်ကြောင်း ရှင်းပြပါ။ သင်ခန်းစာ အကြောင်းအရာ တော်တော်များများတွင် အဆင့်(၁)ဆင့်သည် သင်ခန်းစာ(၁)ခုတွင် အသုံးပြုထားပါသည်။ သို့သော် သင်ခန်းစာ အကြောင်းအရာအချို့တွင် အဆင့်များစွာကို သင်ခန်းစာ (၁)ခုတွင် အသုံးပြုနိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းသည် အဆင့်(၃)တွင် ဖြစ်ပေါ်ပါသည်။ အကယ်၍ အောက်ဖော်ပြပါ မေးခွန်းများအတွက် ဆင်တူသော အကြောင်းပြချက်များကို ပေးထားလျှင် အကယ်၍ အဆင့် တခုအတွက် သင်ကြားမှု သင်ယူမှုလုပ်ငန်းများကို မှန်ကန်စွာသတ်မှတ်နိုင်လျှင် သင်သည် စစ်ဆေးရန် လိုအပ်ပါသည်။ အကယ်၍ သူတို့သည် သင်ကြားမှု သင်ယူမှု အဆင့်များကို သူတို့ မည်ကဲ့သို့ နားလည်သည်ကို ပြသသော ခြားနားသော အဖြေများကို မြင်တွေ့ရပါက နောက်ထပ် မေးခွန်းများမေးရန် လိုအပ်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

| အဆင့် | သင်ကြားမှု သင်ယူမှုလုပ်ငန်း | အကြောင်းရင်း |
|---|---|---|
| အဆင့်-၁<br><br>စာရိတ္တနှင့် ပြည်သူ့နီတိ တန်ဖိုးကို တွေးတောခြင်း ဖြင့် သိခြင်း။ | • ကျောင်းသားကိုင်စာအုပ်မှ ပုံကို ကြည့်ပါ။ မည်သည့် ပစ္စည်းသည် အများနှင့် ဆိုင်သည် / မည်သည့် ပစ္စည်းသည် ပုဂ္ဂလိကပိုင် အတွဲ လိုက်ဆွေးနွေးပါ။ အဘယ်ကြောင့် ဆိုသည် ကိုရှင်းပြပါ။<br>• သူတို့ပတ်ဝန်းကျင်မှ အများနှင့် ဆိုင်သောပစ္စည်းကို ပြောပြ/ ဖော်ပြပါ။ | • တစ်စုံတစ်ခုသည် ပုဂ္ဂလိကပိုင် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် တစ်ဦးတစ်ယောက်သည် ယင်းအတွက် ငွေပေးချေထားပြီး ပိုင်ဆိုင်သည်။ (ဥပမာ-သင်၏ လက်ကိုင်ဖုန်း။)<br><br>• အများပိုင်ပစ္စည်းသည် အစိုးရမှ အများပြည်သူအတွက် မွေးမြူ/ ပံ့ပိုးထားသောပစ္စည်း။ (ဥပမာ- ပန်းခြံ။) |

| အဆင့် | သင်ကြားမှု သင်ယူမှုလုပ်ငန်း | အကြောင်းရင်း |
|---|---|---|
| အဆင့်-၂<br><br>စာရိတ္တနှင့် ပြည်သူ့နီတိ တန်ဖိုးကို ကြောင်းကျိုး ဆင်ခြင်ခြင်းဖြင့် နားလည်ခြင်း။ | • ကျောင်းသားများသည်သူတို့ ပတ်ဝန်းကျင်ရှိ မြင်တွေ့ရသော လုပသော အရာများကို ပန်းခြံကဲ့သို့ လူတိုင်းမျှဝေခံစားနိုင်သည်။<br>• ကျောင်းသားများသည် ဘတ်စ်ကား မှတ်တိုင် အမှိုက်ပုံးစသည်တို့ကို တချိန်ထဲမှာ အားလုံးမျှ ဝေသုံးစွဲနိုင်သည်။ | • ပန်းခြံတွင်းရှိပန်းသည် ပန်း၏ အလှကို နှစ်ခြိုက်ခံစားသူတိုင်းက ပိုင်ဆိုင်သည်ဟုသဘော ပေါက်လာခြင်း။ ထို့ကြောင့်မည်သူမျှ သူ၏ ကောင်းကျိုး လုံခြုံစွာ ထိန်းသိမ်းခြင်းတို့အတွက် မခူးရ။ |
| အဆင့်-၃<br><br>လှုပ်ရှားသက်ဝင်နေသော စာရိတ္တနှင့် ပြည်သူ့ နီတိ တန်ဖိုးကို အသုံးချခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။ | • အများပိုင် ပစ္စည်းများကို ထိန်းသိမ်းရခြင်း၏ ရည်ရွယ်ချက်ကို ဆွေးနွေးပါ။<br>• ကလေးများ၏ နေ့စဉ် ဘဝတွင် တွေ့ကြုံနိုင်သော အခြေအနေတွင် သူတို့မည်သို့ အရေးယူ ဆောင်ရွက်မည်ကို တွေးတောပါ။ အကယ်၍ တစ်ဦးတစ်ယောက်သည် ကျောင်း ပန်းခြံ အတွင်းမှ ပန်းခူးနေသည်ကို တွေ့ပါက ဘာလုပ်မည်နည်း။ | • အမှိုက်ပုံး၊ ပန်းခြံနှင့် ဘတ်စ်ကား မှတ်တိုင်တို့သည် အများပိုင် ပစ္စည်းများဖြစ်ရာ ရှုပ်ပွမနေရန်၊ မဖျက်ဆီးရန်နှင့် ရှိသေစွာသုံးစွဲ ထိန်းသိမ်းရန်မှာ လူတိုင်း၏ တာဝန် ဖြစ်သည်။ |

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှု လုပ်ငန်း ၁။** နောက်တစ်ချိန်မတိုင်မီ ပထမတန်း ဆရာလမ်းညွှန်မှ သင်ခန်းစာ အကြောင်းအရာ(၂)ကို သုံးသပ်ခွင့်ပြုပါ။ သင်ခန်းစာကို မည်သို့ဖွဲ့စည်းထားသည်နှင့် ဆရာလမ်းညွှန် စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း အကောင်အထည် ဖော်ရမည့် မှတ်စုများကို ဖတ်ပါ။

**သင်ယူမှု လုပ်ငန်း ၂။** သင်ယူမှု အောင်မြင်မှုကို မြင်တွေ့နိုင်ရန် သင်ကြားမှု သင်ယူမှု လုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် ကျောင်းသားအား မည်ကဲ့သို့သော မေးခွန်းများမေးမည်ကို ယုံကြည်မှုရှိသော ကျောင်းသားကို မေးပါ။

**သင်ယူမှုလုပ်ငန်း ၃။** အဆင့်တိုင်းတွင် မည်ကဲ့သို့သော သင်ကြားမှု သင်ယူမှု အဟန့်အတားများ ရှိနိုင်သည်ကို မေးပါ။

**သင်ယူမှုလုပ်ငန်း ၄။** ကျောင်းသားများကို အချင်းချင်းထံမှ သင်ယူခြင်းကို အားပေးရန် စွမ်းဆောင်နိုင်မှု ရောထွေးနေသောအုပ်စုများ အဖြစ်ခွဲပါ။ သူတို့ စွမ်းဆောင်မှုကို မူတည်ပြီး တာဝန်ပေးပါ။ တစ်ယောက်သည် မှတ်စုလိုက်နိုင်ပါသည်။ တစ်ယောက်သည် အဖြေများစုစည်းရန် ကူညီလမ်းညွှန်နိုင်ပါသည်။ တစ်ယောက်သည် အုပ်စုကိုယ်စား အတန်းရှေ့တွင် စကားပြောနိုင်ပါသည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** တန်ဖိုးအမျိုးအစားလေးခုမှာ မည်သည့်အရာဖြစ်ပါသနည်း။

**အဖြေ** *တန်ဖိုးအမျိုးအစားလေးခုမှာ လူမှုရေးကျင့်ဝတ်၊ ရပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများ၊ စည်းကမ်းနှင့် ငြိမ်းချမ်းစွာ နေထိုင်ခြင်းတို့ ဖြစ်ပါသည်။*

**မေးခွန်း ၂။** စာရိတ္တနှင့် ပြည်သူ့နီတိသင်ရိုးညွှန်းတမ်းတွင် သတ်မှတ်ထားသော သင်ယူမှုနယ်ပယ် လေးခုမှာ ဘယ်အရာဖြစ်သနည်း။

**အဖြေ** *သင်ယူမှုနယ်ပယ်များ မှာ မိမိကိုယ်တိုင် ဆက်စပ်ခြင်း၊ အခြားသူများနှင့် ဆက်စပ်ခြင်း၊ အုပ်စု (သို့မဟုတ်) လူ့အဖွဲ့အစည်းနှင့် ဆက်စပ်ခြင်း နှင့် သဘာဝ (သို့) စကြဝဠာနှင့် ဆက်စပ်ခြင်းတို့ ဖြစ်ပါသည်။*

**မေးခွန်း ၂။** စာရိတ္တနှင့် ပြည်သူ့နီတိ အတွက် သင်ကြားသင်ယူမှု အဆင့် သုံးဆင့်ကိုဖော်ပြပါ။

**အဖြေ** *ပထမအဆင့်မှာ ကျောင်းသားများသည် စာရိတ္တ (သို့) ပြည်သူ့နီတိတန်ဖိုးများကို စဉ်းစားတွေးတောခြင်းဖြင့် လက်ခံဖော်ပြပါသည်။ ဒုတိယအဆင့်မှာ ကျောင်းသားများသည် စာရိတ္တ (သို့) ပြည်သူ့နီတိတန်ဖိုးများ အရေးကြီးပုံကို ပုံပြင်များဖတ်ခြင်း၊ ရုပ်ပုံများကို ကြည့်ပြီး တွေးတောစဉ်းစားခြင်း (သို့) အတန်းဖော်များနှင့် စိတ်ကူးအကြံအစည်များကို မျှဝေခြင်းတို့ ဖြစ်ပါသည်။ တတိယအဆင့် မှာ ကျောင်းသားများသည် သူတို့ကိုယ်ပိုင် အတွေ့အကြုံများကို ပြန်လည်သုံးသပ်ခြင်းနှင့် သင်ခန်းစာတွင် သင်ယူခဲ့ရသော စာရိတ္တနှင့် ပြည်သူ့နီတိတန်ဖိုးများကို လက်တွေ့ဘဝတွင် မည်သို့ အသုံးချရမည်ကို စဉ်းစားခြင်းတို့ ဖြစ်ပါသည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- စာရိတ္တဆိုသည်မှာ အမှန်နှင့်အမှားကို ဆုံးဖြတ်နိုင်သည့် ဆင်ခြင်နိုင်စွမ်းဖြစ်ပြီး ပြည်သူ့နီတိသည် လူ့အဖွဲ့အစည်းအတွင်း တစ်ဦးတစ်ယောက်၏ရပိုင်ခွင့်နှင့် နိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားများကို နားလည်ခြင်းဖြစ်ပါသည်။ စာရိတ္တတန်ဖိုးသည် ပြည်သူ့နီတိတန်ဖိုးအတွက် အခြေခံဖြစ်ပါသည်။

- ပြည်သူ့နီတိပညာရေးသည် ကလေးများကို မေးခွန်းများမေးခွင့် မပြုခြင်းမျိုးမဟုတ်၊ စည်းကမ်းများ လိုက်နာရန်သာ သင်ကြားခြင်းမဟုတ်ဘဲ ကလေးများကိုယ်တိုင် စည်းကမ်းများကို တိုးတက်ကောင်းမွန်လာရန် ၎င်းတို့ကို ပါဝင်လုပ်ဆောင်စေခြင်းဖြစ်ပါသည်။

- ကလေးများသည် စာရိတ္တယထာဘူတကျမှု (ပကတိအရှိတရား )တွင် စတင်ပြီး အသက်အရွယ် ရလာပြီး အုပ်စုအခန်းအကျင်းတွင် တစ်ခြားသူများနှင့် ဆက်ဆံလာရသောအခါ သူတို့သည် စာရိတ္တဆိုင်ရာ တွေးတောဆင်ခြင်မှုကို စတင်လာပါသည်။ ဤတစ်နေရာတွင် 'စည်းမျဉ်းများ' နှင့်ပတ်သက်ပြီး "**အဘယ်ကြောင့်** " ဆိုသည်ကို စတင်မေးမြန်းလာပါသည်။

- မြန်မာနိုင်ငံ အခြေခံပညာရေးသင်ရိုးညွှန်းတမ်းစည်းကမ်း (၁၃) ချက်က လမ်းညွှန်သော မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိ အဓိကရည်ရွယ်ချက် (၄) ခုသည် သင်ခန်းစာခေါင်းစဉ်များ ရေးဆွဲရေးအတွက် မူဘောင်ကို ချမှတ်ပေးပါသည်။ ဤရည်ရွယ်ချက်များသည် အတန်းအလိုက်အနည်းငယ် အပြောင်းအလဲပြုလုပ်ထားပါသည်။

- ပညာရေးကောလိပ်ပထမနှစ် စာရိတ္တနှင့် ပြည်သူ့နီတိသင်ရိုးသည် မူလတန်းကျောင်းသားများအား စာရိတ္တနှင့် ပြည်သူ့နီတိကို ထိရောက်စွာ သင်ကြားပေးနိုင်ရန် ရည်မှန်းထားပါသည်။ ယင်းကို ဘာသာရပ်အထွေထွေမိတ်ဆက်ခြင်းနှင့် စတင်ပြီး နောက်ပိုင်းတွင် သင်ယူမှုတန်ဖိုးအမျိုးအစားတစ်ခုစီကို နက်နက်ရှိုင်းရှိုင်း အလေးထားလေ့လာသွားမည် ဖြစ်ပါသည်။

- ဘာသာရပ်ကိုပြန်လည်သုံးသပ် စူးစမ်းသောနည်းလမ်းဖြင့် သင်ကြားသွားမည် ဖြစ်ပါသည်။ မူလတန်း စာသင်ခန်းများတွင် ဘာသာရပ်သင်ကြားရာတွင် အသုံးပြုမည်ဖြစ်သော ပြဿနာဖြေရှင်းနည်း၊ ပူးပေါင်းသင်ယူခြင်းစသော သင်ယူမှုနည်းလမ်းများကိုလည်း အလားတူ စူးစမ်းဆင်ခြင်သော နည်းလမ်းကို သုံးစွဲသင်ကြားသွားမည် ဖြစ်ပါသည်။

- စာရိတ္တနှင့် ပြည်သူ့နီတိသင်ရိုးညွှန်းတမ်းသည် ကျောင်းသားများ၏ အပြုအမူနှင့် ရပ်တည်ချက် သဘောထားတို့နှင့် ဆက်စပ်နေသောတန်ဖိုးထားမှု အမျိုးအစားလေးမျိုးနှင့် ၎င်းတန်ဖိုးများသည် မိမိဘာသာမိမိ၊ အခြားသူများ၊ လူ့အဖွဲ့အစည်းနှင့် သဘာဝတို့ကို မည်ကဲ့သို့ ဆောင်ရွက်သည်ဆိုခြင်းကို အခြေခံထားပါသည်။

- သင်သည် ပြန်လည်သုံးသပ်ချက်၊ သရုပ်ဆောင်သင်ကြားခြင်း၊ ကဗျာ၊ ပုံပြောခြင်း၊ အမေး အဖြေများနှင့် စုစည်းထားသော အုပ်စုဖွဲ့ဆွေးနွေးခြင်းကဲ့သို့သောသင်ကြားမှု-သင်ယူမှု နည်းလမ်းများကို အသုံးပြုမည် ဖြစ်ပါသည်။

- သင်ခန်းစာများသည် သင်ကြားမှုသင်ယူမှု လုပ်ငန်းစဉ် သုံးရပ်လုံးတွင် အဆင့်ဆင့် ပါဝင်နေပါသည်။ ၎င်းလုပ်ငန်းစဉ်များတွင် စဉ်းစားချင့်ချိန်ကြည့်ခြင်းဖြင့် လေ့လာသင်ယူမှု၏ တန်ဖိုးကို ကျောင်းသားများ သိရှိသွားခြင်း၊ ကျိုးကြောင်း ဆင်ခြင်ကြည့်ခြင်းဖြင့် လေ့လာသင်ယူမှု၏ တန်ဖိုးများ အဘယ်ကြောင့် အရေးကြီးသည်၊ မည်သို့မည်ပုံ အရေးကြီးသည်ကို သဘော ပေါက်နားလည်သွားခြင်းနှင့် ရရှိထားသော တန်ဖိုးများကို သုံးသပ်ဆင်ခြင်ကာ ၎င်းတို့၏ ဘဝတွင် လက်တွေ့ကျင့်သုံးခြင်းတို့ ပါဝင်ပါသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ပြည်သူ့နီတိသည် ကလေးများကို ဥပဒေများကို ကျိုးကြောင်းဆင်ခြင်မှုမပြု မျက်စိစုံမှိတ် လိုက်နာရန် သင်ကြားခြင်းမဟုတ်ဘဲ ဥပဒေများကို တိုးတက်ကောင်းမွန်စေရန်နှင့် ပြုပြင်ဖန်တီးသည့် လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရန် ကလေးများကို ပြင်ဆင်ပေးခြင်း ဖြစ်သည်။ ကလေးများကို သူတို့၏ အနာဂါတ်နှင့် တိုင်းပြည်၏ အနာဂါတ်ကို ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ဥပဒေများကို လိုက်နာခြင်းအစား အဘယ်ကြောင့် ဥပဒေများကို တိုးတက်အောင်မြင်စေသော လုပ်ငန်းစဉ်တွင် မည်ကဲ့သို့ ပါဝင်ရမည်ကို ကလေးများအား သင်ကြားပေးရသည်ကို စဉ်းစားပါ။

အောက်တွင် ဖော်ပြထားသော ဆရာအတတ်သင်ပညာရေး သင်ရိုးမှ သင်ခန်းစာခေါင်းစဉ်များ အနက် မည်သည့် ခေါင်းစဉ်ကို သင် စိတ်ဝင်စားဆုံးဖြစ်သနည်း။ အဘယ်ကြောင့်နည်း။ သင်ယူရန် ခက်ခဲသော သင်ခန်းစာခေါင်းစဉ်ရှိပါသလား။ အဘယ်ကြောင့် ခက်ခဲသနည်း။ ဤအခက်အခဲများကို ဖြတ်ကျော်နိုင်ရန် စဉ်းစားပါ။

ပြည်သူ့နီတိပညာရေးသည် အကြောင်းကိစ္စရပ်များတွင် မဲပေးခြင်း၊ အကြောင်းကိစ္စရပ်များကို အစိုးရထံတင်ပြခြင်းနှင့် နိုင်ငံအတွက် လုပ်ငန်းများတွင် မိမိဆန္ဒအလျောက် ပါဝင်ခြင်း စသည်တို့တွင် တက်ကြွသော နိုင်ငံသားကောင်း တစ်ဦးဖြစ်စေရန် ရည်မှန်းထားပါသည်။ ဤကိစ္စရပ်များသည် အရွယ်ရောက်ပြီးသူများ လုပ်ဆောင်ရမည့် ကိစ္စရပ်များဖြစ်ရာ ယခုအခါ မူလတန်းကျောင်းသားများအား တက်ကြွသော နိုင်ငံသားကောင်း တစ်ဦးဖြစ်စေရန် သင်မည်ကဲ့သို့ သင်ကြားပေးမည်နည်း။

သင်သည် သင်ကြားမှုသင်ယူမှု အဆင့်အတိုင်းတွင် သင်ယူမှု လုပ်ငန်းများလုပ်ဆောင်ရာ၌ သင်ယူမှုပထမအဆင့်တွင် ရပ်တန့်နေသော ကျောင်းသားကို တွေ့နိုင်ပါသည် (သို့မဟုတ်) ဤတန်ဖိုးများကို အိမ်တွင် သင်ကြားပြီးသဖြင့် ရှေ့ရောက်နေသော ကျောင်းသားကိုလည်းတွေ့နိုင်ပါသည်။ ကျောင်းသားသည် စာရိတ္တနှင့် ပြည်သူ့နီတိအကြောင်းသင်ယူရာတွင် မည်သည့် အဆင့်တွင် ရောက်နေသည်ကို မည်ကဲ့သို့ ဆုံးဖြတ်မည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ

၁.၁။

Mitias, M. H. (2008). *Moral development and moral education. Sustainable human development in the twenty-first century (Volume 1).* EOLSS Publications.

Pae, U. B. (n.d.). *Morality and civics (First portion).* Naing Gan Taw Institute of Teacher Training.

Tin, M. (n.d.). *Citizen: The modern politician and education. (Burmese).*

၁.၂။

Japan International Cooperation Agency. (n.d.). *Morality and civics primary student textbooks (Grade 1 – Grade 5).* Unpublished manuscript.

La, R. (n.d.). *Morality and Civic and Teaching. (Burmese).*

McLaughlin, R. (n.d.). *Democracy: Teacher's book.* Retrieved from https://www.moteoo.org/en

United Nations Educational, Scientific and Cultural Organisation. (1998). *Citizenship education for the 21st century.* Retrieved from https://www.scout.org/sites/default/files/scout_news/Citizenship%20Education%20for%20the%2021st%2Century-%20Literature.pdf

၁.၃။

Japan International Cooperation Agency. (n.d.). *Morality and civics primary student textbooks (Grade 1 – Grade 5).* Unpublished manuscript.

Persaud, C. (2018, August 13). *Bloom’s taxonomy: The ultimate guide.* Retrieved from https://tophat.com/blog/blooms-taxonomy-ultimate-guide/

# အခန်း ၂

# လူမှုရေးကျင့်ဝတ်

လူမှုရေးကျင့်ဝတ်အခန်းသည် လူမှုနယ်ပယ် ပတ်ဝန်းကျင်တွင် ကျွန်ုပ်တို့ပြုမူလုပ်ဆောင်ပုံကို ဆန်းစစ်လေ့လာသည်။ ကျွန်ုပ်တို့၏ လူအချင်းချင်း အပြန်အလှန်ဆက်ဆံမှုတွင် ကျင့်ဝတ်တရားများက မည်သို့ အရေးပါပုံနှင့် လက်ခံနိုင်သော အပြုအမူများအဖြစ် ဆုံးဖြတ်သတ်မှတ်သည့် တန်ဖိုးများအကြောင်း လေ့လာသည်။ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၏ အခြေခံမူမှာ စာသင်ခန်းအတွင်း ကျောင်းသားများ လေ့လာသင်ယူရရှိသည့် တန်ဖိုးများကို ၎င်းတို့၏ ဘဝနယ်ပယ်အသီးသီးတွင် အသုံးချနိုင်သည်ဆိုသည့် အချက်ဖြစ်သည်။

လူမှုရေးကျင့်ဝတ်အခန်းသည် မူလတန်းကျောင်းသားများကို သင်ကြားပို့ချပေးမည့် ကျောင်းသားများအား အထင်ကရတန်ဖိုးများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်သည်။ အဆိုပါတန်ဖိုးများ၏ အရေးပါမှုနှင့် အသုံးပြုပုံများအကြောင်း အတွင်းကျကျ သိရှိစေမည်ဖြစ်သည်။ ဤအခန်းသည် အဆိုပါတန်ဖိုးများကို အားကောင်းစေခြင်းဖြင့် လူမှုရေးဆိုင်ရာ သဟဇာတဖြစ်အောင် ဖန်တီးနိုင်ပုံကိုလည်း ဆွေးနွေးထားသည်။ စာသင်ခန်းအတွင်း လေ့ကျင့်ပျိုးထောင်သည့်အခါ အဆိုပါတန်ဖိုးများက အပြုသဘောဆောင်သော သင်ယူမှုရလဒ်များ ထွက်ပေါ်စေနိုင်ပုံကိုလည်း ဆွေးနွေးလေ့လာသည်။ ဤအခန်းကို လေ့လာပြီးစီးချိန်တွင် ကျောင်းသားများသည် လူမှုရေးကျင့်ဝတ်၏ ယေဘုယျအကြောင်းအရာကို လည်းကောင်း၊ လေးစားမှု၊ မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှု၊ ထောက်ထားညှာတာမှုနှင့် ယဉ်ကျေးသော ဆက်သွယ်ပြောဆိုမှုတို့၏ ကောင်းကျိုးများနှင့် အဆိုပါတန်ဖိုးများ၏ လက်တွေ့ကျင့်သုံးပုံများကိုလည်းကောင်း နားလည်သိရှိမည် ဖြစ်သည်။ ထို့အပြင် အဆိုပါတန်ဖိုးများကို မူလတန်း ကျောင်းသားများ လက်ခံနားလည်အောင် သင်ကြားပေးရာတွင် အသုံးပြုလေ့ရှိသော သင်ကြားရေးနှင့် သင်ယူမှုနည်းလမ်းများအကြောင်း ရှင်းလင်းဖွင့်ဆို ပြထားပေးသည်။ ယင်းနည်းဗျူဟာများသည် အပြုအမူများကိုပြောင်းလဲနိုင်သည့် အတွေးအခေါ်များကို လှုံ့ဆော်တွန်းအားပေးနိုင်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မြန်မာ့လူ့အဖွဲ့အစည်းနှင့် မူလတန်းစာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းတွင် လူမှုရေး ကျင့်ဝတ်များ အရေးကြီးပုံကို ဖော်ပြတတ်မည်။
- လူမှုရေးကျင့်ဝတ် ဘာသာရပ်နှင့်အညီ မည်သို့ဆက်သွယ်ရမည်၊ စဉ်းစားရမည်၊ ပြုမူရ မည်ကို နားလည်လာမည်။
- အပြန်အလှန်လေးစားခြင်း၏ တန်ဖိုးကိုရှင်းပြတတ်မည်။
- လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းသားများ၊ မိဘများနှင့် ရပ်ရွာအဖွဲ့အစည်းအတွင်း တစ်ဦးကို တစ်ဦး လေးစားခြင်း၏ အရေးကြီးပုံကို စစ်ဆေးတတ်မည်။
- ဘေးကင်းလုံခြုံသော ကျောင်းပတ်ဝန်းကျင်ဖန်တီးရာတွင်အပြန်အလှန်လေးစားခြင်း၏ အပြုသဘောဆောင် နောက်ဆက်တွဲကို ရှင်းပြတတ်မည်။
- မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှုနှင့် ထောက်ထားညှာတာမှုတို့ကို မူလတန်းကျောင်းသားများ၏ ဘက်စုံလွှမ်းခြုံသော ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများ အဖြစ် နားလည်သဘောပေါက်၊ အသိအမှတ်ပြုတတ်မည်။
- ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် ဆက်သွယ်ပြောဆိုရာတွင် ယဉ်ကျေးသော အပြုအမူနှင့် မယဉ်ကျေးသော အပြုအမူတို့ကို ကွဲကွဲပြားပြားခွဲခြား တတ်မည်။
- လူမှုရေးကျင့်ဝတ်နှင့်စာရိတ္တတန်ဖိုးများအပေါ် ဗဟိုပြုလျက်မူလတန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နီတိသင်ရိုးညွှန်းတမ်းတွင်ပါရှိသော သင်ကြားရေးနှင့် သင်ယူရေးဆိုင်ရာ နည်းလမ်း (၃)ခုကို သိရှိနားလည်လာမည်။

# ၂.၁။ လူမှုရေးကျင့်ဝတ်၏ အဓိကဆိုလိုရင်းအချက်များ။

လူသားများသည် လူမှုရေးသတ္တဝါဖြစ်ပြီး တစ်ဦးတစ်ယောက်တည်း ရှင်သန်နိုင်ခြင်း မရှိပေ။ သို့ဖြစ်၍ တိုးတက်သော လူ့အဖွဲ့အစည်းများတွင် ဘုံအကျိုးစီးပွားတစ်ခုအတွက် တစ်ဦးနှင့်တစ်ဦး အတူတကွ ပူးပေါင်းလုပ်ဆောင်သော နိုင်ငံသားများ ရှိကြသည်။ ဤသို့ရှိရန်အတွက် အဓိက သော့ချက်မှာ မိမိတစ်ဦးတည်း အကျိုးထက် အခြားလူများစွာ၏ အကျိုးစီးပွားများသို့မဟုတ် လူ့အဖွဲ့ အစည်း တစ်ခုလုံးအတွက် လုပ်ဆောင်ရန် ကြည့်မြင်နိုင်သော လူတစ်ဦးချင်း၏ စွမ်းရည်ဖြစ်သည်။ ဤအခန်းငယ်တွင် မူလတန်းအဆင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းတွင်ပါရှိသော သင်ယူမှုဆိုင်ရာတန်ဖိုး အမျိုးအစား(၄)ခုအနက် တစ်ခုဖြစ်သော လူမှုရေးကျင့်ဝတ် ဘာသာရပ်ကို နိုက်နိုက်ချွတ်ချွတ် လေ့လာထားသည်။ လူမှုရေးကျင့်ဝတ်အပေါ် နိုင်ငံတကာ လေ့လာမှုနယ်ပယ်၏ နားလည်သိရှိမှုနှင့် အဘယ့်ကြောင့် လူမှုရေးကျင့်ဝတ်သည် နိုင်ငံသားကောင်းဖြစ်ခြင်းအတွက် အရေးပါကြောင်းကို လေ့လာဆန်းစစ်ထားသည်။

## ၂.၁.၁။
## လူမှုရေးကျင့်ဝတ်ကို မိတ်ဆက်ခြင်း။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မြန်မာ့လူ့အဖွဲ့အစည်းနှင့် မူလတန်းစာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းတွင် လူမှုရေး ကျင့်ဝတ်များ အရေးကြီးပုံကို ဖော်ပြတတ်မည်။
- လူမှုရေးကျင့်ဝတ် ဘာသာရပ်နှင့်အညီ မည်သို့ဆက်သွယ်ရမည်၊ စဉ်းစားရမည်၊ ပြုမူရ မည်ကို နားလည်လာမည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၄.၁။ အခြေခံပညာသင်ရိုးညွှန်းတမ်း တွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘော ပေါက်ကြောင်း ပြသသည်။

(ဂ) ၁.၁။ မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက် တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထား များကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။

## စာသင်ချိန်

မိနစ် (၅၀)ကြာ စာသင်ချိန်(၁)ချိန်။

## သင်ယူမှုနည်းလမ်းများ

ရုပ်နား - မှတ်သားခြင်း၊  ပို့ချခြင်း ဂရပ်ဖစ်ပုံများ အသုံးပြု သင်ကြားခြင်း (တီပုံစံ ဇယားကွက်)။

## လိုအပ်သောကြိုတင်ပြင်ဆင်မှု

ဆရာနှင့် ကျောင်းသားများသည် သင်ခန်းစာ ၂.၁.၁။ ကို ကြိုတင်ဖတ်ရန် လိုအပ်သည်။ မူလတန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နီတိ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန် စာအုပ်များကို အိမ်စာအဖြစ်ပေးရန် ယူဆောင်လာပါ။ သင်ယူသူများ၏ နေရာ ထိုင်ခင်းကို ပြင်ဆင်မှုပြုလုပ်နိုင်လျှင် အမြင်လွယ်ကူစေနိုင်သည့် သင်ထောက်ကူ ပစ္စည်းများကို ပြင်ဆင်ထားရှိပါ။

## လိုအပ်သောရင်းမြစ်များ

ကျောင်းသားကိုင်စာအုပ်၊ လက်ကမ်းစာစောင် - ၃၊ ဗီဒီယိုနှင့် ရုပ်ပုံများ ကဲ့သို့သော သင်ထောက်ကူပစ္စည်းများ။

## သင်ယူမှုလုပ်ငန်း ၁။ ရပ်ပါ၊ မှတ်ပါ။ (၁၀ မိနစ်)

၁။ ကျောင်းသားများအား ၎င်းတို့ မှတ်စုမှတ်သားထားသော စာမျက်နှာပေါ်တွင် ထောင့်မှန်စတုဂံပုံ တစ်ခုကို ရေးဆွဲစေပါ။ ဤပုံသည် ၎င်းတို့၏ 'ရပ်နားမှုဇယာကွက်' အဖြစ် အသုံးပြုနိုင် မည်။

၂။ သင်ပုန်းပေါ်တွင် အောက်ပါမေးခွန်းများကိုရေးသားပါ -
*သင်၏စံပြပုဂ္ဂိုလ်မှာ မည်သူနည်း။ ဤပုဂ္ဂိုလ်တွင် သူ သို့မဟုတ် သူမအား စံပြပုဂ္ဂိုလ်တစ်ဦး ဖြစ်စေသော မည်သည့်အရည်အသွေးများ ရှိသနည်း။*

၃။ ကျောင်းသားများအား ၎င်းတို့၏ အဖြေများကို ၎င်းတို့၏ ရပ်နားမှုဇယားကွက်တွင် ရေးသားစေပါ။

၄။ ကျောင်းသားများအား ၎င်းတို့၏ စံပြပုဂ္ဂိုလ်သည် မည်သူဖြစ်ကြောင်းပြောပြစေပြီး အရည်အသွေးများကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။

၅။ ကျောင်းသားများအား လူမှုရေးဝန်းကျင်တစ်ခုတွင်၊ သို့မဟုတ် အခြားသူများနှင့် ဆက်ဆံမှုပြုရာတွင် အသုံးပြုနိုင်သော အရည်အသွေးများကို ဖော်ပြစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် အဆင့်(၅)တွင် ဖြစ်ပေါ်သည်။ လူ့အဖွဲ့အစည်းအတွင်း အခြားလူများနှင့် ယှဉ်တွဲနေထိုင်သည့်အခါ အရေးပါသော အရည်အသွေးများကို ကျောင်းသားများက ခွဲခြားသိရှိနိုင်ခြင်း ရှိမရှိ သိရှိရန် စစ်ဆေးပါ။ ၎င်းတို့ နားလည်လက်ခံထားသော လူမှုရေးအားဖြင့် လူတော်လူကောင်းဖြစ်စေသည့် အရာများကိုသိရှိရန် ၎င်းတို့၏ ရှင်းပြချက်များကို နားထောင်ပါ။

## သင်ယူမှုလုပ်ငန်း ၂။ ပို့ချခြင်း (၁၀ မိနစ်)

၁။ 'လူမှုရေးကျင့်ဝတ်' ဝေါဟာရကို ရေးသားပြီး ကျောင်းသားများအား ယင်းဝေါဟာရ၏ အဓိပ္ပာယ်ကို စဉ်းစားစေပါ။

၂။ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထပ်မံချဲ့ကားလျက် ဝေါဟာရ၏ အဓိပ္ပာယ်အကြောင်းကိုရှင်းပြပါ။ လူမှုရေးကျင့်ဝတ်ဟူသည် 'လူတစ်ဦးချင်း၏ အပြုအမူသည် တစ်ဦးတစ်ယောက်၏အကျိုးစီးပွားကိုလွန်၍ အခြားသူများနှင့်လူ့အဖွဲ့အစည်းကို အကျိုးပြုသည့် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းအကြားရှိ အပြန်အလှန်နားလည်သဘောတူထားသော ကျင့်ဝတ်တစ်ခု' ဖြစ်သည်ကို ရည်ညွှန်းဆိုလိုကြောင်း ရှင်းပြပါ။ (စာရိတ္တနှင့်ပြည်သူ့နီတိ ကျောင်းသားကိုင်စာအုပ် စာမျက်နှာ-၆၃)။ လူ့အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်တစ်ဦး အနေဖြင့် ကျွန်ုပ်တို့သည် လူမှုအခြေအနေတစ်ခုခုတွင် မည်သို့ပြုမူလုပ်ဆောင် သင့်ကြောင်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ နေ့စဉ်ချမှတ်ရသည်။ အချို့ကိစ္စရပ်များတွင် လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်မည်သူမဆို သဘောတူလက်ခံထားသော လူမှုကျင့်ဝတ်များနှင့် ဆန့်ကျင်လျက် မလျော်မကန် ပြုမူမိလျှင် နောက်ဆက်တွဲများစွာ ကပ်ပါလာနိုင်သည်။

၃။ လူမှုကျင့်ဝတ်၏ အခန်းကဏ္ဍနှင့် အရေးပါမှုအကြောင်း ထပ်လောင်းရှင်းလင်းပါ။ ဆွေးနွေးခဲ့ကြသည့်အတိုင်း လူ့အဖွဲ့အစည်းများသည် ၎င်းတို့တည်ဆောက်ရန် မျှော်မှန်းထားသည့် လူ့အဖွဲ့အစည်းပုံစံများနှင့် လူ့အဖွဲ့အစည်းဝင်များ၏ ကိုယ်ကျင့်တရားများအပေါ် အခြေခံသော တန်ဖိုးထားမှုများနှင့် လူမှုကျင့်ဝတ်များကို သဘောတူထားကြသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအား အိမ်စာ ပြုလုပ်ခိုင်းပါ။ ၎င်းတို့သည် မူလတန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နီတိ ကျောင်းသားကိုင်စာအုပ် ရှိရန်နှင့် စာအုပ်ပါ လူမှုရေးကျင့်ဝတ်နှင့် ဆက်နွှယ်သော သင်ခန်းစာ တစ်ခုကို ရွေးချယ်ရန် လိုအပ်သည်။

၁။ သင်ခန်းစာအတွင်း အဓိကအချက်များ
၂။ သင်ခန်းစာသည် လူမှုရေးကျင့်ဝတ်နှင့် မည်သို့ဆက်နွယ်သနည်း။
၃။ သင်ခန်းစာသည် ကျောင်းသားများလေ့လာရန် အဘယ့်ကြောင့်အရေးပါရသနည်း။

၎င်းတို့၏ တုံ့ပြန်အဖြေများကို ဖတ်ကြည့်သည့်အခါ ၎င်းတို့သည် သင်ခန်းစာ၏ အဓိကအချက်ကို နားလည်ကြသလား၊ ၎င်းတို့သည် သင်ရိုးညွှန်းတမ်းတွင် အဓိပ္ပာယ်ဖွင့်ဆိုထားချက်အရ လူမှုရေးကျင့်ဝတ်ကို နားလည်ကြသလား၊ ၎င်းတို့အနေဖြင့် လူမှုရေးကျင့်ဝတ်ပညာရေးသည် ကျောင်းသားများအား လက်တွေ့ဘဝအတွက် ပြင်ဆင်ပေးရန် မည်သို့အရေးပါသည်ကို သိမြင်နိုင်ကြသလား ဆိုသည်တို့ကို စစ်ဆေးပါ။

**သင်ယူမှုလုပ်ငန်း ၃။ ဂရပ်ဖစ်ပုံများ အသုံးပြု သင်ယူခြင်း (တီပုံစံဇယားကွက်) (၃၀ မိနစ်)**

၁။ မူလတန်း ကျောင်းသားများအား အခြားလူများနှင့် မည်သို့ဆက်သွယ်ရမည်၊ ပြုမူဆက်ဆံရမည်ကို သိရှိရန် ကူညီပံ့ပိုးပေးမည့် စာသင်ခန်းအတွင်း လိုက်နာရန် ကျင့်ဝတ်ကို ရေးသားရန် တာဝန်ပေးထားခြင်း ခံရသကဲ့သို့ စိတ်ကူးကြည့်စေပါ။ မည်သည့်အရာသည် လူမှုရေးအရ လက်ခံသင့်သည် သို့မဟုတ် လက်မခံသင့်သည်ကို သင်မည်သို့ဆုံးဖြတ်သတ်မှတ်မည်နည်း။
၂။ ကျောင်းသားများထံမှ စိတ်ကူးအချို့ ထွက်ပေါ်လာစေရန် ဥပမာအချို့ကိုပေးပါ။ ဥပမာ အခြားလူများကို ရုပ်ပိုင်းထိခိုက်ဒဏ်ရာရအောင် ခြိမ်းခြောက်ခြင်းသည် လက်ခံနိုင်ဖွယ်ဖြစ်သည်။ လိမ်ညာခြင်းသည် လက်ခံနိုင်ဖွယ် မဟုတ်ပေ။ တစ်စုံတစ်ဦး ဝမ်းနည်းနေသည့်အခါ အားပေးစကား ပြောကြားခြင်းသည် လက်ခံနိုင်ဖွယ် ဖြစ်သည်။
၃။ ကျောင်းသားများအား တီပုံစံဇယားကွက်စာရွက်ပေါ်တွင် ၎င်းတို့၏ အဖြေများကို ရေးသားစေပါ။ ၎င်းတို့၏ လက်ကမ်းစာစောင်(၃)အပေါ်တွင် လက်ခံနိုင်ဖွယ်ရာများကို တစ်ဘက်တွင်လည်းကောင်း လက်မခံနိုင်ဖွယ်ရာများကို အခြားတစ်ဘက်တွင်လည်းကောင်း ဖော်ပြစေပါ။
၄။ ကျောင်းသားများကို အုပ်စုများခွဲပြီး ၎င်းတို့ ရေးသားခဲ့သည်များကို အုပ်စုအတွင်း အကြောင်းပြချက်များဖြင့် ဆွေးနွေးစေပါ။

၅။ အုပ်စုတစ်ခုစီမှ ကိုယ်စားလှယ်များကို ဖိတ်ခေါ်ပြီး အုပ်စုအတွင်းဆွေးနွေးခဲ့သည်များကို အနှစ်ချုပ် တင်ပြစေပါ။

၆။ လူမှုရေးကျင့်ဝတ်တွင် အပြုအမူများသည် အခြားသူများ သို့မဟုတ် လူ့အဖွဲ့အစည်း တစ်ခုလုံး၏ အကျိုးစီးပွားအတွက် လိုအပ်ချက်များကို စဉ်းစားလျှင် လက်ခံနိုင်ဖွယ်ရာအဖြစ် သတ်မှတ်ကြောင်း ရှင်းပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ်အကဲဖြတ်မှုသည် အဆင့် ၃နှင့် ၅ တွင် ဖြစ်ပေါ်သည်။ ကျောင်းသားများ ၎င်းတို့၏ လက်ကမ်းစာလွှာများကို ပြင်ဆင်လုပ်ဆောင်နေစဉ် စောင့်ကြည့်ပြီး အုပ်စုလိုက် ဆွေးနွေးချက်များ ရှင်းလင်းတင်ပြမှုကို နားထောင်ပါ။ ကျောင်းသားများက ကျင့်ဝတ်တရားအရ မည်သို့ဆက်သွယ်ပြောဆိုရမည်ကို ကောင်းစွာနားလည်ကြောင်း အဖြေများက ဖော်ပြပါသလား။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** အဖွင့်မေးခွန်းကို ဖြေဆိုရာတွင် ကျောင်းသားများ အခက်အခဲတွေ့လျှင် ကိုယ်တိုင်ကြုံတွေ့ဖူးသော ဥပမာအချို့ဖြင့် ပံ့ပိုးပေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** ပို့ချမှုအတွက် သင်ထောက်ကူပစ္စည်းအချို့ကို ပံ့ပိုးပေးပါ။ ဆိုးရွားသော လူမှုရေးဆိုင်ရာ အပြုအမူနှင့် အကျိုးဆက်များ အကြောင်း ရိုက်ကူးထားသော ဗီဒီယိုအခွေကို ပြသပါ။ သို့မဟုတ် လူမှုရေးကျင့်ဝတ်၏ အရေးပါမှုကို သရုပ်ဖော်ပြသသော ဇာတ်လမ်းတစ်ခုကို ရုပ်ပုံများနှင့် ဖတ်ပြပါ။

**သင်ယူမှုလုပ်ငန်း ၃။** ပိုမိုယုံကြည်မှုရှိသော ကျောင်းသားများအတွက် ဤသင်ယူမှုလုပ်ငန်းဖြင့် တီထွင်ဖန်တီးမှုပြုလုပ်နိုင်ပြီး၊ လိုက်နာရန် ကျင့်ဝတ်ကို နားဝင်ချို၍ မှတ်မိလွယ်သော ကဗျာ တစ်ပုဒ်အဖြစ် ပြောင်းလဲခြင်းဖြင့် ကျောင်းသားများအတွက် မှတ်ရလွယ်ကူစေသည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ကျင့်ဝတ်တရား၏ အဓိပ္ပာယ်မှာ အဘယ်နည်း။

***အဖြေ*** *အမှားနှင့်အမှန်ကို ခွဲခြားပေးသည့် လိုက်နာရန်ကျင့်ဝတ်ဖြစ်သည်။*

မေးခွန် ၂။ လူမှုရေးကျင့်ဝတ်ကို မည်ကဲ့သို့ဆုံးဖြတ်သတ်မှတ်လေ့ရှိသနည်း။

အဖြေ လူ့အဖွဲ့အစည်းတစ်ခု သို့မဟုတ် အုပ်စုတစ်ခုအတွင်း အများသဘောတူ လက်ခံထားသော တန်ဖိုးများနှင့် လူတစ်ဦးချင်းအတွက်သာမဟုတ်ဘဲ အဖွဲ့အစည်းတစ်ခု သို့မဟုတ် အုပ်စု တစ်ခုလုံးကို အကျိုးဖြစ်ထွန်းစေသော အရာများအားဖြင့်လူမှုရေးကျင့်ဝတ်ကို ဆုံးဖြတ် သတ်မှတ်သည်။

မေးခွန် ၃။ လူမှုရေးကျင့်ဝတ်ပညာရေးသည် အဘယ့်ကြောင့်အရေးပါသနည်း။

အဖြေ ဤ လူမှုရေးကျင့်ဝတ်ပညာရေးက ကျောင်းသားများအား ၎င်းတို့ တစ်ဦးချင်း လိုအပ်ချက်မျှသာမဟုတ်ဘဲ အုပ်စု သို့မဟုတ် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို အလေးပေး စဉ်းစားပြီး အဆိုပါ စဉ်းစားချက်များအပေါ် အခြေခံလျက် ဆုံးဖြတ်ချက်များ မည်သို့ချမှတ်ရမည်ကို သင်ကြားပေးသည်။ ဤ ပညာရေးက ၎င်းတို့၏ လူမှုရေးဘဝနှင့် နိုင်ငံအဆင့် လူမှုရေးနယ်ပယ်တွင် အောင်မြင်မှုရရှိစေမည်ဖြစ်ပြီး၊ နိုင်ငံသားအားလုံးကို အောင်မြင်စွာ ပူးပေါင်းလုပ်ဆောင်လျက် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ရောက်ရှိစေနိုင်သည်။

# ၂.၂။ ကျောင်းပတ်ဝန်းကျင်တွင် အပြန်အလှန်လေးစားခြင်း။

လေးစားမှုမခံရသည့်အချိန် နှင့် အရေးမပါ အရာမရောက်ဖြစ်မှု၏ နောက်ဆက်တွဲခံစားချက်က ကျွန်ုပ်တို့အပေါ် မည်သို့ သက်ရောက်ပုံကို ကျွန်ုပ်တို့အားလုံး ပြန်လည် အမှတ်ရနိုင်ပါသည်။ တစ်ဦးကိုတစ်ဦး လေးစားမှုဖြင့် ပြုမူဆက်ဆံခြင်းသည် လူမှုရေးကျင့်ဝတ်တရားတွင် ရှိသင့်ရှိထိုက်သော အရာတစ်ခုဖြစ်ပြီး ပိုမိုကျယ်ပြန့်လာအောင် မြှင့်တင်ပေးရန် လိုအပ်သည်။ လေးစားမှုသည် ကျင့်ဝတ်တရားဆိုင်ရာ လိုအပ်ချက် တစ်ခုဖြစ်ရုံသာမက အောင်မြင်မှုအတွက် အရည်အသွေးများလည်း ဖြစ်သည်။ ဤအခန်းငယ်တွင် သင်၏ စာသင်ကျောင်း အသိုက်အဝန်း အခင်းအကျင်းတွင် လေးစားမှုကို မည်သို့အဓိပ္ပါယ် ဖွင့်ဆိုကြောင်းနှင့် သင်၏ ကျောင်းသားများအပေါ် သက်ရောက်သော စာသင်ကျောင်းပတ်ဝန်းကျင်တွင် အပြန်အလှန်လေးစားမှုအားကောင်းခြင်း သို့မဟုတ် လျော့ပါးခြင်း၏ အကျိုးဆက်များကို စူးစမ်းလေ့လာ ထားသည်။

## ၂.၂.၁။ အပြန်အလှန် လေးစားမှုရှိသော ကျောင်းဝန်းကျင်အခြေအနေကို ဖန်တီးခြင်း။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- အပြန်အလှန်လေးစားခြင်း၏ တန်ဖိုးကိုရှင်းပြတတ်မည်။
- လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းသားများ၊ မိဘများနှင့် ရပ်ရွာအဖွဲ့အစည်းအတွင်း တစ်ဦးကို တစ်ဦး လေးစားခြင်း၏ အရေးကြီးပုံကို စစ်ဆေးတတ်မည်။
- ဘေးကင်းလုံခြုံသော ကျောင်းပတ်ဝန်းကျင် ဖန်တီးရာတွင် အပြန်အလှန်လေးစားခြင်း၏ အပြုသဘောဆောင် နောက်ဆက်တွဲကို ရှင်းပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၄.၁။ အခြေခံပညာသင်ရိုးညွှန်းတမ်း တွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘော ပေါက်ကြောင်း ပြသသည်။

(ဂ) ၁.၁။ မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက် တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထား များကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။

**စာသင်ချိန်**

မိနစ် (၅၀)ကြာ စာသင်ချိန်(၁)ချိန်။

**သင်ယူမှုနည်းလမ်းများ**

အလှည့်နှင့် ပြောဆိုခြင်း၊ တွေး-တွဲ-မျှဝေ သင်ယူခြင်း၊ အုပ်စုလုပ်ငန်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှု**

ဆရာနှင့်ကျောင်းသားများသည် သင်ခန်းစာ ၂.၂.၁။ ကို ကြိုတင်ဖတ်ရန် လိုအပ်သည်။

**လိုအပ်သောရင်းမြစ်များ**

ကျောင်းသားကိုင်စာအုပ်၊ စာရွက်ကပ်ရန် ချပ်ပြားများ၊ မာကာဘောပင်။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း ၁။ အလှည့်နှင့်ပြောဆိုခြင်း (၁၀ မိနစ်)

၁။ ဆွေးနွေးရန်အတွက် အောက်ပါ မေးခွန်းများကို မေးမြန်းပြီး ကျောင်းသားများအား အတန်းဖော်တစ်ဦးနှင့် ဆွေးနွေးရန် ၎င်းတို့တွင် အချိန်(၃)မိနစ်မျှသာ ရရှိကြောင်း အသိ ပေးပါ - "လူကြီးသူမများကို ယဉ်ကျေးစွာ ဆက်ဆံခြင်း၊ သင့်ရွယ်တူများကို လေးစားခြင်းနှင့် ငယ်ရွယ်သူများကို ကြင်နာစွာဆက်ဆံပြုမူခြင်း" သည် မည်သည့်အဓိပ္ပာယ် ဆောင်

သနည်း။

၂။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲပေးပြီး ၎င်းတို့ကို အပြန်အလှန် သဘောတူထားသော မေးခွန်း၏ အဖြေအပေါ် စတင် ဆွေးနွေးစေပါ။

၃။ အချိန်စေ့ပြီးနောက် ကျောင်းသားအချို့ကို အသက်အရွယ် သို့မဟုတ် လူမှုရေးအဆင့်အတန်းကို လစ်လျူရှုလျက် လူများအား လေးစားမှုပေးသင့်ကြောင်း အလေးပေးဝေမျှစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဆင့်(၅)တွင် သင်သည် ကျောင်းသားများ၏ လေးစားမှုအပေါ် ခံယူသဘောထားပုံကို သိရှိနားလည်လာမည် ဖြစ်သည်။ ကျောင်းသားများသည် တစ်ဦးနှင့်တစ်ဦး လေးစားမှုပြခြင်း၏ အရေးပါမှုကို နားလည်သဘောပေါက်ပြီး ဖြစ်ပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

မတူကွဲပြားသော လူအုပ်စုများကို လေးစားမှုပြခြင်းသည် လက်တွေ့နယ်ပယ်တွင် မည်သို့ရှိသည်ကို ကျောင်းသားများက ဖော်ပြမည်။ အဖြေမှန်တစ်ခုတည်း ရှိမည်မဟုတ်ပါ။ သို့ရာတွင် အဖြေများသည် လေးစားမှုနှင့် ဆက်နွယ်သက်ဆိုင်ရမည်။

## သင်ယူမှုလုပ်ငန်း ၂။ တွေး-တွဲ-မျှဝေ သင်ယူခြင်း (၂၀ မိနစ်)

၁။ ကျောင်းသားများအား ၎င်းတို့ အနိုင်ကျင့်ဗိုလ်ကျမှုကို ကြုံတွေ့ခဲ့ဖူးသည့် အချိန်ကို ပြန်လည်သတိရရန် တိုက်တွန်းပါ။ ၎င်းတို့သည် အဆိုပါ အနိုင်ကျင့်ဗိုလ်ကျမှုကို ရပ်တန့်စေခဲ့သလား။ အကျိုးဆက်များကား အဘယ်နည်း။ တားဆီးမည့်အစား ကြည့်နေခဲ့သလား။ အဘယ့်ကြောင့် ဝင်ရောက် အရေးယူလုပ်ဆောင်မှု မပြုခဲ့သနည်း။ အနိုင်ကျင့်ဗိုလ်ကျခံရသူ၏ စိတ်ခံစားမှုသည် မည်သို့ရှိမည်နည်း။

၂။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲ အုပ်စုဖွဲ့ပေးပြီး ပုံပြင်အကြောင်း ပြောပြစေပါ။ ၎င်းတို့၏ ပုံပြင်များကို တွဲဖက်အဖော်နှင့်သာ သီးသန့် ဆွေးနွေးစေပါ။ သို့သော် "အနိုင်ကျင့်ဗိုလ်ကျခံရသူ၏ စိတ်ခံစားမှုသည် မည်သို့ရှိမည်နည်း" ဟူသော မေးခွန်းအတွက် ၎င်းတို့၏

အဖြေများကို အတန်းထဲတွင် ဝေမျှစေပါ။

၃။ အတွဲတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီကို သင်ပုန်းဆီသို့ခေါ် ယူပြီး ၎င်းတို့၏ အဖြေအချို့ကို ရေးသားစေပါ။

၄။ အဖြေများကို တစ်ဦးပြီး တစ်ဦး ဖတ်ကြားပြီး၊ အထူးသဖြင့် အနိုင်ကျင့် ဗိုလ်ကျမှုပုံစံတွင် ကျောင်းသားများ အနေဖြင့် လေးစားမှုမရှိခြင်းအား ကြုံတွေ့ရပုံကို ရှင်းပြစေပါ။ ဤသို့ ပြုလုပ်ခြင်းသည် ၎င်းတို့၏ ပညာသင်ကြားမှုစွမ်းဆောင်ရည်အပေါ် သက်ရောက်မှုရှိစေနိုင်သည်။ အကြောင်းမှာ ၎င်းတို့တွင် ၎င်းတို့၏သင်ယူမှုနှင့် အဆက်ပြတ်နေသော စိတ်ခံစားမှုဆိုင်ရာ စိုးရိမ်မှုများ ရှိနေပြီးဖြစ်သောကြောင့်ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ၎င်းတို့၏ အတွေ့အကြုံများကို အတွဲလိုက်ဝေမျှနေသည်ကို စောင့်ကြည့်ပါ။ ၎င်းတို့တွင် ဝေမျှစရာတစ်စုံတစ်ရာ ရှိပါသလား။ ၎င်းတို့သည် အတွေ့အကြုံဝေမျှရာတွင် သက်သောင့်သက်သာ ဖြစ်ပါသလား။ အဆင့်(၅)တွင် အနိုင်ကျင့်ဗိုလ်ကျခြင်းအကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကျောင်းသားများ တင်ပြသော အဖြေများကိုဖတ်ပြပါ။ စိတ်ခံစားမှုများသည် အများအားဖြင့် အပျက်သဘောဆောင်ပါသလား။ ၎င်းတို့သည် အနိုင်ကျင့်ဗိုလ်ကျခံရသူ၏ အမြင်ရှုထောင့်ကို သိမြင်နားလည်နိုင်ပါသလား။

## သင်ယူမှုလုပ်ငန်း ၃။ အုပ်စုလုပ်ငန်း (၂၀ မိနစ်)

၁။ ကျောင်းသားများကို အုပ်စုများအဖြစ် ခွဲခြားပါ။

၂။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ ၂.၂.၁။ ရှိ အပြန်အလှန် လေးစားမှုရှိသော ပတ်ဝန်းကျင်ဖြစ်အောင်မြှင့်တင်ပေးသော ရည်မှန်းချက်(၄)ရပ်၏ အစိတ်အပိုင်းများကို ဖတ်ရှုစေပါ။

၃။ ကျောင်းသားများအား သီးသန့် ရည်မှန်းချက်တစ်ခုကို ရွေးချယ်စေပြီး၊ ယင်းရည်မှန်းချက်ကို ရရှိအောင် ဆောင်ရွက်မည့် စာသင်ခန်း စီမံမှုနည်းဗျူဟာတစ်ရပ်ကို ၎င်းတို့၏ အုပ်စု အဖွဲ့ဝင်များနှင့် အတူ ရေးဆွဲဖန်တီးစေပါ။ ယင်းနည်းဗျူဟာတွင် လုပ်ရိုးလုပ်စဉ် လုပ်ငန်းများ၊ ဆုလာဘ်နှင့် ပြစ်ဒဏ်များ၊ သင်ယူမှုလုပ်ငန်းများနှင့် အစရှိသည်များ ပါဝင်

သည်။

၄။ စာရွက်ကပ်ရန် poster ချပ်ပြားတစ်ခုစီကို အုပ်စုတစ်ခုစီအား ၎င်းတို့၏ နည်းဗျူဟာများ ရေးချရန် ဝေပေးပါ။

၅။ အုပ်စုတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးကို ၎င်းတို့၏ စာသင်ခန်းနည်းဗျူဟာကို ဝေမျှစေပါ။

၆။ အဆိုပါရည်မှန်းချက်များ ရရှိအောင်ဆောင်ရွက်ရန် အဘယ်ကြောင့် လိုအပ်ရသနည်း ဟူသောမေးခွန်းကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများ၏ တင်ပြမှုနှင့် အဖြေများကို နားထောင်သည့် အဆင့်(၄)နှင့် (၅)တွင် ဖြစ်ပေါ်သည်။ ၎င်းတို့သည် အပြန်အလှန်လေးစားမှုကို အားပေးသော သို့မဟုတ် ဆန့်ကျင်သော စာသင်ခန်းအတွင်း လုပ်နည်းလုပ်ဟန်များကို ကောင်းစွာနားလည်မှု ရှိကြပါသလား။ အပြန်အလှန် လေးစားမှုသည် လက်တွေ့ဘဝတွင် မည်သို့ရှိသည်ဟု ၎င်းတို့ ထင်မှတ်ကြသနည်း။ နောက်ဆက်တွဲ မေးခွန်းအတွက် ၎င်းတို့သည် စာသင်ခန်းအတွင်း အပြန် အလှန်လေးစားမှုရှိခြင်း၏ အပြုသဘော ဆောင်သော အကျိုးဆက်များကို ခွဲခြားသိရှိနိုင်ခြင်းရှိမရှိ စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေအမျိုးမျိုးရှိနိုင်သည်။ ဥပမာ - ကျောင်းသားများသည် နံပါတ်(၁)ရည်မှန်းချက်အတွက် စာသင်ခန်း နည်းဗျူဟာတစ်ခုကို ဖန်တီးရန်လိုအပ်လျှင် ၎င်းတို့အား အတန်းတက်နေစဉ် အုပ်စု လိုက် ဆွေးနွေးမှုအတွက် အခွင့်အလမ်းများစွာကို ခွင့်ပြုပေးကောင်း ပေးနိုင်သည်။ လူတိုင်းကို စကားပြောရန် အခွင့်အရေး ပေးရန်၊ လူပုဂ္ဂိုလ်ကို မဝေဖန်ဘဲ အယူအဆသဘောတရားကိုသာ ဝေဖန်ရန်၊ အခြားသူများထံမှကြိုးစားသင်ယူရန်နှင့် အငြင်းအခုံမပြုလုပ်ရန် ကဲ့သို့သော အုပ်စုလိုက် ဆွေးနွေးပွဲများတွင် မည်သို့ပါဝင် ရမည်ဟူသော လမ်းညွှန်ချက်များကို ကျောင်းသားများအား သင်ကြား ပေးနိုင်သည်။ ကျောင်းသားများသည် အခါအခွင့်များစွာတွင် အုပ်စုလိုက် ဆွေးနွေးပွဲများ၌ ပါဝင်ကြရသည်ဖြစ်ရာ ၎င်းတို့သည် အဆိုပါ လေးစားမှုအလေ့အကျင့်များကို စတင်လက်ခံ ကျင့်သုံးနိုင်သည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ကျောင်းသားများတွင် ဆွေးနွေးစရာ အယူအဆ သဘောတရားများ ရှိနေသေးလျှင်၊ ဆွေးနွေးမှုများ စောစီးစွာ ပြီးစီးနေသော အတွဲများအား နောက်ဆက်တွဲမေးခွန်းများ မေးရန်ရှိလျှင်၊ သို့မဟုတ် "မတူကွဲပြားသော လူအုပ်စုများကို လေးစားမှုပြသရန် သင်ဘာတွေ လုပ်ဆောင်သနည်း"၊ "ကျွန်ုပ်တို့ထက် ငယ်ရွယ်သူများကိုလည်း အဘယ့်ကြောင့်ရိုသေစွာ ဆက်ဆံသင့်သနည်း"၊ "သင်၏ လေးစားမှုနှင့် မထိုက်တန်ဟု သင်ထင်မြင်သော လူအုပ်စုများရှိပါသလား" ကဲ့သို့သော မေးခွန်းများ ဝေမျှရန် စိတ်ကူးရှိပုံမရလျှင် ကျောင်းသားများအား အချိန်ပိုမိုပေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** ကျောင်းသားများသည်ဝေမျှမှုပြုလုပ်ရာတွင် သက်တောင့်သက်သာ ဖြစ်သည်ဟု ခံစားရလျှင် ၎င်းတို့၏ အနိုင်ကျင့်ဗိုလ်ကျမှုအတွေ့အကြုံများကို ဝေမျှ လိုစိတ်ရှိမည် ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း ၃။** အချင်းချင်းသင်ယူမှုအား ပေးရန် ကျောင်းသားများအား ရောနှော ပေါင်းစပ်မှုအပေါ် အခြေခံလျက် အုပ်စုခွဲပါ။ ရည်မှန်းချက်(၄)ရပ်အပေါ် ၎င်းတို့၏ နားလည် သဘောပေါက်မှုကို စစ်ဆေးရန် အုပ်စုများထံ လှည့်လည်သွားလာပါ။ ၎င်းတို့သည် ကောင်းစွာ နားလည်သဘော ပေါက်ခြင်းမရှိဘဲ လုပ်ငန်းကို ပြီးစီးအောင်လုပ်ဆောင်ရန် အခက်အခဲရှိမည် ဖြစ်သည်။ ထိုသို့ ရှုန်းကန် လုပ်ဆောင်ရန်အတွက် အောက်ပါမေးခွန်းနှင့် အဖြေများအားဖြင့် ပံ့ပိုးကူညီပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** အကျဉ်းချုပ်အားဖြင့် စာသင်ခန်းအတွင်း အပြန်အလှန်လေးစားမှုမြှင့်တင်ပေး ရေး ရည်မှန်းချက် (၄)ရပ်ကားအဘယ်နည်း။

**အဖြေ** *ပထမရည်မှန်းချက်မှာ ဘက်မလိုက်မှု / မျှတမှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှု ကဲ့သို့သော ကိုယ်ကျင့်တရားများကို လက်ကိုင်ပြုပြီး၊ ကျောင်းသားများအပါအဝင် လူတိုင်း၏ အသံကို ကြားရသော ဒီမိုကရေစီ လူမှုအသိုက်အဝန်းတစ်ခု ဖွဲ့စည်း ထူထောင်ရန်ဖြစ်သည်။ ဒုတိယရည်မှန်းချက်မှာ ဆရာနှင့်ကျောင်းသားများက ထောက်ပံ့ကူညီမှုများရရှိသည်ဟု ခံစားရသည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီး တည်ဆောက်ရန် ဖြစ်သည်။ တတိယရည်မှန်းချက်မှာ ကျောင်းသားများ လူမှုရေးအရ၊ စိတ်ခံစားမှုအရ၊ သိနားလည်မှုအရနှင့် ရုပ်ပိုင်းအရ လုံခြုံမှု ရှိသည်ဟု ခံစားရသော စာသင်ကျောင်း အသိုက်အဝန်းတစ်ခု တည်ဆောက် ရန် ဖြစ်သည်။ စတုတ္ထရည်မှန်းချက်မှာ ကျောင်းသားများ အချင်းချင်း ထိတွေ့ ဆက်ဆံမှုကို မြှင့်တင်ရန်ဖြစ်သည်။*

**မေးခွန်း ၂။** လူတစ်ယောက်ကို လေးစားမှုဖြင့် ဆက်ဆံပြုမူခြင်းသည် စာသင်ခန်း /စာသင် ကျောင်း ယဉ်ကျေးမှုတစ်ခုလုံးကို မည်သို့အကျိုးသက်ရောက်မှုရှိသနည်း။

**အဖြေ** *ကျောင်းသားတစ်ယောက်ကို လေးစားမှုဖြင့် ဆက်ဆံခြင်းသည် လေးစားမှု ရှိသော ကျောင်းပတ်ဝန်းကျင် တစ်ခုဖြစ်အောင် ယေဘုယျအားဖြင့် မြှင့်တင် အားပေးသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းသားများအနေဖြင့် လေးစား စွာ ဆက်ဆံခံရသည့်အခါ ၎င်းတို့သည် အလားတူ အခြားသူများအား လေးစားစွာဆက်ဆံနိုင်ခြေ ရှိပေသည်။ အပြန်အလှန် လေးစားမှုရှိသော ကျောင်းဝန်းကျင် အခြေအနေသည် သင်ယူမှု ပိုမိုကောင်းမွန်စွာ ဖြစ်ပေါ်စေ သည်။ အဘယ့်ကြောင့် ဆိုသော် ကျောင်းသားများသည် လုံခြုံမှုရှိသည်၊ ထိတွေ့ဆက်ဆံ၊ လှုံ့ဆော်အားပေးမှုရှိသည်ဟု ခံစားရသောကြောင့် ဖြစ်သည်။*

# ၂.၃။ မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှုနှင့် ထောက်ထားညှာတာမှု

ကျွန်ုပ်တို့သည် လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်များအဖြစ် ဘဝတွင် ရှင်သန် နေထိုင်လိုလျှင် အခြားသူများနှင့် အပြုသဘောဆောင်သော ပေါင်းသင်းဆက်ဆံမှုများကို ကိုင်တွယ်လုပ်ဆောင်ရန် အရေးကြီးသည်။ လက်ခံနိုင်ဖွယ်ရှိပြီး အပြုသဘောဆောင်သော နည်းလမ်းဖြင့် အခြားသူများအား မည်သို့ ပြုမူဆက်ဆံရန် လမ်းညွှန်မှုတစ်ခုအနေဖြင့် လူမှုရေးကျင့်ဝတ်များသည် မည်သို့ ပြုမူလုပ်ဆောင်သည်ကို ကျောင်းသားများသည် လေ့လာခဲ့ပြီး ဖြစ်သည်။ မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှုနှင့် ထောက်ထားညှာတာမှု တို့သည် အကျင့်သိက္ခာရှိသော နိုင်ငံသားကောင်းတစ်ဦး ပိုင်ဆိုင်သည့် အခြားတန်ဖိုးများ ဖြစ်သည်။ ယင်းတန်ဖိုးများက ကျွန်ုပ်တို့အား လူမှုရေး နယ်ပယ်တွင် အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် စွမ်းရည်များကို ပေးသည်။ ဤအခန်းငယ်သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေးဘဝနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးတွင်ရှိသော အဆိုပါတန်ဖိုးများ၏ အရေးပါမှုကို ဆန်းစစ်လေ့လာပြီး သင့်အား ယင်းတန်ဖိုးများအပေါ် နားလည်ပြီး အလေးထားစေမည်ဖြစ်သည်။

## ၂.၃.၁။
## မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှုနှင့် ထောက်ထားညှာတာမှုများကို နားလည်သဘော ပေါက်ခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှုနှင့် ထောက်ထားညှာတာမှုတို့ကို မူလတန်းကျောင်းသားများ၏ ဘက်စုံလွှမ်းခြုံသောဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောကျင့်ဝတ်ဆိုင်ရာတန်ဖိုးများ အဖြစ် နားလည်သဘောပေါက် အသိအမှတ်ပြုတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၄.၁။ အခြေခံပညာသင်ရိုးညွှန်းတမ်း တွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၁.၂။ သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ဂ) ၁.၃။ ကျောင်းသားများ ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံတို့နှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။

## စာသင်ချိန်

မိနစ် (၅၀)ကြာ စာသင်ချိန်(၁)ချိန်။

## သင်ယူမှုနည်းလမ်းများ

တွေး-တွဲ-မျှဝေ သင်ယူခြင်း၊ ဂရပ်ဖစ်ပုံများ အသုံးပြု သင်ယူခြင်း (သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း)၊ ပြခန်း လှည့်လည်ကြည့်ရှု သင်ယူခြင်း။

## လိုအပ်သောကြိုတင်ပြင်ဆင်မှု

သင်ခန်းစာ ၂.၃.၁။ ကို ကြိုတင်ဖတ်ရှုပါ။ အကယ်၍ ကျောင်းသားများက လမ်းညွှန်မှု လိုအပ်လျှင် ပြခန်း လှည့်လည်ကြည့်ရှုသင်ယူခြင်းအတွက် နမူနာပုံပြင်တို တစ်ခုကို ပြင်ဆင်ပြုလုပ်ပါ။

## လိုအပ်သောရင်းမြစ်များ

ကျောင်းသားကိုင် စာအုပ်၊ စာရွက်ကပ်ရန်တိပ်၊ ရောင်စုံခြယ်ရန် ပစ္စည်းများ (ရနိုင်ပါက)။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း ၁။ တွေး-တွဲ-မျှဝေ သင်ယူခြင်း (၁၀ မိနစ်)

၁။ အောက်ပါ ဖွင့်ဆိုချက်ကို သင်ပုန်းပေါ်တွင် ရေးသားပါ။
"ဘယ်သူတရားပျက်ပျက်၊ ကိုယ်မပျက်ပါနှင့်"

၂။ ကျောင်းသားများအား ဤဖွင့်ဆိုချက်အပေါ်တွင် ၎င်းတို့အနေဖြင့် သဘောတူ/မတူ ပြန်လည် သုံးသပ်စေပါ။

၃။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲပြီး ၎င်းတို့၏တွဲဖက်များနှင့် ဖွင့်ဆိုချက်အပေါ် အဘယ့်ကြောင့် သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း ၎င်းတို့၏ သဘောထားအမြင်များကို ရှင်းပြစေပါ။ ၎င်းတို့အား ရိုးသားခြင်းနှင့် မရိုးသားခြင်း၏ အကျိုးဆက်များကိုလည်း စဉ်းစားသုံးသပ်စေပါ။ ၎င်းတို့အား ၎င်းတို့နေ့စဉ်ဘဝမှ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဥပမာများအကြောင်း စဉ်းစားစေပါ။

၄။ အတန်းသားများအား ၎င်းတို့၏ အမြင်သဘောထားများကို ဝေမျှပေးရန် စုံတွဲအချို့ကို ရွေးချယ်ပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက ၎င်းတို့၏ တွဲဖက်များနှင့် ဝေမျှပြောပြနေစဉ် ၎င်းတို့ကိုလေ့လာ အကဲခတ်ပါ။ ကြိုးစားပမ်းစား ရှန်းကန်ဝေမျှနေရသူများကို ကူညီပါ။ အဆင့်(၄)တွင် ကျောင်းသားများက ရိုးသားခြင်းနှင့် ကိုယ်ကျင့်တရားရှိခြင်း၏ အရေးပါမှုကို နားလည်သဘောပေါက်ခြင်း ရှိမရှိနှင့် ၎င်းတို့၏ ကိုယ်ကျင့်တရားများ ပျက်စီးဆုံးရှုံးခြင်း၏ အကျိုးဆက်များကို ကြို၍ မြင်နိုင်ခြင်း ရှိမရှိ စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားအများစုသည် ဖွင့်ဆိုချက်ကို ၎င်းတို့၏ကိုယ်ပိုင်အကြောင်းပြချက် အမျိုးမျိုးဖြင့် သဘောတူကြမည်ဖြစ်သည်။ ကိုယ်ကျင့်တရားရှိခြင်း၏ နောက်ဆက်တွဲရလဒ်မှာ လူအများ၏ ပိုမိုယုံကြည်အားထားခြင်းကို ခံရမည်ဖြစ်ပြီး နောင်တွင်အခွင့်အရေးများလည်း ရရှိလာမည် ဖြစ်သည်။ လိမ်ညာခြင်းအားဖြင့် မိမိ၏ ရိုးသားမှုကိုဆုံးရှုံးသည့်အခါ လူအများက ယုံကြည်လေးစားမည် မဟုတ်သကဲ့သို့ အများ၏ ပစ်ပယ်ခြင်းကိုလည်း ခံရမည်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း ၂။ ဂရပ်ဖစ်ပုံများအသုံးပြုသင်ယူခြင်း (သိခြင်း၊ သိလိုခြင်း၊ သိနားလည် သွားခြင်း) (၁၀-မိနစ်)

၁။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာရွက်ပေါ်တွင် အောက်ပါ သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက်ကို ရေးဆွဲစေပါ။

| သိခြင်း | သိလိုခြင်း | သိနားလည်သွားခြင်း |
|---|---|---|
| | | |

၂။ ကျောင်းသားများအား စာရိတ္တတန်ဖိုး(၄)ခု ဖြစ်သော မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှုနှင့် ထောက်ထား ညှာတာမှုတို့ အကြောင်းကို ဤသင်ခန်းစာတွင် ယင်းတို့၏ အဓိပ္ပါယ်ကို ရှင်းလင်းခြင်း မပြုဘဲ ရှင်းပြပေးပါ။

၃။ ယခင်ရှိပြီးသား ဗဟုသုတများကို အသက်ဝင်အောင်ပြုလုပ်ရန် ပထမကော်လံ (၂)ခု ဖြစ်သော 'သိခြင်း'နှင့် 'သိလိုခြင်း' တို့တွင် အဆိုပါတန်ဖိုးများအကြောင်းနှင့် ပတ်သက်၍ ၎င်းတို့၏ ထင်မြင်ချက်များကို ရေးသားစေပါ။

၄။ စာရိတ္တတန်ဖိုး(၄)ခုကို ဖော်ပြခြင်းမပြုဘဲ ကျောင်းသားများအား တန်ဖိုးတစ်ခုစီအကြောင်း ဖော်ပြပေးပြီး၊ ၎င်းတို့ကိုယ်တိုင်အား ဝေါဟာရတစ်ခုစီအပေါ် စဉ်းစားဆင်ခြင်စေပါ။ ယင်း ဖော်ပြချက်များကို ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ၂.၃.၁။ တွင်ပေးထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် အခြေခံလျက် အနှစ်ချုပ်နိုင်သည်။

၅။ ထို့နောက် ကျောင်းသားများအား သင်ယူမှုအသစ်များမှ သိရှိလာသောအချက်များကို “L” ကော်လံတွင် ရေးသားစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက်က သင့်အားသင်ယူစဉ် အကဲဖြတ်ခြင်း လုပ်ငန်းကို လုပ်ဆောင်စေနိုင်မည် ဖြစ်သည်။ ပထမ ကော်လံ (၂)ခုအတွက် ကျောင်းသားများ၏ အဖြေများကို  တန်ဖိုးများ၏ နောက်ခံအကြောင်းအရာများအား သိရှိနိုင်ရန် ဖတ်ရှုပါ။ သင်ယူမှု တစ်စုံတစ်ရာ ရှိ/မရှိ သိရှိရန် နောက်ဆုံးစာတိုင်အတွက် ၎င်းတို့၏ အဖြေများကို ဖတ်ရှုပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ပထမ ကော်လံ (၂)ခုအတွက် အဖြေများသည်  ဘက်လိုက်မှုရှိရာ ၎င်းတို့က သင့်အားထပ်မံ ရယူစရာ ဗဟုသုတ ရှိ/မရှိ အကဲဖြတ်ရာတွင် အထောက်အကူဖြစ်စေမည်။

## သင်ယူမှုလုပ်ငန်း ၃။ ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း (၂၅ မိနစ်)

၁။ အတန်းကို အုပ်စု(၄)ခုခွဲခြားပါ။

၂။ အုပ်စု(၁)ခုစီကို ဘက်မလိုက်မှု/မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှု သို့မဟုတ် ညှာတာထောက်ထားမှု တန်ဖိုးများအနက်မှ တစ်ခုအကြောင်းဆွေးနွေးရန် တာဝန်ပေးပါ။ ကျောင်းသားများက အဆိုပါ တန်ဖိုးများကိုပုံပြင်ဇာတ်လမ်းမှတစ်ဆင့် သင်ယူမည်ဖြစ်ကြောင်း ရှင်းပြပါ။ ကျောင်းသားများသည် ၎င်းတို့ ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၂.၃.၁။ ကို နောက်ခံ သတင်း အချက်အလက် ရရှိရန်အတွက် အုပ်စုလိုက်ဖတ်ရှုလေ့လာသည်။

၃။ ကျောင်းသားများအား အဆိုပါတန်ဖိုးများ၏ အရေးပါမှုကို သင်ကြား/ပြသပေးသည့် ပုံပြင်ဇာတ်လမ်းတို(စာမျက်နှာတစ်ဝက်) တစ်ပုဒ်ကို ပြုစုလျက် မှတ်စုစာရွက်ငယ်တစ်ခုအပေါ်တွင် ရေးသားစေပါ။ ၎င်းတို့သည် အခြေအနေကို သရုပ်ဖော်ပေးသည့် ရုပ်ပုံကိုလည်း ပူးတွဲဖန်တီးရန် လိုအပ်မည်ဖြစ်သည်။

၄။ အချိန်စေ့သည့်အခါ ကျောင်းသားများ၏ ပုံပြင်ဇာတ်လမ်းနှင့်ရုပ်ပုံများကို နံရံပေါ်တွင် ကပ်ထားပါ။

၅။ အုပ်စုများကို စာသင်ခန်းအတွင်း အတူတကွ လှည့်လည်သွားလာပြီး တန်ဖိုးတစ်ခုစီကို လေ့လာစေပါ။ အုပ်စုကိုယ်စားလှယ်များက ၎င်းတို့ ပုံပြင်ဇာတ်လမ်း၏ နောက်ကွယ် ရည်ရွယ်ချက် စိတ်ကူးကို ရှင်းပြမည်ဖြစ်ပြီး၊ အခြားကျောင်းသားများက ဖြည့်စွက်ဆွေးနွေးမှု များ ပြုလုပ်ပေးနိုင်သည်။

၆။ အဆိုပါတန်ဖိုးများအကြား ခြားနားမှုများနှင့် ယင်းတို့၏အကျိုးကျေးဇူးများကို ခွဲခြားပြခြင်း အားဖြင့် ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်းကို အဆုံးသတ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်းကို ပြုလုပ်သည့်အခါ ယင်းကသင့်အား ကျောင်းသားများ၏ ပုံပြင်ဇာတ်လမ်းများက တန်ဖိုးများကို မြင်သာအောင် ဖော်ပြပေးခြင်း ရှိ/မရှိနှင့်အခြား ကျောင်းသားများက အဆိုပါတန်ဖိုးများကို နားလည်ခြင်း ရှိ/မရှိ ၎င်းတို့ဖြည့်စွက်ဆွေးနွေးချက်များ တွင် စိစစ်ကြည့်နိုင်စေမည် ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဖန်တီးထားသော ပုံပြင်ဇာတ်လမ်း အမျိုးမျိုးရှိနိုင်ပါသည်။ သို့ရာတွင် ၎င်းတို့သည် တန်ဖိုးများကို မှန်ကန်စွာဖော်ပြရန် လိုအပ်သည်။ ဘက်လိုက်မှုမရှိဘဲ မျှတမှုရှိသော ပုံပြင်ဇာတ်လမ်းများသည် လူများအားအောင်မြင်မှုအတွက် တူညီသော အခွင့်အလမ်းများပေးရန် လိုအပ်ကြောင်း ဖော်ပြပေး သည်။ သို့သော် လူတိုင်းအား တူညီစွာ ပြုမူဆက်ဆံရမည်ဟုမဆိုလိုဘဲ ရိုးသားမှုနောက်ခံ ပုံပြင်ဇာတ်လမ်းများက အမှန်တရားကို ပြောရန်ဖော်ပြသည်။ ထောက်ထားစာနာမှုဇာတ်လမ်းသည် လူများအား မေတ္တာဂရုဏာ သို့မဟုတ် သနားကြင်နာမှုကို ပြသရန်နှင့် မျှဝေခံစားမှု အသားပေး ဇာတ်လမ်းများသည် အခြားသူတစ်ဦး၏ နေရာတွင် အစားထိုးဝင်ကြည့်ပြီး စဉ်းစားနားလည်ပေးရန် လိုအပ်ပုံတို့ကို ဖော်ညွှန်းသည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** မေးမြန်းသော မေးခွန်းအမျိုးမျိုးအတွက် မေးခွန်းတစ်ခုမေးပြီးနောက် ကျောင်းသားများ၏ တွဲဖက်များကို ပြောင်းလဲပေးခြင်းဖြင့် ၎င်းတို့သည် အရည်အသွေးစုံ ရောနှောသော ကျောင်းသားများနှင့် စကားပြောဆိုနိုင်ကြမည် ဖြစ်သည်။ ကျောင်းသားများအား လှုပ်ရှားမှုရှိသော သင်ယူခြင်းပုံစံဖြင့် ဂရုစိုက်ပေးခြင်း ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း ၂။** ထပ်ဆောင်းလုပ်ငန်းတစ်ခုအဖြစ် သင်သည် ကျောင်းသားများအား သင်ခန်းစာအပြီး ရှိလာသော မေးခွန်းများကို ရေးချရန် 'သိလိုခြင်း' စာတိုင်အောက်တွင် နောက်ထပ်နေရာတစ်ခုကို ဖန်တီးပြုလုပ်စေပါ။

**သင်ယူမှုလုပ်ငန်း ၃။** အုပ်စုများက ရှင်းလင်းချက်များမပေးမီ ယုံကြည်မှု ပိုမိုမြင့်မားသော ကျောင်းသားများသည် အခြားအုပ်စုများ၏ ဇာတ်လမ်းများနှင့် ရုပ်ပုံများက ပေးလိုဟန်ရှိသော တန်ဖိုးများနှင့် စိတ်ကူးအယူအဆများကို မှန်းဆရန် ကြိုးပမ်းနိုင်သည်။ ဖြည့်စွက် အကြံပြုဆွေးနွေးမှုများကို တိုက်ရိုက်ပြုလုပ်ရန် အခက်အခဲရှိကြသည့် ကျောင်းသားများအနေဖြင့် မှတ်ချက်များကို ရေးသားနိုင်ရန် သင်သည် ၎င်းတို့၏ ပုံပြင်ဇာတ်လမ်းများနှင့် ကပ်လျက်နေရာတွင် စာရွက်အပိုင်းငယ်တစ်ခုကို ကပ်ထားပေးနိုင်သည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** အဘယ့်ကြောင့် ထောက်ထားညှာတာမှုနှင့် မျှဝေခံစားမှုတို့သည် လူမှုရေး ကျင့်ဝတ်၏ အရေးပါသော အစိတ်အပိုင်း ဖြစ်နေရသနည်း။

**အဖြေ** *လူမှုရေးကျင့်ဝတ်သည် ကျွန်ုပ်တို့ကိုယ်တိုင်၏ အကျိုးစီးပွားထက် အခြားသူများ၏ လိုအပ်ချက်နှင့် အကျိုးစီးပွားအပေါ် အာရုံစိုက် အလေးပေးသည်ဖြစ်ရာ ထောက်ထားညှာတာမှုနှင့် မျှဝေခံစားမှုတို့က ကျွန်ုပ်တို့အား အခြားသူများ၏ ရှုထောင့်အမြင်များကို ထည့်သွင်းစဉ်းစားစေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ၎င်းတို့အား မှန်ကန်သော အပြုအမူများနှင့် ဆက်ဆံမှု ပြုကြသည်။*

**မေးခွန်း ၂။** စာသင်ခန်းထဲတွင် မရိုးသားမှုကို အားပေးသည့်ဖြစ်ရပ်များ မည်သို့ဖြစ်လေ့ ရှိသနည်း။

**အဖြေ** *အမှန်တရားကို ပြောခြင်း၏ နာကျင်ဖွယ်အကျိုးဆက်များ ခံစားရခြင်းထက် လိမ်လည်ခြင်းနှင့် မသမာမှုပြုလုပ်ခြင်းက ပိုမိုလွယ်ကူသည်ဖြစ်ရာ ၎င်းတို့ကို ပြုလုပ်ခြင်းသည် တရားသည်ဟု ယူဆကြသည်။ Price-Mitchell (2015) က အထူးသဖြင့်မရိုးသားမှုသည် အောင်/ရှုံး ရလဒ်ကို အလေးပေးသည့် စာမေးပွဲယဉ်ကျေးမှုတွင် ရှင်သန်အားကောင်းကြောင်း တွေ့ရှိခဲ့သည်။ စာမေးပွဲ စစ်ဆေးသည့် စနစ်တွင် ကျောင်းသားများသည် ၎င်းတို့၏ စာမေးပွဲရလဒ်များ အပေါ် အခြေခံ၍သာ မိမိကိုယ်ကို တိုင်းတာအကဲဖြတ်နိုင်ပေသည်။ ရမှတ် အဆင့်အတန်းဖြင့် တိုးတက်မှုနှင့် ဆုတ်ယုတ်မှုကို ခွဲခြားသတ်မှတ်သော အဆိုပါပတ်ဝန်းကျင်မျိုးတွင် ကျောင်းသားများသည် စာမေးပွဲ စနစ်ကို မသမာမှု ပြုရန် သွေးဆောင်ခြင်း ခံရသည်။*

# ၂.၄။ ထိရောက်မှုရှိပြီး ယဉ်ကျေးသော ဆက်သွယ်ပြောဆိုမှု

တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် မိမိတို့၏ စကားလုံးနှင့် အပြုအမူများမှတစ်ဆင့် မသိမသာ ပေးပို့သော သတင်းစကားများကို သတိမပြုမိဘဲရှိတတ်ကြသည်။ ကျွန်ုပ်တို့ ဆက်သွယ် ပြောဆိုသော လူသည် ကျွန်ုပ်တို့ မျှော်မှန်းထားသည်နှင့် ကွဲလွဲစွာ တုံ့ပြန်မှုပြုသည့်အခါ နားမလည်မှုနှင့် ဝေဝါးထွေပြားမှုကို ဖြစ်စေသည်။ ကျွမ်းကျင်လိမ္မာသော ဆက်သွယ်ပြောဆိုမှု စွမ်းရည်မရှိလျှင် ကျွန်ုပ်တို့သည် ရည်ရွယ် မထားဘဲ ရိုင်းပျသော ဆက်ဆံမှုများ ပြုလုပ်မိနိုင်သည်။ ဤအခန်းငယ်တွင် ကျွန်ုပ်တို့ မည်သို့ဆက်သွယ် စကားပြောသည်၊ ညှံ့ဖျင်းသော ဆက်သွယ်ပြောဆိုမှု၏ အကျိုးဆက်များ၊ ယဉ်ကျေးခြင်း၏ အရေးပါမှု၊ ကျွန်ုပ်တို့၏ ဆက်သွယ်ပြောဆိုမှုတွင် ယဉ်ကျေးပျူငှာမှုကို မည်သို့ဖော်ဆောင်ပေးသည်နှင့် အမျိုးမျိုးသော ယဉ်ကျေးမှု ဓလေ့ထုံးစံများတွင် ယဉ်ကျေးသော အပြုအမူတို့ကို စဉ်းစားခြင်းများ အကြောင်းကို စူးစမ်းလေ့လာထားသည်။

## ၂.၄.၁။ ထိရောက်သော ဆက်သွယ်ပြောဆိုမှုနှင့် ယဉ်ကျေးသော အပြုအမူများကို နားလည်သိရှိခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် ဆက်သွယ်ပြောဆိုရာတွင် ယဉ်ကျေးသော အပြုအမူနှင့် မယဉ်ကျေးသော အပြုအမူတို့ကို ကွဲကွဲပြားပြားခွဲခြား တတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၄.၁။ အခြေခံပညာသင်ရိုးညွှန်းတမ်း တွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘော ပေါက်ကြောင်း ပြသသည်။

(ဂ) ၁.၁။ မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာ တစ်ယောက်တွင်ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင် ကြောင်း ပြသနိုင်သည်။

## စာသင်ချိန်

မိနစ် (၅၀)ကြာ စာသင်ချိန်(၁)ချိန်။

## သင်ယူမှုနည်းလမ်းများ

ကျောင်းသား တုံ့ပြန်ရေးသားရန် ကဒ်ပြားများ၊ ရပ်နား-မှတ်သားခြင်း ၊ အုပ်စုလုပ်ငန်း။

## လိုအပ်သောကြိုတင်ပြင်ဆင်မှု

ဆရာနှင့် ကျောင်းသားများသည် သင်ခန်းစာ ၂.၄.၁။ ကို ကြိုတင်ဖတ်ရှုသင့်သည်။ ယဉ်ကျေးသောအပြုအမူများနှင့် မယဉ်ကျေးသော အပြုအမူများ၏ နမူနာများ (နိုင်ငံတကာနမူနာများအပါအဝင်)ကို ကြိုတင်ပြင်ဆင်ထားသင့်သည်။

## လိုအပ်သောရင်းမြစ်များ

ကျောင်းသားကိုင် စာအုပ်များ၊ အရောင်ပါ ကဒ်ပြားများ (အနီနှင့် အစိမ်းရောင် သို့မဟုတ် အခြားအရောင်များ)။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း ၁။ ကျောင်းသားများ၏ အဖြေကတ်ပြားများ (၁၅-မိနစ်)

၁။ ကျောင်းသားများအား ယဉ်ကျေးသော အပြုအမူအတွက် အစိမ်းရောင်ကတ်ပြားကို လည်းကောင်း၊ မယဉ်ကျေးသော အပြုအမူအတွက် အနီရောင်ကတ်ပြားကို လည်းကောင်း အသုံးပြုရန် ညွှန်ကြားလျက် အရောင်ပါကတ်ပြားများကို ဝေငှပေးပါ။

၂။ ပြင်ဆင်ထားသော နမူနာများကို ဖတ်ကြားပြပြီး မည်သည့် နမူနာသည် ယဉ်ကျေးသော အပြုအမူများ သို့မဟုတ် မယဉ်ကျေးသော အပြုအမူများဖြစ်သည်ကို ကျောင်းသားများအား ဆုံးဖြတ်သတ်မှတ်စေပါ။

၃။ သင်ခန်းစာပြီးဆုံးလျင် ကျောင်းသားများနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိနိုင်သည့် အခြားတိုင်းပြည်များရှိ ယဉ်ကျေးသော အပြုအမူများနှင့် မယဉ်ကျေးသော အပြုအမူများ၏ နမူနာများကို ဖတ်ပြပြီး ယဉ်ကျေး သို့မဟုတ် မယဉ်ကျေးဟု မှတ်ယူရန် ၎င်းတို့ကို စဉ်းစားကြည့်စေပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ တုံ့ပြန်ဖြေကြားချက်များကို အကဲခတ်စောင့်ကြည့်ခြင်းသည် သင့်အား၎င်းတို့၏ ယဉ်ကျေးပျူငှာမှုအပေါ် လောလောဆယ် နားလည်သဘောပေါက်မှုကို ဆုံးဖြတ်သတ်မှတ်ရာတွင် အထောက်အကူ ဖြစ်စေမည်။ မေးခွန်းများသည် ဓမ္မဓိဋ္ဌာန်ကျသဖြင့် ၎င်းတို့၏ အဖြေများသည် အမှန် သို့မဟုတ် အမှား တစ်ခုခု ဖြစ်နိုင်သည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများသည် အပြုအမူနမူနာများအတွက် တုံ့ပြန်ဖြေကြားမှုကို မှန်ကန်စွာ ရွေးချယ်သင့်သည်။ အခြားတိုင်းပြည်များရှိ အပြုအမူများအတွက် သင်အသုံးပြုနိုင်သော ဥပမာများကို အောက်တွင် ဖော်ပြထားသည် -

ဂျာမနီနိုင်ငံတွင် မိနစ်အနည်းငယ် နောက်ကျခြင်းကို ရိုင်းပျသည်ဟု မှတ်ယူသည်။ ရဝမ်ဒါနှင့် ဂျပန်နိုင်ငံတို့တွင် ထမင်းစားသုံးရန် မသင့်တော်သောနေရာတွင် စားသုံးခြင်းကို ရိုင်းပျသည်ဟု မှတ်ယူသည်။ လီဘာနွန်နိုင်ငံတွင် စားသုံးရန် ကမ်းပေးသော အစားအသောက်ကို ငြင်းပယ်ခြင်းသည် ဆိုးရွားသော အပြုအမူအဖြစ် မှတ်ယူသည်။ ကျားနှင့် မ ချစ်ရည်လူးမှုကို အများ မြင်သာသောနေရာတွင် ပြုလုပ်ခြင်းသည် အခြားနိုင်ငံများတွင် သာမန်လုပ်ရိုးလုပ်စဉ် တစ်ခုဖြစ်သော်ငြား မြန်မာနိုင်ငံတွင်မူ အထင်အမြင်သေးခြင်း ခံရသည်။ မြန်မာနိုင်ငံရှိ လူအများစုက ဆက်သွယ်မှုကို သွယ်ဝိုက်၍ ပြုလုပ်ကြပြီး၊ အခြားနိုင်ငံများတွင်မူ တိုက်ရိုက်ဆက်သွယ်ပြောဆိုခြင်းကို လက်ခံသဘောကျစရာအဖြစ် မှတ်ယူသည်။

### သင်ယူမှုလုပ်ငန်း ၂။ ရပ်ပါ မှတ်ပါ (၁၅ မိနစ်)

၁။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်ရှိ သင်ခန်းစာ ၂.၄.၁။ မှ နားထောင်ခြင်း အကြောင်း၏ အစိတ်အပိုင်းကို ရည်ညွှန်းကိုးကားစေပါ။

၂။ ကျောင်းသားများအား ၎င်းတို့ မှတ်စုရေးသားသည့် စာမျက်နှာပေါ်တွင် ထောင့်မှန်စတုဂံပုံတစ်ပုံကို ရေးဆွဲစေပါ။ ဤပုံကို ၎င်းတို့၏ 'ရပ်နားမှုဇယားကွက်' အဖြစ် အသုံးပြုနိုင်မည်။

၃။ သင်ပုန်းပေါ်တွင် အောက်ပါမေးခွန်းများကို ရေးသားပါ -

- နားထောင်ရန်ဆိုသည်မှာ ဘာကို ဆိုလိုသနည်း။
- နားထောင်ခြင်း မဟုတ်သော ကြားသိခြင်း၏ အကျိုးဆက်များမှာ ဘယ်အရာတွေ ဖြစ်နိုင်သနည်း။

၄။ ကျောင်းသားများအား ၎င်းတို့၏ အဖြေများကို ၎င်းတို့၏ ရပ်နားမှုဇယားကွက်တွင် ရေးသားပါ။

၅။ ကျောင်းသားအနည်းငယ်ကို ၎င်းတို့၏ အဖြေများအကြောင်း ဝေမျှရှင်းပြစေပြီး မှတ်ချက်ပေးရန် အခြားသူများကို ဖိတ်ခေါ်လျက် အတန်းလိုက် ဆွေးနွေးမှုကို အားပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် အဖြေတစ်ခုရရှိရန် ရုန်းကန်ကြိုးပမ်းနေကြရသလား ဆိုသည်ကို သိရှိရန် ၎င်းတို့၏ ရုပ်နားမှုဇယားကွက်ကို ဖြည့်စွက်ရေးသားစဉ် ၎င်းတို့ကို စောင့်ကြည့်ပါ။ နားထောင်ခြင်းအပေါ် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးရန် သင်ယူစဉ် အကဲဖြတ်ခြင်း လုပ်ငန်းသည် အတန်းလိုက် ဆွေးနွေးပွဲပြုလုပ်စဉ် ဖြစ်ပေါ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများ၏ အဖြေများသည် တူညီနိုင်ကြသော်လည်း ဤဥပမာများနှင့် ကိုက်ညီရမည်ဟု ကန့်သတ်ထားခြင်းမရှိပေ။

နားထောင်ခြင်းသည် သတင်းစကားကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်းဖြင့် အသုံးပြုခြင်း လုပ်ငန်းစဉ်တွင် တက်ကြွစွာ ပါဝင်လျက်ရှိသည်။ နားထောင်ခြင်းသည် ကျွန်ုပ်တို့အား မည်သို့ တုံ့ပြန်ရမည်ကို ဆုံးဖြတ်ချက်ချရာတွင် လမ်းညွှန်သည့် အခြားသူများ၏ နှုတ်ဖြင့် ဆက်သွယ်ခြင်းနှင့် ကိုယ်ဟန်အမူအရာဖြင့် ဆက်သွယ်ခြင်း နှစ်မျိုးစလုံးကို ဆန်းစစ်စေသည်။ ကျွန်ုပ်တို့ လွဲမှားစွာ နားထောင်သည့်အခါ ကျွန်ုပ်တို့သည် အရေးပါသော သတင်းအချက်အလက်များနှင့် လွဲချော်ကာနားလည်မှု လွဲမှားစေနိုင်သည်။ ကျွန်ုပ်တို့သည် အခြေအနေကို ဆိုးရွားစေပြီးပဋိပက္ခကို ဖန်တီးစေနိုင်သည့် နည်းလမ်းဖြင့် တုံ့ပြန်နိုင်သည်။

## သင်ယူမှုလုပ်ငန်း ၃။ အုပ်စုလုပ်ငန်း (၂၀-မိနစ်)

၁။ အတန်းသားများကို အုပ်စု (၄)ခု မှ (၆)ခု အထိ ခွဲခြားပြီး ဆရာတစ်ဦးသည် အုပ်စုများအား မည်သို့ ဆက်သွယ်မှုပြုလုပ်သည်ကို လေ့လာစေပါ။ ယဉ်ကျေးပျူငှာမှုရှိခြင်း (သို့မဟုတ်) ယဉ်ကျေးပျူငှာမှုမရှိခြင်းကို မိမိတို့၏ စကားလုံးများနှင့် ကိုယ်ဟန်အမူအရာ အချက်ပြမှုများ ဖြင့် ဖော်ပြနိုင်ကြောင်း ရှင်းပြပါ။

၂။ ဆရာတစ်ဦးသည် ယဉ်ကျေးသော နှုတ်ဖြင့် ဆက်သွယ်မှုနှင့် မယဉ်ကျေးသော နှုတ်ဖြင့် ဆက်သွယ်မှုအပြင် ယဉ်ကျေးသော ကိုယ်ဟန်အမူအရာဖြင့် ဆက်သွယ်မှုနှင့် မယဉ်ကျေးသော ကိုယ်ဟန်အမူအရာဖြင့် ဆက်သွယ်မှုတို့တွင် မည်သို့ ပါဝင်ပတ်သက် လုပ်ဆောင်သည်ကို ဥပမာအနေဖြင့် ပြသပြီး၊ စာသင်ခန်းအတွင်း ကောင်းမွန်သော သို့မဟုတ် ဆိုးရွားသော ဆက်သွယ်မှုအပေါ် သက်ရောက်မှုကို ရှင်းပြပါ။

၃။ အုပ်စု (၂)ခု မှ (၃)ခု အား နှုတ်ဖြင့် ဆက်သွယ်မှုကို ပြုလုပ်စေပြီး၊ ကျန်အုပ်စု (၂)ခု မှ (၃)ခုအား ကိုယ်ဟန်အမူအရာဖြင့် ဆက်သွယ်မှု ပြုလုပ်စေပါ။

၄။ လူမှုဆက်ဆံရေးအခြေအနေများတွင် ဆက်ဆံမှုပြုကြသည့်အခါ မည်သည့်အပြုအမူ/အချက်ပြမှုများသည် ယဉ်ကျေးသည် သို့မဟုတ် ရိုင်းပျသည်ကို အုပ်စုများအားလုံးအား ဆွေးနွေးစေပါ။

၅။ အောက်ပါဇယားကွက်ကို သင်ပုန်းပေါ်တွင် ရေးဆွဲပြီး အုပ်စုများအားလုံးကို ၎င်းတို့၏ မှတ်စု စာရွက်ပေးတွင် ယင်းပုံကို ရေးဆွဲစေပြီး သက်ဆိုင်ရာ ဇယားတွင် ဖြည့်စွက်ရေးသားစေပါ။

၆။ အုပ်စုကိုယ်စားလှယ်များကို တင်ပြစေပြီး၊ သင်ပုန်းပေါ်တွင် ၎င်းတို့၏ အဖြေများကို ရေးသားစေပါ။

**ဇယား ၂.၁။ ဆက်သွယ်ခြင်းပုံစံအမျိုးမျိုး**

**အရေးအသားနှင့် နှုတ်ဖြင့်ဆက်သွယ်ခြင်း**

| ယဉ်ကျေး | မယဉ်ကျေး |
|---|---|
| | |

**ကိုယ်ဟန်အမူအရာဖြင့် ဆက်သွယ်ခြင်း**

| ယဉ်ကျေး | မယဉ်ကျေး |
|---|---|
| | |

## စစ်ဆေးအကဲဖြတ်ခြင်း

အဆင့်(၆)တွင် ပြုလုပ်သော ၎င်းတို့၏ တင်ပြမှုအပေါ် သင်ယူစဉ် အကဲဖြတ်ခြင်း လုပ်ငန်းသည် ကျောင်းသားများက ဆက်သွယ်မှုအတွင်းရှိ နှုတ်ဖြင့် ဆက်သွယ်မှုနှင့် ကိုယ်ဟန်အမူအရာ အချက်ပြမှုတို့ကို လည်းကောင်း၊ မည်သည့် ဆက်သွယ်မှုသည် ယဉ်ကျေးသည်၊ ရိုင်းပျသည်ကို ခွဲခြားသိရှိနိုင်ရန် သင့်အား အထောက်အကူ ပြုမည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများ ဖော်ပြသော နှုတ်ဖြင့်အချက်ပြမှုများသည် စကားလုံးရွေးချယ်မှုနှင့် သက်ဆိုင်ပြီး၊ ကိုယ်ဟန် အမူအရာဖြင့် အချက်ပြမှုများသည် အသံနေအသံထား၊ လက်များကိုအသုံးပြုမှု၊ မျက်နှာပေး ဖော်ပြချက်များ၊ အခြားအရာများနှင့် သက်ဆိုင်သည်။ ကျောင်းသားများက ယဉ်ကျေးသော သို့မဟုတ် ရိုင်းပျသော ဆက်သွယ်မှုဖြစ်သည်ဟု လက်ခံ အသိအမှတ်ပြုမှု အများစုသည် ကျိုးကြောင်း ညီညွတ်ကြောင်း သက်သေပြနိုင်ပေသည်။ သို့ရာတွင် အချို့ ဖြစ်ရပ်များတွင် မတူညီသော ယဉ်ကျေးမှုနောက်ခံ အကြောင်းအရာများကြောင့် ကျောင်းသား အချို့သည် သင် သို့မဟုတ် အခြားသူများနှင့် မည်သည့် အပြုအမူသည် ယဉ်ကျေးသည် သို့မဟုတ် ရိုင်းပျသည် ဆိုသည့်အချက်ပေါ်တွင် သဘောထားကွဲလွဲ နိုင်ကြောင်း မျှော်လင့်နိုင်သည်။ ဤသဘောထား ကွဲလွဲမှုကို အတန်းထဲတွင် ချပြနိုင်သည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** အခြေအနေနှင့်ဆက်စပ်သော အပြုအမူအတွက် စိတ်ကူး အယူအဆ ကောင်းများ ပိုမိုဖြည့်ဆည်းပေးရန် ရုပ်ပုံများကို ပြင်ဆင်ပြုလုပ်ပါ သို့မဟုတ် အပြုအမူများကိုဖန်တီးဖော်ထုတ်ပြပါ။

**သင်ယူမှုလုပ်ငန်း ၂။** ကျောင်းသားများအား ၎င်းတို့သည် မည်သို့ ပိုမိုကောင်းမွန်စွာ နားထောင်ရမည်ကို အကြံပြုချက်များနှင့်အတူ ဖော်ပြပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းပါ။ ကျောင်းသားများ ပြောဆိုမှုကို မည်သို့ ပိုမိုကောင်းမွန်စွာ နားထောင်ပေးရမည် ဆိုသည်နှင့် ပတ်သက်၍ သင်၏ နှစ်ပေါင်းများစွာ ကြာရှည်သည့် သင်ကြားရေး အတွေ့အကြုံများမှ သင့်ကိုယ်ပိုင် အကြံပြုချက်များကို ပံ့ပိုးပေးပါ။

**သင်ယူမှုလုပ်ငန်း ၃။** မတူညီသော ယဉ်ကျေးမှုနယ်ပယ်များမှ ကျောင်းသားများရှိလျှင် ၎င်းတို့ကိုလည်း တင်ပြမှုတွင် မပါဝင်သေးသည့် အချက်များရှိလျှင် ၎င်းတို့၏ အမြင်သဘောထားများကို ဝေမျှပေးစေပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** သတိမမူမိလေ့ ရှိတတ်ပြီး၊ ထိရောက်မှု တူညီသော ဆက်သွယ်မှုပုံစံများကား အဘယ်နည်း။

***အဖြေ*** *နားထောင်ခြင်းနှင့် ကိုယ်ဟန်အမူအရာဖြင့် ဆက်သွယ်ခြင်း။*

**မေးခွန်း ၂။** ယဉ်ကျေးခြင်းသည် အဘယ်ကြောင့် အရေးပါရသနည်း။

***အဖြေ*** *ယဉ်ကျေးခြင်းသည် လူများကို သက်သောင့်သက်သာ ဖြစ်စေပြီး စိတ်လက်ပေါ့ပါးစေသည်။ သို့ဖြစ်၍ ၎င်းတို့သည် ကျွန်ုပ်တို့နှင့် ပိုမိုထိတွေ့ဆက်ဆံလိုစိတ်နှင့် အလုပ်လုပ်ရန် ဆန္ဒ ရှိလာကြသည်။ အပြုသဘောဆောင်ပြီး နွေးထွေးမှုရှိသော ယေဘုယျပတ်ဝန်းကျင်ကို ယဉ်ကျေးခြင်းမှ ဖန်တီးပြုလုပ်နိုင်ပြီး၊ မယဉ်ကျေးသော အပြုအမူများသည် စိတ်ဖိစီးမှုနှင့် ပဋိပက္ခများကို ဖန်တီးပေးနိုင်သည်။*

**မေးခွန်း ၃။** ကျောင်းသားများသည် မြန်မာ့ယဉ်ကျေးမှု၏ ယဉ်ကျေးသော အပြုအမူများကိုသာ လေ့လာသင်ယူသင့်သည်။ ဤအဆိုကို သင်သဘောတူပါသလား သို့မဟုတ် ကန့်ကွက်ပါသလား။ အဘယ်ကြောင့်နည်း။

***အဖြေ*** *ကျောင်းသားများ၏ အဖြေများသည် ကွဲလွဲနိုင်ပါသည်။ ဖြစ်နိုင်ခြေရှိသော အဖြေမှာ ယဉ်ကျေးခြင်းသည် နိုင်ငံအလိုက် ကွဲပြားနိုင်သဖြင့် သဘောထားကွဲလွဲမည် ဖြစ်သည်။ ကျောင်းသားများ အနေဖြင့် ထိတွေ့ဆက်ဆံကြရသော ယဉ်ကျေးမှု နောက်ခံအခြေအနေနှင့်အညီ မတူညီသော ယဉ်ကျေးသည့် အပြုအမူများအကြား ပြောင်းလဲကျင့်ကြံလျက် ၎င်းတို့အား မတူကွဲပြားသော လူမှုရေးဝန်းကျင် အခြေအနေများနှင့် သဟဇာတဖြစ်ရေး သင်ယူရန် အားပေးမည့် ယဉ်ကျေးသော အပြုအမူများ တစ်ခုထက်မက ရှိနေကြောင်း သိရှိထားရမည် ဖြစ်သည်။*

# ၂.၅.။ မူလတန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် သင်ကြားမှု၊ သင်ယူမှု နည်းလမ်းများ

အခန်း(၁)တွင် ကျောင်းသားများသည် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ် သင်ရိုးညွှန်းတမ်းကို မည်သို့ရေးဆွဲခဲ့ပုံနှင့် ကျောင်းသားများအား သင်ခန်းစာကို ဗဟိုပြုလျက် အလိုရှိသော တန်ဖိုးများ အပေါ် နားလည်သဘောပေါက်မှု ရှိစေရန် သင်ကြားမှု အဆင့်များမှတစ်ဆင့် မည်သို့ဦးဆောင် လမ်းပြခဲ့ပုံတို့ကို လေ့လာသင်ယူပြီး ဖြစ်သည်။ ဤအခန်းတွင် ကျောင်းသားများသည် လူမှုကျင့် ဝတ်များ၊ အပြန်အလှန် လေးစားမှုနှင့် အခြား စာရိတ္တတန်ဖိုး(၄)ခု ဖြစ်သော မျှတမှု၊ ရိုးသားမှု၊ မျှဝေခံစားမှု၊ ထောက်ထားညှာတာမှု တို့၏ အရေးပါမှုကို ပိုမိုနားလည်သိရှိသည်။

ဤအခန်းငယ်တွင် သင်ကြားမှုအဆင့်ဆင့်ဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှု ရှိစေရန် အသုံးပြုနိုင်သည့် သင်ကြားရေးနှင့် သင်ယူရေးဆိုင်ရာ အဓိက နည်းလမ်း(၃)ခုကို အသေးစိတ်အခြေခံလျက် သင်ရိုးညွှန်းတမ်းကို မည်သို့အကောင်အထည်ဖော် ဆောင်ရွက်သည်ကို စူးစမ်းဖော်ထုတ် ထားသည်။ သင်သည် ဆရာတစ်ဦးအနေဖြင့် ယင်းနည်းလမ်းများကို ပထမဦးဆုံး အကြိမ် မိတ်ဆက် အသုံးပြုပေးရမည်ဖြစ်ရာ အဆိုပါနည်းလမ်းများနှင့် အကျွမ်းတဝင်ဖြစ်ရန်နှင့် ကျောင်းသားများကို မည်သို့ ကူညီလမ်းညွှန်ပံ့ပိုးမည်ကို စဉ်းစားပြင်ဆင်နိုင်ရန် အရေးကြီးသည်။

# ၂.၅.၁။
# သင်ကြားမှု၊သင်ယူမှု နည်းလမ်းသုံးမျိုး။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- လူမှုရေးကျင့်ဝတ်နှင့် စာရိတ္တတန်ဖိုးများအပေါ် ဗဟိုပြုလျက်မူလတန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နီတိသင်ရိုးညွှန်းတမ်းတွင်ပါရှိသော သင်ကြားရေးနှင့်သင်ယူရေး ဆိုင်ရာနည်းလမ်း (၃)ခု ကို သိရှိနားလည်လာမည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၄.၁။ အခြေခံပညာသင်ရိုးညွှန်းတမ်း တွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၁.၂။ သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ဂ) ၁.၂။ ဆရာအဖြစ် အသက်မွေးဝမ်း ကျောင်းပြုရာတွင် မိမိ၏ လက်တွေ့ သင်ကြားမှုများကို လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ်များကို နားလည် ကြောင်း ပြသသည်။

### စာသင်ချိန်

မိနစ် (၅၀)ကြာ စာသင်ချိန်(၂)ချိန်။

### သင်ယူမှုနည်းလမ်းများ

ဂရပ်ဖစ်ပုံများအသုံးပြုသင်ယူခြင်း၊ ပို့ချခြင်း၊ သရုပ်ပြခြင်း၊ အုပ်စုလုပ်ငန်း၊ သရုပ်ဆောင် သင်ကြား/ သင်ယူခြင်း၊ စာဖတ်ခြင်း။

### လိုအပ်သောကြိုတင်ပြင်ဆင်မှု

ဆရာနှင့်ကျောင်းသားတို့သည် သင်ခန်းစာ ၂.၅.၁။ ကို ကြိုတင် ဖတ်ထားသင့်သည်။

### လိုအပ်သောရင်းမြစ်များ

ကျောင်းသားကိုင်စာအုပ်၊ ပထမတန်း ဆရာလမ်းညွှန်စာအုပ်၊ ပထမတန်း ကျောင်းသားကိုင်စာအုပ်များ၊ ဒုတိယတန်း ကျောင်းသားကိုင် စာအုပ်များ။

**စာသင်ချိန် (၁)**

### သင်ယူမှုလုပ်ငန်း ၁။ ဂရပ်ဖစ်ပုံများအသုံးပြုသင်ယူခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများအား အခန်း(၁)တွင် ၎င်းတို့ သင်ယူခဲ့ကြသော မူလတန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ရှိ သင်ကြားခြင်းနှင့် သင်ယူခြင်း လုပ်ငန်းစဉ်အဆင့် (၃)ရပ်ကို ပြန်လည်သတိရ စဉ်းစားစေပါ။

၂။ အောက်ပါ ဇယားကွက်ပုံစံနှင့် အညီ သင်ပုန်းပေါ်တွင် ဇယားကွက်ရေးဆွဲပြီး၊ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာရွက်ပေါ်တွင် ပုံစံတူ ရေးဆွဲစေပါ။

၃။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲရန် တိုက်တွန်းပြောဆိုပြီး၊ ၎င်းတို့တွဲဖက်များနှင့် ဆွေးနွေးစေပါ။ ဆွေးနွေးချက်များကို ၎င်းတို့၏ ဇယားကွက်တွင် ရေးသားစေပါ။

| အဆင့်များ | ဖော်ပြချက် |
|---|---|
| | |
| | |
| | |

၄။ နောက်ဆုံးအဆင့်တွင် ဆန္ဒအလျောက် ပါဝင်လုပ်ဆောင်လိုသူ အချို့အား သင်ပုန်းပေါ်ရှိ ဇယားကွက်ကို ဖြည့်သွင်းရာတွင် ကူညီရန်ပြောပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ဂရပ်ဖစ်ပုံများတွင် ရေးသွင်းပြီး သင်ကြားခြင်းနှင့် သင်ယူခြင်းအဆင့်များ အကြောင်း ၎င်းတို့ မှတ်မိသတိရသည်များကို အတန်းထဲတွင် ဝေမျှခြင်းအပေါ် စောင့်ကြည့် အကဲခတ်ပါ။ ၎င်းတို့သည် သင်ကြားခြင်းနှင့် သင်ယူခြင်းအဆင့်များ၏ အဓိကအချက်များကို မှတ်မိခြင်း ရှိ/မရှိ အကဲဖြတ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

| အဆင့်များ | ဖော်ပြချက် |
|---|---|
| စဉ်းစားခြင်းဖြင့် ကိုယ်ကျင့်တရား သို့မဟုတ် ပြည်သူ့နီတိ တန်ဖိုးများကို သိရှိခြင်း။ | ကလေးသူငယ်များသည် ကျောင်းသားကိုင်စာအုပ်ပါ ရုပ်ပုံများကို ကြည့်ခြင်းဖြင့် လည်းကောင်း၊ သို့မဟုတ် ၎င်းတို့၏ နေ့စဉ်ဘဝနှင့် ဆက်နွယ်သော မေးခွန်းများကို မိတ်ဆက်ရှင်းပြခြင်းဖြင့် လည်းကောင်း စေ့ဆော်မှုဖြစ်စေလျက် စိတ်ပိုင်းဆိုင်ရာ စဉ်းစားမှုဖြင့် ကိုယ်ကျင့်တရားသို့မဟုတ်ပြည်သူ့နီတိတန်ဖိုးများကို ဖော်ပြရန် မျှော်လင့်သည်။ |
| ကျိုးကြောင်း ဆင်ခြင်ခြင်းဖြင့် ကိုယ်ကျင့်တရား သို့မဟုတ် ပြည်သူ့နီတိ တန်ဖိုးများကို နားလည် သဘောပေါက်ခြင်း။ | ကလေးသူငယ်များသည် ပုံပြင်များ ဖတ်ရှုခြင်း၊ ရုပ်ပုံများကို ကြည့်လျက် စဉ်းစားတွေးတောခြင်း သို့မဟုတ် ထင်မြင်ချက် အယူအဆများကို အတန်းဖော်များနှင့် ဝေမျှဖလှယ်ခြင်းတို့ အားဖြင့် ကိုယ်ကျင့်တရား သို့မဟုတ် ပြည်သူ့နီတိ တန်ဖိုးများ၏ အရေးပါမှုအပေါ် ၎င်းတို့၏ နားလည်သဘောပေါက်မှုကိုနက်ရှိုင်း စေသည်။ |
| လက်တွေ့လုပ်ဆောင်မှုနှင့် ပြန်လည် သုံးသပ်ခြင်းတွင် ကိုယ်ကျင့်တရား သို့မဟုတ် ပြည်သူ့နီတိတန်ဖိုးများကို အသုံးချခြင်း။ | ကလေးသူငယ်များသည် ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများ အပေါ် ပြန်လည်သုံးသပ်ပြီး၊ သင်ခန်းစာများမှ သင်ယူခဲ့သော ကိုယ်ကျင့်တရား သို့မဟုတ် ပြည်သူ့နီတိတန်ဖိုးများကို အစစ် အမှန် လက်တွေ့ ဘဝအခြေအနေတွင် မည်သို့ အသုံးချမည်ကို စဉ်းစားသည်။ |

## သင်ယူမှုလုပ်ငန်း ၂။ ပို့ချခြင်း (၁၅ - မိနစ်)

၁။ သမာရိုးကျ စာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာများတွင် မူလတန်းအဆင့် ကလေးသူငယ်များသည် အများအားဖြင့် ကဗျာများကို အလွတ်ကျက်မှတ်ခြင်းမှတစ်ဆင့် သင်ယူမှုပြုကြကြောင်း ကျောင်းသားများကို ရှင်းပြပါ။ ယင်းနှင့်ဆန့်ကျင်လျက် ခေတ်သစ်မူလတန်းအဆင့် စာရိတ္တနှင့်ပြည်သူ့နီတိသင်ခန်းစာများတွင်မူ ကိုယ်ကျင့်တရားတန်ဖိုးနှင့် ကျင့်ဝတ်ဆိုင်ရာ အပြုအမူများအကြောင်း စဉ်းစားဆင်ခြင်ခြင်းကို ပိုမိုအလေးပေးပြီး၊ ကျောင်းသားများ၏ စဉ်းစားမှုကို မြှင့်တင်ရန်သင်ကြားခြင်းနှင့် သင်ယူခြင်းနည်းလမ်း (၃)ရပ်ကို သင်ကြားမှု အကြောင်းအရာအားလုံးတွင် အဓိကအားဖြင့် အသုံးပြုသည်။

၂။ ကျောင်းသားအချို့ကို ၎င်းတို့၏ သင်ခန်းစာဖတ်ရှုခြင်းအပေါ် အခြေခံသော သင်ကြားခြင်းနှင့် သင်ယူခြင်းနည်းလမ်း(၃)ရပ်ကို ပြန်လည်သတိရရန် ပြောဆိုပါ။

၃။ မူလတန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာများတွင် အသုံးပြုသော သင်ကြားခြင်းနှင့် သင်ယူခြင်းနည်းလမ်း(၃)ရပ်ကို ရှင်းပြပါ။ ယင်းနည်းလမ်း(၃)ရပ်မှာ - (၁) သင်ခန်းစာဖတ်ရှုမှုများတွင် ပါရှိသော ဇာတ်ကောင်များ၏ နေရာတွင် ကိုယ်တိုင် ပါဝင်ပတ်သက်ခြင်းဖြင့် သင်ယူခြင်း (၂) ပြဿနာဖြေရှင်းခြင်းမှသင်ယူခြင်းနှင့် (၃) ကျင့်ဝတ်တရားနှင့် အညီ ပြုမူလုပ်ဆောင်မှုများနှင့် ဆက်နွှယ်သော အသွင်တူအောင် ပြုလုပ်ထားသည့် အတွေ့အကြုံများဖြင့် သင်ယူခြင်း။

၄။ ကျောင်းသားများအား နည်းလမ်းတစ်ခုစီတွင် ပါဝင်မှုများကို ပြန်လည် အမှတ်ရစေပါ။

၅။ ကျောင်းသားများသည် ၎င်းတို့၏ အကဲဖြတ်လိုစိတ်ကို မြင့်မားစေနိုင်သည်ဖြစ်ရာ နည်းလမ်းများ အားလုံးတွင် ကျောင်းသားများအား အမြင်ရှုထောင့်အမျိုးမျိုးမှ စဉ်းစားရန် လုံလောက်သော အခွင့်အလမ်းများ/အချိန်ပေးခြင်းသည် အရေးပါဆုံးဖြစ်ကြောင်း အလေးပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဆင့် (၂)နှင့် (၄)တွင် ကျောင်းသားများအား ဖတ်ရှုခိုင်းထားသော သင်ခန်းစာ ၂.၅.၁။ ကို ဖတ်ရှုပြီးနောက် သင်သည် ၎င်းတို့၏ သင်ယူမှုကို အကဲဖြတ်နိုင်သည်။ ကျောင်းသားများသည် နည်းလမ်းများက အဘယ်အရာများ ဖြစ်သည်ကို မှတ်မိပါသလား။ သင်ကြားခြင်းနှင့် သင်ယူခြင်းကို နည်းလမ်းတစ်ခုစီတွင် မည်သို့ အကောင်အထည်ဖော်သည်ကို ၎င်းတို့က ရှင်းပြနိုင်သလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဆင့် (၄) တွင်ရှိသော မေးခွန်းအတွက် ကျောင်းသားများ၏ အဖြေများသည် အောက်ပါ ရှင်းလင်းချက်နှင့် တူညီနိုင်သည်။

စာဖတ်ခြင်းမှတစ်ဆင့် ကိုယ်တိုင်ပါဝင်မှု - ကျောင်းသားများသည် ပုံပြင်ဇာတ်လမ်းများ/ရုပ်ပုံများရှိ ဇာတ်ကောင်များ၏ ခံစားချက်များကို ရှုထောင့်အများအပြားမှ စဉ်းစားရန်၊ ဇာတ်ဆောင်များသည် ၎င်းတို့၏အကဲဖြတ်ချက်များကို မည်သို့ပြုလုပ်သည်ကို နားလည်ရန်နှင့် ဤပုံပြင်ဇာတ်လမ်းများ/

ရုပ်ပုံများနှင့် ဆက်နွယ်သော ၎င်းတို့၏ကိုယ်ပိုင်အတွေ့အကြုံများကို ပြန်လည်သုံးသပ်ရန် ဖြစ်သည်။

ပြဿနာဖြေရှင်းခြင်း - ကျောင်းသားများသည် အာရုံစိုက်ထားသော ပြဿနာကို ၎င်းတို့အနေဖြင့် မည်သို့ဖြေရှင်းမည်ကို စဉ်းစားရန်ဖြစ်သည်။

သရုပ်ဆောင်သင်ကြားခြင်း/သင်ယူခြင်း - ကျောင်းသားများသည် ပေးထားသော ပြဿနာကို ဖြေရှင်းသည့် အခင်းအကျင်းများကို သရုပ်ဖော်ဆောင်ရွက်ရန် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း ၃။ သရုပ်ပြခြင်း (၂၀ မိနစ်)

၁။ ပထမတန်း၊ သင်ခန်းစာအကြောင်းအရာ (၁) - ပိုပို၏ မိသားစုအတွက် ဆရာလမ်းညွှန်ချက်ကို အသုံးပြုလျက် သင်သည်ကျောင်းသား၏ နေရာတွင် ဆရာအတတ်ပညာ သင်ယူသူကျောင်းသားများက အစားထိုး သရုပ်ဆောင်သည့် စာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာကို သရုပ်ပြမည်ဖြစ်သည်။

၂။ ဆရာများအတွက် လမ်းညွှန်ချက်များကို လိုက်နာလျက် သင်ခန်းစာအကြောင်းအရာကို ကျောင်းသားများနှင့်အတူ သင်ယူမှုပြုပါ။

၃။ 'စာဖတ်ခြင်း သင်ခန်းစာများမှ ဇာတ်ကောင်များနှင့် ကိုယ်တိုင်ပါဝင် လုပ်ဆောင်လျက် သင်ယူခြင်း' အကြောင်း စာသင်ခန်းအတွင်း သင်ယူမှုပြုလုပ်ပြီးနောက် ကျောင်းသားများအား ၎င်းတို့၏ ထင်မြင်ချက်များကို တွဲဖက်များနှင့် ဝေမျှစေပါ။ ကျောင်းသားများအား သင်ယူမှု နည်းလမ်းက သင်ကြားပို့ချပေးခဲ့သော တန်ဖိုးများကို နားလည်အောင် ၎င်းတို့အား မည်သို့ ပံ့ပိုးပေးသည်ကို ဝေမျှစေပါ။

၄။ အတွဲတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးကို ၎င်းတို့ နားလည်သဘောပေါက်သော အဓိက ထင်မြင်ချက်များကို ဝေမျှရန်တိုက်တွန်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ၎င်းတို့၏ တွဲဖက်များနှင့် ဝေမျှရှင်းလင်းမှုများပြုလုပ်စဉ် ၎င်းတို့ကို စောင့်ကြည့် အကဲခတ်ပါ။ ခက်ခက်ခဲခဲ ကြိုးစား လုပ်ဆောင်နေပုံရသောသူများကို အကူအညီပေးပါ။ အဆင့် (၅)တွင် ဆရာအတတ်ပညာသင်ယူသူ ကျောင်းသားများသည် ကျောင်းသားများ၏ နေရာတွင် ၎င်းတို့ကိုယ်တိုင် အစားထိုးဝင်ရောက် စဉ်းစားနိုင်ခြင်း ရှိ/မရှိနှင့် သင်ယူမှုနည်းလမ်းသည် ၎င်းတို့အား ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများအကြောင်း သင်ယူရာတွင် မည်သို့ အထောက်အပံ့ပြုသည် ကို ဖော်ပြနိုင်ခြင်း ရှိ/မရှိ စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများသည် ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများအကြောင်း မည်သို့ ထင်မှတ်ခဲ့သည်၊ စာဖတ် ခြင်း သင်ခန်းစာများသည် ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများကို စဉ်းစားပြီး နားလည်အောင် ပြုလုပ်ရာ တွင် ၎င်းတို့အား မည်သို့ အထောက်အကူပြုခဲ့သည်ဆိုသည့် အချက်များအပေါ် အလေးပေးလျက် ၎င်းတို့၏ အတွေးအမြင်များကို ဝေမျှမည် ဖြစ်သည်။ ကျောင်းသားများသည် ၎င်းတို့ အနေဖြင့် ပုံပြင်ဇာတ်လမ်းကို ဖတ်ရှုခြင်း (နားထောင်ခြင်း)ဖြင့် ဇာတ်ကောင်များ၏ ခံစားချက်များကို နက်နဲစွာ နားလည်နိုင်ကြောင်း ဖော်ထုတ်ရန် ဖြစ်သည်။ ထိုသို့နားလည်ခြင်းဖြင့် အလားတူ အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့ရလျှင် ၎င်းတို့၏ ကိုယ်ပိုင်ထင်မြင်ချက်နှင့် လုပ်ဆောင်မှုများကို စဉ်းစားရာတွင် အထောက်အကူပြုမည် ဖြစ်သည်။

**စာသင်ချိန် (၂)**

## သင်ယူမှုလုပ်ငန်း ၄။ အုပ်စုလုပ်ငန်း (၂၀ မိနစ်)

၁။ ကျောင်းသားများအား ဒုတိယတန်းကျောင်းသားကိုင် ပြဋ္ဌာန်းစာအုပ်မှ သင်ခန်းစာ အကြောင်းအရာ (၇)၊ မှန်ကန်သော အကဲဖြတ်ချက်ကို ကြိုးစားချမှတ်ကြစို့၊ သင်ခန်းစာ (၃)ကို လေ့လာစေပါ။

၂။ အတန်းသားများကို အုပ်စုများအဖြစ် ခွဲခြားပြီး ကျောင်းသားများအား ဖော်ပြထားသော ပြဿနာကို မည်သို့ ဖြေရှင်းမည်နည်းဟု မေးမြန်းခြင်းဖြင့် လည်းကောင်း၊ ဆွေးနွေးမှုကို ဆရာများ၏ ကူညီလမ်းညွှန်မှုဖြင့် အဘယ့်ကြောင့် ပြုလုပ်ရသနည်းဟု မေးမြန်းခြင်းဖြင့် လည်းကောင်း ကျောင်းသားများအား ပုံပြင်ဇာတ်လမ်းကို ဆွေးနွေးစေပါ။

၃။ ကျောင်းသားများက ပြဿနာကို ဖြေရှင်းရာတွင် အသုံးပြုခဲ့သည့် သင်ကြားခြင်းနှင့် သင်ယူခြင်းနည်းလမ်း ဒုတိယအမျိုးအစားကို ရှင်းပြပါ။

၄။ ကျောင်းသားများအား ၎င်းတို့၏ သင်ယူမှု အတွေ့အကြုံများအပေါ် အကြံပြုချက်များ တောင်းခံပါ။

(က) မည်သည့်တန်ဖိုးကို သင်ကြားပေးသနည်း။

(ခ) ဤသင်ကြားပေးခြင်းသည် ၎င်းတို့အား ယင်းတန်ဖိုးကို နားလည်ရန်နှင့် ပြဿနာများကို မည်သို့ ဖြေရှင်းရမည် ဆိုသည်ကို ထိရောက်စွာ နားလည်စေနိုင်ပါသလား။

(ဂ) ဤနည်းလမ်းကို အသုံးပြုလျက် သင်ယူမှုအတွေ့အကြုံကို တိုးတက်အောင် ဘယ်အရာကို လုပ်သင့်သနည်း။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်းသည် အဆင့်(၄)တွင် ကျောင်းသားများ၏ အကြံပြုချက်မှ စတင်သည်။ ကျောင်းသားများသည် သင်ယူမှုကို ပြဿနာဖြေရှင်းခြင်းမှ တစ်ဆင့် မည်သို့ ပြုလုပ်နိုင်သည်ကို နားလည်ပါသလား။ ကျောင်းသားများသည် သင်ယူမှု အတွေ့အကြုံများကို တိုးတက်အောင် မည်သို့ ပြုလုပ်နိုင်သည်ကို ဆုံးဖြတ်သတ်မှတ်ရန် ၎င်းတို့ကိုယ်ကိုယ် ကျောင်းသားများ၏ နေရာတွင် အစားထိုးဝင်ကြည့်ပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေအမျိုးမျိုးကို အသုံးပြုနိုင်သည်။

## သင်ယူမှုလုပ်ငန်း ၅။ သရုပ်ဆောင်သင်ကြား/သင်ယူခြင်း (၃၀-မိနစ်)

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ရှိ လူမှုရေးကျင့်ဝတ်အခန်းမှ တန်ဖိုးများအားလုံးကို ပြန်လည်သုံးသပ်စေပါ။

၂။ ကျောင်းသားများအား ၎င်းတို့သည် ပါဝင်သရုပ်ဆောင်ခြင်းအားဖြင့် သင်ကြားခြင်းနှင့် သင်ယူခြင်း နည်းလမ်းတစ်ခုဖြစ်သော အသွင်တူအောင်ပြုလုပ်ထားသော အတွေ့အကြုံကို အသုံးပြုရမည် ဖြစ်ကြောင်း အနှစ်ချုပ်ရှင်းပြပါ။

၃။ ကျောင်းသားများကို ၎င်းတို့၏ အုပ်စု(၄)ခုတွင် ဆက်လက်ထားရှိပါ။ အုပ်စုကို သရုပ်ဆောင်ရန် တာဝန်ပေးရမည်။

(က) အုပ်စု (၁) - ကျောင်းသားနှင့် ၎င်းတို့၏တွဲဖက်အဖော်။

(ခ) အုပ်စု (၂) - ကျောင်းသားနှင့် ၎င်းတို့၏ဆရာ။

(ဂ) အုပ်စု (၃) - ကျောင်းသားနှင့် ၎င်းတို့၏မိဘများ။

(ဃ) အုပ်စု (၄) - ကျောင်းသားနှင့် ၎င်းတို့၏ မူလတန်းကျောင်းသားများ

၄။ သက်ဆိုင်ရာ အုပ်စုတစ်ခုစီကို တန်ဖိုး (၄)ခုအနက်မှ တစ်ခုကို ရွေးချယ်စေပြီး ၎င်းတို့အနေဖြင့် ဘက်လိုက်မှု မရှိ/မျှတသော၊ ရိုးသားသော၊ မျှဝေခံစားတတ်သော၊ ယဉ်ကျေးသော အစရှိသော အခြားလူများအား မည်သို့ပြုမူဆက်ဆံရမည် သို့မဟုတ် မည်သို့ဆက်သွယ်ပြောဆိုရမည်ကို ဆွေးနွေးစေပါ။ ၎င်းတို့သည် ဆွေးနွေးချက်များကို ၎င်းတို့အုပ်စု အတွင်းရှိ စုံတွဲအဖွဲ့ဝင်များနှင့် တိုတောင်းသော သရုပ်ဆောင် သင်ယူခြင်းနည်းဖြင့် ပြုလုပ်မည် ဖြစ်သည်။ လူတိုင်းပါဝင် လုပ်ဆောင်ရန် မဟုတ်သော်လည်း ဇာတ်ညွှန်းနှင့် အညီ ကူညီလုပ်ဆောင်ရန် လိုအပ်မည် ဖြစ်သည်။

၅။ အုပ်စုများအား ၎င်းတို့၏ သရုပ်ဆောင်သင်ယူခြင်းကို တင်ဆက်ရန်ဖိတ်ခေါ်ပါ။

၆။ အုပ်စုတစ်ခုစီ၏ တင်ပြမှုများ ပြီးစီးပြီးနောက် အတန်းသားများအား သရုပ်ဆောင်သင်ယူမှု တစ်ခုစီမှရရှိသော တန်ဖိုးများကို ခွဲခြားဖော်ပြစေပါ။

၇။ ကျောင်းသားများအား ဤသင်ယူမှုလုပ်ငန်းပုံစံဖြစ်သော သရုပ်ဆောင်သင်ယူခြင်းကို ပြင်ဆင် အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ အကြံပြုချက်များ ဖြည့်စွက်ပေးစေပါ။ ၎င်းတို့သည် သင်ယူမှုလုပ်ငန်းစဉ်မှ တစ်စုံတစ်ရာ သင်ယူခဲ့ကြသလား။ ဤသင်ယူမှု လုပ်ငန်း လုပ်ဆောင်ခြင်းတွင် ရှိသောစိန်ခေါ်မှုအချို့ကား အဘယ်နည်း။ သင်ယူမှုလုပ်ငန်း သည် ယင်းတန်ဖိုးများအား ၎င်းတို့၏ နေ့စဉ်ဘဝတွင် အသုံးချရန် ၎င်းတို့ကို အားပေးမှု ရှိခဲ့သလား။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ခန်းစာကို မေးခွန်းနှင့်အဖြေ စစ်ဆေးအကဲဖြတ်ခြင်းနှင့် အဆုံးသတ်ပါ။ ကျောင်းသားများသည် စာသင်ချိန် (၁)နှင့် (၂)တွင် ပြုလုပ်သော သင်ကြားခြင်းနှင့် သင်ယူခြင်း နည်းလမ်း(၃)ခုကို မည်သည့် အတိုင်းအတာအထိ နားလည်ကြောင်း စစ်ဆေးအကဲဖြတ်ပါ။ ၎င်းတို့အား ၎င်းတို့၏ စကားလုံးများဖြင့် သင်ကြားခြင်းနှင့် သင်ယူခြင်း နည်းလမ်း(၃)ရပ်အကြောင်း ရှင်းပြစေပါ။ ထို့နောက် ၎င်းတို့စာသင်ခန်းမှ ထွက်ခွာမသွားမီ စာရွက်ပေါ်တွင် ရှင်းပြချက်များကို ရေးသားစေပြီး သင့်အား ပေးအပ်စေပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

| | အကောင်းဆုံး | သာမန် | ညံ့ |
|---|---|---|---|
| သင်ကြားခြင်းနှင့် သင်ယူခြင်းနည်းလမ်း ၁၊ ၂၊ နှင့် ၃။ | မူလတန်း ကျောင်းသားများသည် ဤနည်းလမ်းကို အသုံးပြုလျက် တန်ဖိုးများကို မည်သို့ ရရှိနိုင်ကြောင်း ၎င်းတို့၏ စကားလုံးများနှင့် တိကျသော ဥပမာများ ပေးလျက် ရှင်းပြသည်။ | မူလတန်း ကျောင်းသားများသည် ဤနည်းလမ်းကို အသုံးပြုလျက် တန်ဖိုးများကို မည်သို့ ရရှိနိုင်ကြောင်း ၎င်းတို့၏ စကားလုံးများဖြင့် ရှင်းပြသည်။ | စကားလုံးအနည်းငယ်မျှဖြင့်သာ ရှင်းပြသည်။ |

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ယုံကြည်မှုနည်းပါးသော ကျောင်းသားများအတွက် သင်ကြားခြင်းနှင့် သင်ယူခြင်း အဆင့်(၃)ရပ်အပေါ် ၎င်းတို့၏ မှတ်မိနိုင်စွမ်းကို အသက်ဝင်စေရန် အဆင့်တစ်ခုစီကို ကိုယ်စားပြုသော ရုပ်ပုံများကို ပြင်ဆင်ပြုလုပ်ပါ။

**သင်ယူမှုလုပ်ငန်း ၂။** သင်ယူမှုလုပ်ငန်းလုပ်ဆောင်ပြီးနောက် ပိုမိုယုံကြည်မှုရှိသော ကျောင်းသားများ အား ဤနည်းလမ်းများသည် သင်ကြားခြင်းနှင့် သင်ယူခြင်းအဆင့်များနှင့် မည်သို့ ဆက်နွယ်သည် သို့မဟုတ် မတူကွဲပြားသည် ဟူသောမေးခွန်းများကဲ့သို့သော ပိုမိုခက်ခဲသော မေးခွန်းကို မေးပါ။ ဖြစ်နိုင်ခြေရှိသော အဖြေ - သင်ကြားခြင်းနှင့် သင်ယူခြင်းအဆင့်များက ကျောင်းသား၏ သင်ယူမှုသည် စဉ်းစားတွေးခေါ်မှု စွမ်းရည် အနိမ့်အဆင့်မှ အမြင့်အဆင့်သို့ မည်သို့ ပြောင်းလဲ တိုးတက်သည်ကို ပြသပြီး၊ သင်ယူမှု နည်းလမ်းများက ကျောင်းသားတစ်ဦး တန်ဖိုးများကို သင်ယူနိုင်သော နည်းလမ်းအမျိုးမျိုးကို ပြသသည်။ ယင်းတို့သည် အမျိုးမျိုးသော သင်ကြားခြင်းနှင့် သင်ယူခြင်းအဆင့်များတွင် ဖြစ်ပေါ်သည်။

**သင်ယူမှုလုပ်ငန်း ၃။** ထပ်ဆောင်းလုပ်ဆောင်ချက်အနေဖြင့် သင်သည် သင်ယူသူအမျိုးအစား အမျိုးမျိုးနှင့်လိုက်ဖက်စေရန် သင်ခန်းစာများကို မည်သည့် ပြောင်းလဲမှုမျှ ပြုလုပ်ရမည်ကို မေးမြန်းနိုင်သည်။

**သင်ယူမှုလုပ်ငန်း ၄။** သင်ခန်းစာ အကြောင်းအရာ (၇)အစား ကျောင်းသားများဖတ်ရှုနိုင်သော ပြဿနာဖြေရှင်းခြင်းနှင့် ဆက်နွယ်သည့် အခြားသင်ခန်းစာအကြောင်းအရာများကို ခက်ခဲမှု အတိုင်းအတာနှင့် ဘာသာရပ်ကဲ့သို့သော ၎င်းတို့၏ နှစ်သက်မှုများအပေါ် အခြေခံလျက် ဖြည့်ဆည်းပေးပါ။

**သင်ယူမှုလုပ်ငန်း ၅။** အဆင့်(၇)တွင် ၎င်းတို့၏ ထင်မြင်ချက်များကို ဝေမျှမှုနှင့် မတူသော အခြား နည်းလမ်းတစ်ရပ်အနေဖြင့် ယုံကြည်မှုနည်းပါးသော ကျောင်းသားများသည် ၎င်းတို့၏ ထင်မြင် ချက်များကို ပြန်လည်သုံးသပ်ရန်နှင့် စာရွက်ပေါ်တွင် ရေးသားရန် အချိန်ပိုမိုရရှိခြင်းဖြင့် ပိုမိုသက် သောင့်သက်သာ ခံစားရနိုင်သည်။ သို့ဖြစ်၍ ၎င်းတို့ကို ဆွေးနွေးချက်ဆိုင်ရာ မေးခွန်းများအတွက် အဖြေများကို ပေးရာတွင် အခြားရပ်နား-ရေးသားနည်းဖြင့် လုပ်ဆောင်ရန် ရွေးချယ်ခွင့်ပေးပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ကျောင်းသားများသည် စာဖတ်နေစဉ် ၎င်းတို့၏ နားလည်မှုများကို မည်သို့ နက်ရှိုင်းအောင် ပြုလုပ်နိုင်သနည်း။

**အဖြေ** *၎င်းတို့ကိုယ်တိုင် ဇာတ်ကောင်များ၏ နေရာတွင် ဝင်ရောက် စိတ်ကူးကြည့်ခြင်းအားဖြင့် ကလေးသူငယ်များသည် ဇာတ်ကောင်၏ ခံစားချက်များကို မျှဝေခံစားနိုင်ပြီး၊ ၎င်းတို့ ပြုလုပ်သော ရွေးချယ်မှုများကို နားလည် လက်ခံနိုင်သည်။ ရုပ်ပုံ/ပုံပြင်ဇာတ်လမ်းဖြင့် သရုပ်ဖော်ပြသသော တန်ဖိုးအပေါ် ၎င်းတို့၏ နားလည်မှုကို နက်ရှိုင်းစေသည်။*

**မေးခွန်း ၂။** ပြဿနာဖြေရှင်းခြင်းက ကျောင်းသားများ တိုးတက်ဖွံ့ဖြိုးအောင် မည်သည့် အရာများ ပံ့ပိုးကူညီသနည်း။

**အဖြေ** *ပြဿနာဖြေရှင်းခြင်းသည် ကလေးသူငယ်များအား သူ သို့မဟုတ် သူမ၏ ဘဝအသက်တာတွင် ကြုံတွေ့ရသော ကိုယ်ကျင့်တရား သို့မဟုတ် ပြည်သူ့နီတိ တန်ဖိုးများနှင့် ဆက်နွယ်သော ပြဿနာနှင့် အကြောင်းအရာအမျိုးမျိုးကို ဖြေရှင်းရန်လိုအပ်သော စွမ်းရည်များကို ဖွံ့ဖြိုးတိုးတက်စေသည်။*

**မေးခွန်း ၃။** သရုပ်ဆောင်သင်ကြား/သင်ယူခြင်းသည် ပြဿနာဖြေရှင်းခြင်းကို မည်သို့ ပံ့ပိုးကူညီနိုင်သနည်း။

**အဖြေ** *ပြဿနာကို ရှုထောင့်အမျိုးမျိုးမှ သရုပ်ဆောင်သင်ယူခြင်းနည်းလမ်းဖြင့် စိစစ်ပြီး ၎င်းတို့သည် လိုအပ်သော တန်ဖိုးများကို နားလည်ပြီး စိန်ခေါ်မှုအမျိုးမျိုးကို အစပြုကိုင်တွယ် ဖြေရှင်းနိုင်သည့် ၎င်းတို့၏ပြဿနာ ဖြေရှင်းခြင်းစွမ်းရည်များကို တည်ဆောက်နိုင်သည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- လူမှုရေးကျင့်ဝတ်ဆိုသည်မှာ လူတစ်ဦးချင်း၏ အပြုအမူများသည် အခြားသူများ သို့မဟုတ် မိမိကိုယ်တိုင်ထက် ကျော်လွန်ပြီး လူ့အဖွဲ့အစည်းအတွက် အကျိုးဖြစ်ထွန်းစေသည့် လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းအကြား အခြေခံအားဖြင့် အပြန်အလှန် သဘော တူညီထားသော လိုက်နာရန် ကျင့်ဝတ်ဖြစ်သည်။
- လူသားများသည် သဘာဝအရ အုပ်စုလိုက် တည်ရှိကြသည်။ သို့ဖြစ်၍ လူမှုရေး ကျင့်ဝတ်သည် အုပ်စုအခင်းအကျင်းတွင် အဆင်ပြေစွာ နေထိုင်အလုပ်လုပ်ကိုင်ရန် လိုအပ်သော အရာတစ်ခု ဖြစ်သည်။
- ယေဘုယျအားဖြင့် အပြန်အလှန်လေးစားမှုကို နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော လူများ အကြား အခြားသူများသည် လိမ္မာထက်မြက်သည်၊ တန်ဖိုးရှိသည် သို့မဟုတ် အရေးပါ သည်ဟု ခံစားနားလည်မှုအဖြစ် မှတ်ယူထားသည်။
- အပြန်အလှန်လေးစားမှုရှိသော ကျောင်းပတ်ဝန်းကျင် အခြေအနေသည် ကျောင်းသားများ၏ အသံကို ကြားသိခွင့်ပြုသည်။ ဆရာနှင့်ကျောင်းသားများအား ပံ့ပိုးကူညီသည်။ ကျောင်းသား များအား လူမှုရေးအရ၊ စိတ်ခံစားမှုအရ၊ သိနားလည်မှုအရနှင့် ရုပ်ပိုင်းအရ ဘေးကင်းလုံခြုံမှု ရှိသည်ဟု ခံစားရစေသည်။ ကျောင်းသားများအကြား ထိတွေ့ဆက်ဆံမှုကိုမြှင့် တင်ပေး သည်။
- အနိုင်ကျင့်ဗိုလ်ကျခြင်းသည် သင်ယူမှု ဝန်းကျင်အခြေအနေကို ထိခိုက်ပျက်ပြားစေပြီး ကျောင်းသားများအချင်းချင်း ထိတွေ့လုပ်ဆောင်မှုကို ပျက်စီးစေနိုင်သည် သို့မဟုတ် လေးစားမှုမရှိသော အပြုအမူများကို အားပေးရာလည်း ဖြစ်နိုင်သည်။ ဆရာများသည် အနိုင်ကျင့် ဗိုလ်ကျဖြစ်ရပ်များကို တွေ့မြင်သည့်အခါ ရပ်ကြည့်နေသူများ မဟုတ်ဘဲ ဝင်ရောက်အရေး ယူဆောင်ရွက်သူအဖြစ် ပြုမူလုပ်ဆောင်သင့်သည်။

- ကမ္ဘာပေါ်ရှိ နိုင်ငံသားအားလုံးသည် မည်မျှပင် မတူကွဲပြားမှုရှိသော်ငြား သာတူညီမျှ၊ ဘက်လိုက်မှု မရှိဘဲ ပြုမူဆက်ဆံခံရသော အခွင့်အရေးရှိသည်။ ဘက်မလိုက်မှု/မျှတမှုသည် လူများအား ၎င်းတို့သည် ခွဲခြားဆက်ဆံခံရခြင်းနှင့် ကြုံတွေ့ရမည် မဟုတ် ဟူသော ယုံကြည်ချက်ဖြင့် အဖွဲ့အစည်းအတွင်း ပါဝင်လုပ်ဆောင်ရန်အားပေးသည်။
- ထောက်ထားညှာတာမှုသည် အခြားသူများအပေါ် ဂရုဏာမေတ္တာ သို့မဟုတ် သနားခြင်း ဂရုဏာထားခြင်းနှင့် သက်ဆိုင်သည်။ မျှဝေခံစားမှုမှာ အခြားသူတစ်ဦး၏ စိတ်ခံစားမှုများကို အာရုံခံစားခြင်းနှင့် လူတစ်ဦး၏နေရာတွင် ဝင်ရောက်စဉ်းစားပေးခြင်း ဖြစ်သည်။
- ပြည့်စုံကောင်းမွန်သော ဆက်သွယ်ပြောဆိုမှုသည် လူသားများအပြန်အလှန် ဆက်သွယ်မှု ပြုလုပ်ရာတွင် သြဇာကြီးမားသော လက်နက်တစ်ခုဖြစ်ပြီး သတင်းအချက်အလက်များ ပေးပို့ခြင်းနှင့် လက်ခံခြင်းများ ပါဝင်သော နှုတ်ဖြင့်ဆက်သွယ်သည့်ပုံစံနှင့် ကိုယ်ဟန်အမူအရာဖြင့် ဆက်သွယ်သည့်ပုံစံ နှစ်ခုစလုံးအကြုံးဝင်သည်။
- ယဉ်ကျေးပျူငှာမှုကို နှုတ်ဖြင့်ဆက်သွယ်ပြောဆိုမှုနှင့် ကိုယ်ဟန်အမူအရာ ဆက်သွယ်အချက်ပြမှုဖြင့် ပြုလုပ်နိုင်ပြီး သက်ဆိုင်ရာယဉ်ကျေးမှုနှင့်အညီ အနက်အဓိပ္ပါယ် အမျိုးမျိုး ရှိနိုင်သည်။
- အာရုံစိုက် နားထောင်ခြင်းသည် လူအများ အလွယ်တကူ လျစ်လျူရှုမိကြသော ပြောဆိုဆက်သွယ်ရေး နည်းလမ်းတစ်မျိုးဖြစ်ပြီး အချင်းချင်း နားလည်မှုလွဲမှားခြင်းကို ရှောင်ရှားရန် အတွက် သော်လည်းကောင်း၊ တစ်ဖက်သား၏ စိတ်ခံစားချက်ကို ခွဲခြမ်းစိတ်ဖြာ သိနားလည်ရန် အတွက်လည်း အရေးကြီးသော အရာဖြစ်သည်။
- စာရိတ္တနှင့်ပြည်သူ့နီတိ သင်ယူခြင်းအတွက် နည်းလမ်း(၃)ခုမှာ ဆင်ခြင်စဉ်းစားရန်သုံးသပ်ခြင်းနှင့်ဖတ်ရှုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် အသွင်တူအောင် ဖန်တီးပြုလုပ်ထားသော အတွေ့အကြုံများ ဖြစ်သည်။ ပထမတန်းမှ ပဉ္စမတန်းအထိ သင်ခန်းစာ အကြောင်းအရာများတွင် ကျောင်းသားများအား တန်ဖိုးများကို နားလည်သိရှိကာ အသုံးချနိုင်အောင် ကူညီရန် ဤနည်းလမ်းများကို ထည့်သွင်းထားသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

နောက်ဆက်တွဲ အပိုလုပ်ငန်းအဖြစ် သင်အသုံးပြုလိုသော နည်းလမ်း(၃)ခုတွင် ဖော်ပြထားခြင်း မရှိသည့် သင်ကြားရေး သို့မဟုတ် သင်ယူရေးနည်းလမ်းများ ရှိပါသလား။ ဤနည်းလမ်းက ကိုယ်ကျင့်တရား သို့မဟုတ် ယဉ်ကျေးသော တန်ဖိုးများအပေါ် ကျောင်းသားများနားလည် သဘောပေါက်ရေးကို မည်သို့ အထောက်အကူပြုသနည်း။

ဖတ်ရန်စာပိုဒ်များက လူတစ်ဦးချင်းတို့အား မည်သည့်အရာက အုပ်စုသို့မဟုတ် လူ့အဖွဲ့အစည်းအား အကျိုးဖြစ်ထွန်းစေသည်ကို စဉ်းစားရန် လူမှုရေးကျင့်ဝတ်စံနှုန်းများ မည်သို့ လိုအပ်သနည်း။ ဆင်းရဲမွဲတေမှု အဆုံးသတ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဆန့်ကျင်တိုက်ဖျက်ခြင်းကဲ့သို့သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့် ပတ်သက်လာလျှင် ဤအချက်သည် သင်ကြားရန် အဘယ်ကြောင့် အရေးပါရသနည်း။

အပြန်အလှန် လေးစားမှုရှိသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးရန် ရည်မှန်းချက်(၄)ရပ်မှ တစ်ခုကို ရွေးချယ်ပြီး လေးနက်စွာဖတ်ရှုပါ။ ယင်း(၄)ခုအနက် မည်သည့် ရည်မှန်းချက်သည် လုပ်ဆောင် အကောင်အထည် ဖော်ရန် အခက်ခဲဆုံးဖြစ်သည်ဟု သင်ထင်မြင်သနည်း။ ၎င်းရည်မှန်းချက်ကို ရရှိရန် မည်သည့်အရာများ လိုအပ်သည်ဟု သင်ထင်မြင်သနည်း။

သင်ကြားခြင်းအပြင် ကျောင်းသားများအကြား မျှတမှု၊ ရိုးသားမှု၊ ထောက်ထားညှာတာမှုနှင့် မျှဝေခံစားမှုတို့၏ တန်ဖိုးများကို မြှင့်တင်ရန် စာသင်ခန်းနည်းလမ်းများကို သင်မည်သို့ အသုံးပြု မည်နည်း။

မြန်မာ့ယဉ်ကျေးမှုတွင် လူအများနှင့် ဆက်သွယ်သည့်အခါ ရိုင်းပျသော အပြုအမူဖြစ်သည် သို့မဟုတ် ယဉ်ကျေးသော အပြုအမူဖြစ်သည်ဟု မှတ်ယူနားလည်သော ကိုယ်ဟန်အမူအရာ အချက်ပြမှုများကို စဉ်းစားကြည့်ပါ။ မတူကွဲပြားသော ယဉ်ကျေးမှုနယ်ပယ်မှ ကျောင်းသားတစ်ဦးနှင့် သင်ဆက်သွယ် စကားပြောသည့်အခါ သင်သည်သင်၏ ကိုယ်ဟန်အမူအရာ အချက်ပြမှုများကို ပြောင်းလဲမည်လော။

ဆရာတစ်ဦးအနေဖြင့် သင်သည် ကိုယ်ကျင့်တရားကောင်းမွန်သော သူတစ်ဦးအဖြစ် တည်ရှိနေမည် ဖြစ်သည်။ သင်ကိုယ်တိုင် လက်တွေ့မကျင့်သုံးနိုင်သော ကျင့်ဝတ်တန်ဖိုးတစ်ခုကို သင်ကြားပေးရန် ခက်ခဲနိုင်သည်။ သင့်ကိုယ်သင် မကြာခဏဆန်းစစ် အကဲဖြတ်ပြီး၊ အောက်ပါ မေးခွန်းများကို သင့်ကိုယ်သင် မေးမြန်းလျက် သင်၏နေ့စဉ်ဘဝ တစ်သက်တာတွင် အဆိုပါတန်ဖိုးများကို မည်မျှ ကျင့်သုံး ကြောင်းစဉ်းစားပါ -

၁။ ကျွန်ုပ်သည် မျှဝေခံစားတတ်သော သူဖြစ်ပါသလား။
ဘယ်သောအခါမျှ၊ ကြုံတောင့်ကြုံခဲ၊ တစ်ခါတရံ၊ မကြာခဏ၊ အမြဲတမ်း။

၂။ ကျွန်ုပ်သည် ဘက်လိုက်မှုမရှိ / မျှတသူ ဖြစ်ပါသလား။
ကြုံတောင့်ကြုံခဲ၊ တစ်ခါတရံ၊ မကြာ ခဏ၊ အမြဲတမ်း။

၃။ ကျွန်ုပ်သည် ထောက်ထားညှာတာသူ ဖြစ်ပါသလား။
ဘယ်သောအခါမျှ၊ ကြုံတောင့်ကြုံခဲ၊ တစ်ခါတရံ၊ မကြာခဏ၊ အမြဲတမ်း။

၄။ ကျွန်ုပ်သည် ရိုးသားသူ ဖြစ်ပါသလား။
ဘယ်သောအခါမျှ၊ ကြုံတောင့်ကြုံခဲ၊ တစ်ခါတရံ၊ မကြာခဏ၊ အမြဲတမ်း။

## ဆက်လက်ဖတ်ရှုရန်စာရင်းများ

**၂.၁။**

Ulman, Y. (2015). *Social Ethics.* Acibadem University School of Medicine.

**၂.၂။**

Beaudoin, M. (2011). Respect – Where do we start? *Educational Leadership, 69.*

Cohen, J., Cardillo, R., & Pickeral, T. (2011). Creating a climate of respect *Educational Leadership, 69*

**၂.၃။**

Heick, T. (2015, February 10). *Teaching empathy: Are we teaching content or students?* Retrieved from https://www.edutopia.org/

Price-Mitchell, M. (2015, June 9). *Creating a culture of integrity in the classroom.* Retrieved from https://www.edutopia.org/

**၂.၄။**

Stevenson University. (2017). *The Importance of Effective Communication.* Retrieved from http://www.stevenson.edu/online/blog-news-events/importance-effective-communication

Weigle, B. (n.d.). Teaching Students Respect and Politeness. Retrieved from Classroom Caboodle website: https://classroomcaboodle.com/teacher-resource/respectful-classroom-climate/

၂.၅။
Chesler, M., & Fox, R. (1966). *Role-playing methods in the classroom.*

Stice, J. E. (2007). *Teaching problem solving. Teachers and Students Sourcebook: Alternative Teaching Methods.*

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ဘက်လိုက်မှု (Bias) | ယုံကြည်ချက်တစ်ခုကို အခြားတစ်ခုထက် ပိုမိုဦးစားပေးခြင်း။ |
| နိုင်ငံသား (Citizen) | နိုင်ငံတစ်ခု၏ အဖွဲ့ဝင်တစ်ဦးအဖြစ် တရားဝင်အသိအမှတ်ပြုခြင်းခံရပြီး အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ တွဲဘက်ပေးထားခြင်း ခံရသူတစ်ဦး။ |
| ကျင့်ဝတ် (Ethics) | အမှန်နှင့်အမှားကို ခွဲခြားသော အပြင်ပန်းအားဖြင့် ပြဋ္ဌာန်းထားသည့် လိုက်နာရန်ကျင့်ဝတ်တစ်ခု။ |
| မျက်နှာသာပေးမှု (Favouritism) | ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အုပ်စုတစ်ခုကို အခြားတစ်ခုထက်ပိုမို ဦးစားပေးခြင်း။ |
| မမြင်သာသော သင်ရိုးညွှန်းတမ်း (Hidden curriculum) | ကျောင်းသားများ ရည်ရွယ်မထားဘဲ သင်ယူရသောအကြောင်းအရာနှင့် ကျောင်းသားများ သင်ယူရသောသင်ရိုးမာတိကာတွင် မပါဝင်သည့် အကြောင်းအရာ။ |
| ရည်ရွယ်ထားသောသင်ရိုးညွှန်းတမ်း (Intended curriculum) | ကျောင်းသားများ စာသင်ကျောင်းတွင် အသိပညာ၊ နားလည်မှု၊ ကျွမ်းကျင်မှု၊ စံတန်ဖိုးများနှင့် စိတ်နေသဘောထားများကို နားလည် တတ်ကျွမ်းဖွံ့ဖြိုးစေရန်နှင့် သင်ကြားသင်ယူမှု ဖြစ်စဉ်များ၏ ရလဒ်ကို မည်သို့စစ်ဆေးအကဲဖြတ်မည်ဆိုသည်များနှင့် ပတ်သက်၍ နိုင်ငံအဆင့် ပညာရေးအာဏာပိုင်များနှင့် လူ့အသိုင်းအဝိုင်းကမျှော်လင့်ထားသည် များနှင့်အညီ သတ်မှတ်ထားသော တရားဝင်စာရွက်စာတမ်းတစ်ခု ဖြစ်သည်။ အများအားဖြင့် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ လမ်းညွှန်စာအုပ်များ၊ သင်ရိုးများ၊ ကျောင်းသားကိုင်စာအုပ်များ၊ ဆရာလမ်းညွှန်များ၊ အကြောင်းအရာ စစ်ဆေးမှုနှင့် စာမေးပွဲများ၊ သတ်မှတ်ချက်များ၊ ပေါ်လစီများနှင့် အခြားသော တရားဝင်စာရွက် စာတမ်းများပါဝင်သည်။ ပြင်ဆင်ထားသော သင်ရိုးညွှန်းတမ်း (သို့) တရားဝင်သင်ရိုးညွှန်းတမ်းဟုလည်း ညွှန်းဆိုကြသည်။ (UNESCO-International Bureau of Education, ၂၀၁၃, စာ. ၃၂). |
| စာရိတ္တပိုင်းဆိုင်ရာ ဗဟုဝါဒဖြစ်မှု (Moral pluralism) | မတူကွဲပြားသော လူ့အဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုများနှင့်သက်ဆိုင်ပြီး ကျင့်ဝတ်စနစ်တစ်ခုထက်ပိုသော ကျင့်ဝတ်တရားများရှိသည်ဟူသော အယူအဆ။ ယင်းအယူအဆတွင် ဘုံတူညီမှုနှင့် ဆန့်ကျင်ဘက် အချို့ ရှိနိုင်သည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| **စာရိတ္တဆိုင်ရာ ယထာဘူတကျမှု (Moral realism)** | ကျောင်းသားများ၏ အကျင့်စာရိတ္တအပေါ် နားလည်မှုသည် ရလဒ် အပေါ်တွင် အခြေခံသည့်ကျင့်ဝတ်ဖွံ့ဖြိုးမှု၏ အစောပိုင်းအဆင့်။ |
| **ကိုယ်နှုတ်အမူအရာဖြင့် ဆက်သွယ်ခြင်း (Non-verbal communication)** | စကားလုံးအသုံးမပြုဘဲ မျက်မြင်အချက်ပြမှုများနှင့် သတင်းစကား တစ်ခုကို တစ်စုံတစ်ဦးထံ ရောက်ရှိစေခြင်း။ |
| **အသွင်တူအောင်ဖန်တီးပြုလုပ်ထားသောအတွေ့အကြုံများ (Simulated experiences)** | အစစ်အမှန်အခြေအနေနှင့် တူညီအောင်ပြင်ဆင်ပြုလုပ်ထားသော အခြေအနေတစ်ခုကို ကြုံတွေ့ရင်ဆိုင်ခြင်း။ |
| **ဝင်ရောက်ဖျန်ဖြေသူများ (Upstander)** | အနိုင်ကျင့်ဗိုလ်ကျနေမှုကို မြင်တွေ့ရခြင်းကဲ့သို့သော မသမာမှုကို မြင်တွေ့ရသည့်အခါ အရေးယူဆောင်ရွက်သူတစ်ဦး။ |
| **အရေးအသားနှင့် နှုတ်ဖြင့် ပြောဆိုဆက်သွယ်ခြင်း (Verbal communication)** | လူတစ်ဦးတစ်ယောက် စကားပြောဆိုမှု သို့မဟုတ် စာရေးသားမှုပုံစံဖြင့်ဖြစ်စေ သတင်းစကားများကို မည်သို့မည်ပုံ ပေးပို့ သို့မဟုတ် ရရှိမှုပါဝင်သော အသွားအပြန် နှစ်လမ်းသွား ဆက်သွယ်မှုလုပ်ငန်းစဉ်။ |

# ကျမ်းကိုးစာရင်း


Anilkumar, P. M. (2005). *A critical study of the effectiveness of English curriculum for secondary schools of Kerala to develop moral maturity among the learners.* Department of Education, University of Calicut.

Beaudoin, M. (2011). Respect—Where Do We Start? *Educational Leadership., 69.*

Berge, A. (2008). Learning Citizenship in Democracy. In *Learning democracy: A resource book* (pp. 3–22). Balaka, Malawi: Montfort Media.

Burns, T. R., & Machado, N. (2014). *Social rule system theory: universal interaction grammars.*

Chesler, M., & Fox, R. (1966). *Role-Playing Methods in the Classroom.*

Cohen, J., Cardillo, R., & Pickeral, T. (2011). Creating a Climate of *Respect. Educational Leadership, 69.*

Cowings, J. (n.d.). Strategic Leadership and Decision Making. Retrieved from http://www.au.af.mil/au/awc/awcgate/ndu/strat-ldr-dm/pt4ch15.html

Escandell Vidal, V. (1998). Politeness: A relevant issue for relevance theory. Revista alicantina de estudios ingleses. *UN General Assembly. (1948). Universal Declaration of Human Rights (217 [III] A)., 45–67. Paris.*

Fisch, L. (1996). *Ethical dimensions of college and university teaching: understanding and honoring the special relationship between teachers and students.* San Francisco: Jossey-Bass.

Heick, T. (2015). Teaching Empathy: Are We Teaching Content or Students? Retrieved from Edutopia website: https://www.edutopia.org/blog/teaching-empathy-content-or-students-terry-heick

IDEA. (2015). English Myanmar Glossary of Democratic Terms. IDEA.

JICA. (n.d.). *Morality and Civics Primary Student Textbooks (G1 – G5).*

La, R. (n.d.). *Morality and Civic and Teaching. (Burmese).*

Lo, W. Y. (2009). Understanding and attitudes towards moral and civic education among primary school teachers in Hong Kong. *Asian Social Science,* 5(7), 3.

Mattias, M. H. (2008). *Moral Development and Moral Education: Sustainable Human Development in the Twenty-First Century (Volume 1). EOLSS Publications.*

McLaughlin, R. (n.d.). *Democracy: Teacher's Book.* Mote Oo.

Merriam-Webster. (n.d.). Civics. Retrieved March 29, 2019, from https://www.merriam-webster.com/dictionary/civics%0A

Michigan State University. (n.d.). Fairness. Retrieved from http://rise.educ.msu.edu/FAQs/FAQ-fairness.htm

Oxford Dictionaries. (2019). Morality. Retrieved from http://www.oxforddictionaries.com/definition/english/morality

Pae, U. B. (n.d.). *Morality and Civics (First Portion).* Naing Gan Taw Institute of Teacher Training.

Persaud, C. (2018). *Bloom's Taxonomy:* The Ultimate Guide. Retrieved from https://tophat.com/blog/blooms-taxonomy-ultimate-guide/

Price-Mitchell, M. (2015). Creating a Culture of Integrity in the Classroom. Retrieved from Edutopia website: https://www.edutopia.org/blog/8-pathways-creating-culture-integrity-marilyn-price-mitchell

Rodabaugh, R. C. (1996). Institutional commitment to fairness in college teaching. *New Directions for Teaching and Learning,* (17 August 2006), 37–45. https://doi.org/doi:10.1002/tl.37219966608

Stevenson University. (2017). *The Importance of Effective Communication.* Retrieved from http://www.stevenson.edu/online/blog-news-events/importance-effective-communication

Stice, J. E. (2007). T*eaching problem solving. Teachers and Students Sourcebook: Alternative Teaching Methods.*

Tin, M. (n.d.). *Citizen: The modern politician and education. (Burmese).*

Ulman, Y. (2015). *Social Ethics.* Acibadem University School of Medicine.

UNESCO. (1998). *Citizenship Education for the 21st Century.* Paris, UNESCO

UNESCO-IBE (2013). *Glossary of Curriculum Terminology.* Retrieved from http://www.ibe.unesco.org/fileadmin/user_upload/Publications/IBE_GlossaryCurriculumTerminology2013_eng.pdf

UNESCO. (1998). Citizenship Education for the 21st Century. Paris. UNESCO. Retrieved from https://www.scout.org/sites/default/files/scout_news/Citizenship%20Education%20for%20the%2021st%20Century-%20Literature.pdf

Weigle, B. (n.d.). Teaching Students Respect and Politeness. Retrieved from Classroom Caboodle website: https://classroomcaboodle.com/teacher-resource/respectful-classroom-climate/

# နောက်ဆက်တွဲများ

## လက်ကမ်းစာစောင် (၁)
## (သင်ခန်းစာ ၁.၁.၁။)

စာရိတ္တကောင်းမွန်ပြီး ယဉ်ကျေးသောသူတစ်ဦး၏ အပြုအမူနှင့် စိတ်နေသဘောထားများကား အဘယ်နည်း။

| အပြုအမူများ | စိတ်နေသဘောထားများ |
|---|---|
| | |

# လက်ကမ်းစာစောင် (၂)
# (သင်ခန်းစာ ၁.၃.၂။)

## မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိသင်ကြားသင်ယူမှုအဆင့် သုံးဆင့်

| အဆင့်များ | သင်ကြားခြင်းနှင့် သင်ယူခြင်းလုပ်ငန်းများ | အကြောင်းပြချက် |
|---|---|---|
| အဆင့် - ၁<br><br>စဉ်းစားခြင်းဖြင့် ကျင့်ဝတ် သို့မဟုတ် ယဉ်ကျေးမှုတန်ဖိုးကို သိရှိခြင်း | | |

| အဆင့်များ | သင်ကြားခြင်းနှင့် သင်ယူခြင်းလုပ်ငန်းများ | အကြောင်းပြချက် |
|---|---|---|
| အဆင့် -၂<br><br>ကျိုးကြောင်း ဆင်ခြင်ခြင်းဖြင့် ကျင့်ဝတ် သို့မဟုတ် ယဉ်ကျေးမှုတန်ဖိုးကို နားလည်ခြင်း | | |
| အဆင့် - ၃<br><br>လုပ်ဆောင်နေစဉ်နှင့် ပြန်လည်သုံးသပ်စဉ် အတွင်း ကျင့်ဝတ် တရား သို့မဟုတ် နီတိတန်ဖိုးများကို အသုံးချခြင်း | | |

# လက်ကမ်းစာစောင် (၃)
# (သင်ခန်းစာ ၂.၁.၁။)

## ကျွန်ုပ်၏လိုက်နာဆောင်ရွက်ရန်ကျင့်ဝတ်

| လက်ခံနိုင်သောအရာ | လက်မခံနိုင်သောအရာ |
|---|---|
| | |

# မှတ်စုများ

# မှတ်စုများ

# မှတ်စုများ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပညာရေးဝန်ကြီးဌာန